# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး
# စတုတ္ထနေ့ မှတ်တမ်း

၁၃၇၄ ခုနှစ်၊ ပြာသိုလဆန်း ၁၀ ရက်

( ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက် )

[ တနင်္လာနေ့ ]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး စတုတ္ထနေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီ အချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးသိန်းမော်၊ ညွှန်ကြားရေးမှူး လွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၂။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးရဲ့ စတုတ္ထနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

# အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၅။**

**ဒုတိယဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး စတုတ္ထနေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့် ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း(၂၂၂)ဦးရှိပြီး၊ ဒီကနေ့ အစည်းအဝေးကို (၂၀၁)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၉၀.၅၄) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေထက် သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

# အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်းတင်ပြခြင်း

**အချိန်။ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးရဲ့ စတုတ္ထနေ့ အစီအစဉ်ကို လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ
## ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ဒီကနေ့ခွင့်ပန်ကြားတဲ့ ကိုယ်စားလှယ်များနဲ့ ပတ်သက်ပြီးတော့ဖတ်ကြား တင်ပြပါမယ်။ ဦးစိုင်းသာစိန်၊ ကယား(၁၀)၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ဦးစိုးဝင်း၊ ဧရာဝတီ(၂)၊ ကျန်းမာရေး၊ ဦးညွန့်လှိုင်၊ ဧရာဝတီ(၄)၊ ဒေသဖွံ့ဖြိုးရေး၊ ဦးရဲမြင့်၊ ပဲခူး(၄)၊ လယ်မြေကိစ္စဖြေရှင်းရန်၊ ဒေါက်တာဝင်းမြင့်အောင်၊ စစ်ကိုင်း(၄)၊ ကျန်းမာရေး၊ ဦးဝင်းနိုင်ရှိန်၊ ပဲခူး(၅)၊ မိခင်ကျန်းမာရေး၊ ဦးဖိုးဇော်၊ ပဲခူး(၂)၊ ကျန်းမာရေး၊ ဒေါက်တာဌေးဝင်း၊ ဧရာဝတီ(၅)၊ ကျန်းမာရေး၊ ဦးမင်းဦး၊ ပဲခူး(၇)၊ ကိုယ်တိုင် ဆောင်ရွက်ရန်၊ ဦးဝီလ်ဆင်မိုး၊ ရှမ်း(၇)၊ ဒေသဖွံ့ဖြိုးရေး၊ ဒေါက်တာမြင့်နိုင်၊ စစ်ကိုင်း(၃)၊ ဇနီးကျန်းမာရေး တို့ ဖြစ်ပါတယ်။

ယခု ပန်ကြားတဲ့ ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု
## အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးရေမှာ (၂၂၂)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၉)ဦး ယနေ့ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၂)ဦး ဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း (၂၁)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ် (၂) အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ**။ ။အစီအစဉ် (၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာဖြစ်ပါတယ်။

**ဂန့်ဂေါမြို့နယ်အတွင်းရှိ ကျေးရွာပေါင်း (၃၆)ရွာအနီးမှ ဖြတ်သန်းစီးဆင်းနေသော မြစ်သာမြစ်ကြောင်း ထိန်းသိမ်းရေးအတွက် နိုင်ငံတော်မှ စီမံဆောင်ရွက်ပေးမည့် Tame River Project အစီအစဉ်ကို သိရှိလိုခြင်း နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ**။ ။ ယခု မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေ က ဂန့်ဂေါမြို့နယ်အတွင်းရှိ ကျေးရွာပေါင်း (၃၆)ရွာအနီးမှ ဖြတ်သန်းစီးဆင်းနေသော မြစ်သာမြစ်ကြောင်း ထိန်းသိမ်းရေးအတွက် နိုင်ငံတော်မှ စီမံဆောင်ရွက်ပေးမည့် Tame River Project အစီအစဉ် ကို သိရှိလိုခြင်း နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၀။**

**ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး ကြွရောက်လာသော ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များ ကျက်သရေ မင်္ဂလာ အပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော် ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှဆွေ ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းကတော့ မကွေးတိုင်း ဒေသကြီး၊ ဂန့်ဂေါမြို့နယ်အတွင်းမှာရှိတဲ့ ကျေးရွာပေါင်း (၃၆)ရွာအနီးမှ ဖြတ်သန်း စီးဆင်း နေသော မြစ်သာမြစ်ကြောင်း ထိန်းသိမ်းရေးအတွက် နိုင်ငံတော်မှ မည်သို့ စီမံဆောင်ရွက် ပေးမည့် Tame River Project အစီအစဉ် ရှိ/မရှိ သိလိုကြောင်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံဟာ မြစ်တွေ၊ ချောင်းတွေဟာ မြောက်ကနေ တောင်ကို စီးဆင်းတာ ဖြစ်သော်လည်းပဲ ဂန့်ဂေါမြို့နယ်အတွင်းမှာရှိတဲ့ မြစ်သာမြစ်ကတော့ ထူးဆန်းစွာနဲ့ တောင်က မြောက်ကို ပြောင်းပြန်စီးဆင်းတာ ဖြစ်ပါတယ်။ ဒီမြစ်ဟာ ချင်းတောင်တန်းတွေကနေ မြစ်ဖျားခံ ခဲ့ပြီးတော့ ကလေးခရိုင်၊ ကလေးမြို့အနီးမှာ ချင်းတွင်းမြစ်ထဲကို စီးဝင်တာ ဖြစ်ပါတယ်။ မြစ်ဟာ အခြားမြစ်များနဲ့စာလျှင် တိုတောင်းပြီးတော့ ဂန့်ဂေါမြို့နယ်နဲ့ ကလေးမြို့နယ်(၂)နယ်ကိုသာ ဖြတ်သန်းစီးဆင်းတဲ့အတွက် မိုးအခါမှာ ချင်းတောင်က တောင်ကျရေများကြောင့် ရေစီးသန် ပြီးတော့ နွေအခါမှာ လမ်းလျှောက်ဖြတ်ကူးလို့ရတဲ့ ရေတိမ်နေရာ အများအပြား ရှိပါတယ်။ ကျေးရွာများဟာ နွေအခါမှာ မိမိရွာနဲ့ တခြားတစ်ဖက်ကမ်းကို ရွာတွေအစီအစဉ်နဲ့ တစ်ရာသီခံ ဝါးတံတားတွေ တပျော်တပါး ထိုးကြပြီးတော့ ဆိုင်ကယ်တွေ၊ နွားလှည်းတွေ၊ ကားငယ်တွေ၊ ထော်လာဂျီတွေ ဖြတ်သန်းသွားကြပါတယ်။ သို့ပါသော်လည်း မိုးရာသီရောက်ပြီ ဆိုရင်တော့ ရေဟာ သူမဟုတ်တော့သလိုဘဲ အလွန်အရှိန်အဟုန် ကြီးမားစွာနဲ့ ဝါးလုံးထိုး စီးဆင်းပြီးတော့ စိုက်ပျိုးမြေ၊ ရွာမြေတွေကို မညှာမတာ ဖဲ့ဖြိုလေ့ရှိပါတယ်။

ယခုအခါမှာ သစ်ထုတ်လုပ်ရေးလုပ်ငန်းများကလည်း ပုဂ္ဂလိကနဲ့ အစိုးရကုမ္ပဏီကြီး တွေက အရှိန်အဟုန်နဲ့ တန်ချိန်ပေါင်း များစွာ ထုတ်လုပ်ကြလို့ ဒီ Emviormental Impect က ရေကြီးရေလျှံမှု အကျိုးဆက်ဟာ တစ်နှစ်ထက် တစ်နှစ် ပိုပြီးတော့ ခံစားလာရပါတယ်။ ရွာရဲ့

စိုက်ပျိုးမြေတွေပါသွားတာဟာ ပမာဏ ဧက ထောင်ချီပြီးများတာဖြစ်ပြီးတော့ လူနေထိုင်တဲ့ ကျေးရွာတွေကိုတော့ ချက်ချင်းတော့ ဒုက္ခ မပေးသေးပါဘူး။ လူနေထိုင်တဲ့ကျေးရွာတွေကို ကမ်းဖဲ့ပြီဆိုရင်တော့ ရွာမှာရှိတဲ့ ဘုန်းကြီးကျောင်းတွေ၊ စာသင်ကျောင်းတွေ၊ ဆေးခန်းတွေ၊ လူနေအိမ်တွေဟာ မည်သည့်ကယ်ဆယ်ရေး အထောက်အပံ့မှ မရဘဲနဲ့ မိမိအစီအစဥ်နဲ့ အလျင်အမြန် ရွှေ့ပြောင်းရပါတယ်။ မြစ်ဘေးစိုက်ခင်းများ ရေဝင်ပြီး၊ ရိတ်ပြီးသား နှမ်းအစည်းလိုက်တွေ တင်းထောင်နဲ့ချီပြီး ပါသွားဖူးတာ၊ တခြားသီးနှံတွေ ရေကြီးနစ်မြုပ်ပျက်စီးတာ ဒါ နှစ်စဥ် ရိုးနေတဲ့ ဖြစ်ရပ်ပဲ ဖြစ်ပါတယ်။

မြစ်သာမြစ် ဖြတ်သန်းစီးဆင်းသွားတဲ့ ရွာပေါင်း(၃၆)ရွာလောက်မှာ အဆိုးဝါးဆုံး အန္တရာယ်နဲ့ ရင်ဆိုင်နေရတဲ့ ရွာတွေကတော့ အညာတောရွာ ဘုန်းကြီးကျောင်းနဲ့ (၂)ပေသာ ကွာပါတော့တယ်။ မြင်းဇာရွာ ရွာဘေးကပ်လျက် ရှိနေပါပြီ၊ နောက် အနောက်ဂန့်ဂေါ၊ ကျော်ရွာ ၊ မောက်၊ ကန် ၊ ကန်ဆို အဆိုးဆုံး တွေ့ကြုံနေရပါတယ်။ နောက် ဘော်ပြင်း၊ နှမ်းခါး ၊ နှမ်းခါးဆိုရင် အခု မြင်ရတဲ့ တင်ပြပါ နှမ်းခါးဆိုရင် ဒါ အိမ်ခြေ ၂၀၀ ကျော် ရွှေ့ပြီးသွားပြီ။ မိမိအစီအစဥ်နဲ့ မိမိရွှေ့တယ်။ လက်ရှိဘုန်းကြီးကျောင်းက ပါတော့မယ်။ ဘုန်းကြီးကျောင်းက ဆောက်ပြီးတာ မကြာသေးဘူး။ ဒါပေမဲ့ ဘုန်းကြီးကျောင်းကို ခြိမ်းခြောက်နေပြီ ဖြစ်ပါတယ်။ နောက် မြောက်ခင်ရမ်းရွာဆိုရင်လည်း စိုက်ပျိုးမြေ သုံးပုံနှစ်ပုံလောက်ဟာ ဒါရေထဲကိုပါသွားပြီ ဖြစ်ပါတယ်။ ဝင်ဝရွာဆိုရင် စာသင်ကျောင်းပဲ ချန်ထားခဲ့ပြီးတော့ ရွာလုံးကျွတ် ရွှေ့သွားပြီး ဖြစ်ပါတယ်။ စာသင်ကျောင်းကတော့ ရွှေ့ဖို့ရန် တင်ပြထားဆဲ ဖြစ်ပါတယ်။ အဲဒီလိုမျိုး ဂန့်ဂေါနယ်ထဲကနေ စီးသွားပြီးတော့ ကလေးနယ်ထဲကို ရောက်ရင်တော့၊ ကလေးနယ်ထဲကိုတော့ ကျွန်တော် သွားပြီးတော့ မကြည့်ရှုနိုင်ပါဘူး။

အဲဒီတော့ ကျွန်တော့်အနေနဲ့ တင်ပြလိုတာကတော့ ဒီလို Tame River Project လုပ်တဲ့အခါမှာ အစိုးရရယ်၊ ဒေသအာဏာပိုင်ရယ်၊ ပြည်သူရယ် ပူးပေါင်းပြီးတော့ Community System Tame River Project လုပ်ရင် ပိုပြီး အဆင်ပြေမယ်လို့ ကျွန်တော့်အနေနဲ့ ထင်မြင်ယူဆပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီပြည်သူတွေဟာ သူတို့ရဲ့ ကမ်းကို နည်းနည်းမှ နောက်ထပ် ဖဲ့သွားတာကို မလိုလားတော့တဲ့အတွက်ကြောင့် သူတို့ဟာ ကိုယ်တိုင် ဒါကို ထိန်းသိမ်းချင်တယ်။ ကိုယ်တိုင် ထိန်းသိမ်းချင်တဲ့အခါကျတော့ မြစ်၊ ချောင်း၊ ဖြိုးက

ပညာရှင်တွေက လာရောက်ပြီးတော့ နည်းပညာအကူအညီနဲ့ ဝန်ကြီးဌာနဆိုတာ ကျွမ်းကျင်သူပေါ့။ ကျွမ်းကျင်သူ နည်းပညာ အကူအညီ ပေးမယ်။ ဒေသအာဏာပိုင်တွေက လုပ်ပိုင်ခွင့် ပေးမယ်။ ပြည်သူတွေကျတော့ သဲတွေ၊ ကျောက်တွေ၊ လုပ်အားတွေ ပေးလို့ရတယ်။ ဘေးမှာ ကျွန်တော်တို့ ပိုင်တိုင်တွေ ရိုက်လို့ရတယ်။ အဲဒါမျိုးဆောင်ရွက်မယ်ဆိုရင် နိုင်ငံတော် ဘတ်ဂျက်လည်း ကုန်ကျစရိတ်သက်သာမယ်။ ရွာသူရွာသားတွေလည်း နောက်ထပ် ကမ်းမပြိုတော့တဲ့ အနေအထားကို တွေ့ရမှာ ဖြစ်တယ်။ အဲဒါကို အသေအချာလေး စီမံချက်ချပြီးတော့၊ လာရောက်ပြီးတော့၊ ကျွမ်းကျင်သူတွေက ကြည့်ပြီးတော့ ဆောင်ရွက်ပေးမယ်ဆိုရင် တော်တော်လေး အဆင်ပြေမှာ ဖြစ်ပါတယ်။ ကျွန်တော် အဲဒီလို ထင်မြင်ယူဆပါတယ်။

ပြီးခဲ့တဲ့မိုးတွင်းမှာ အညာတောရွာဆိုရင် ဒါ ဘုန်းကြီးကျောင်းနဲ့ (၂)ပေပဲ ကွာပါတော့တယ်။ နောက် Slide Show လေးတစ်ခု ပြပေးပါမယ်။ ဘုန်းကြီးကျောင်းနဲ့ (၂)ပေပဲ ကွာတော့တဲ့အခြေအနေမှာ ဒါကတော့ Imidation Action ယူရမယ့်အတွက်ကြောင့် ကျွန်တော့်အနေနဲ့ တိုင်းဒေသကြီး ဝန်ကြီးချုပ်ကနေတစ်ဆင့် မကွေးတိုင်းမှာ ရှိတဲ့ မြစ်ချောင်းဖြိုး ဦးစီးဌာနကို ပညာရှင် စေလွှတ်ပေးပါ။ ကျွန်တော်တို့ Bulldozer အလကားထိုးပေးမယ့် ပုဂ္ဂိုလ်လည်း ရှိတယ်။ Bulldozer နဲ့ ဒီ Omega Shade ဖြစ်နေတာကို နည်းနည်းလေး ရွှေ့လိုက်လို့ရှိရင် ကမ်းပြိုတာ သက်သာသွားမယ်။ ဒါကြောင့်မို့လို့ အဲဒါ ကျွမ်းကျင်သူပညာရှင် လွှတ်ပေးပါဆိုတော့၊ လာရောက်တဲ့ပညာရှင်က သူက ကူညီဖို့နေနေသာသာ မင်းတို့ ဒီမြစ်ချောင်းတွေဆိုတာ ထိလို့မရဘူး။ ငါတို့ ဓာတ်ပုံရိုက်ပြီးပြီ။ ကျောက်ခဲတစ်လုံးမှ မရွှေ့စေနဲ့ဆိုပြီးတော့ အဲဒီလိုပြောပြီး ပြန်သွားတယ်။ ကျွန်တော်တို့က အမှန်တော့ ဒေသက ဘယ်လိုလုပ်သင့်တယ်ဆိုတာ ဒါဆိုရင် ဒီမှာဆိုရင် ဘုန်းကြီးကျောင်းက အင်မတန် ကပ်နေပြီ ဖြစ်ပါတယ်။ ဒါမျိုးတွေ ဖြစ်နေတဲ့အခါမှာ ကျွန်တော်တို့က Community System နဲ့ Tame River Project လုပ်မယ်ဆိုရင် ဒေသပြည်သူကလည်း ပါမယ်။ ဘေးနားမှာ သဲတွေ၊ ကျောက်တွေက ဝယ်စရာ မလိုဘူး။ အဲဒီကနေ ကျွန်တော်တို့ လုပ်အားနဲ့ ဆောင်ရွက်မယ်။ ဒေသအာဏာပိုင်က လုပ်ပိုင်ခွင့် ပေးမယ်။ ဝန်ကြီးဌာနက ကျွမ်းကျင်သူနဲ့ မဖြစ်မနေ ဝယ်ရမယ့်၊ သုံးရမယ့် ဘတ်ဂျက်လေးပဲ အနည်းငယ် သုံးမယ်ဆိုရင် ကျွန်တော်တို့ မြစ်ကြောင်း တစ်လျှောက်ဟာ တော်တော်လေး တည်ငြိမ်သွားမယ်လို့ ယူဆအပ်ပါတယ်။

နိုင်ငံတော်ဟာ ပြည်သူများရဲ့ စားဝတ်နေရေးနဲ့ စည်းစိမ်ခနဥစ္စာကို တည်ငြိမ်အောင်၊ တိုးတက်အောင် ဖော်ဆောင်ပေးဖို့ တာဝန်ရှိတယ်။ အခြေခံဥပဒေ ၃၅၆ အရလည်း ဒါတွေကို ကာကွယ်စောင့်ရှောက်ရမယ်လို့ ပါဝင်ပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ တည်ငြိမ်တဲ့ စီးပွားရေး အခြေအနေဖြစ်အောင်၊ စိုက်ပျိုးထုတ်လုပ်ရတဲ့မြေတွေ တည်တည်ငြိမ်ငြိမ်နဲ့ တောင်သူများ လက်ဝယ် ပိုင်ဆိုင်ဖို့ လိုသလို အိုးအိမ်တွေ၊ စာသင်ကျောင်းတွေ၊ ဘုန်းကြီးကျောင်းတွေ၊ စေတီပုထိုးတွေ၊ သာသနိက အဆောက်အဦတွေကိုလည်း သဘာဝဘေးက တားဆီးနိုင်အောင် ကြိုတင်စီမံပေးဖို့ တာဝန်ရှိတယ်လို့ ကျွန်တော့်အနေနဲ့ ယူဆပါတယ်။

မြစ်သာမြစ်ဟာ အခြားမြစ်ကြီးများလို ကြီးမားကျယ်ပြန့်ခြင်း မရှိတဲ့အတွက် ပိုင်ပိုင်နိုင်နိုင် ဆောင်ရွက်နိုင်ပြီးတော့ ဒီလို Tame River လုပ်ရာမှာလည်း ဘတ်ဂျက်ရန်ပုံငွေ အထိုက်အလျောက်သာ ကုန်ကျမယ်လို့ ထင်မြင်ယူဆပါတယ်။ အချို့နေရာမှာ Buldozer နဲ့ ရေလမ်းကြောင်း လွှဲပေးလိုက်တာနဲ့ ကမ်းပြိုမှုကို တားဆီးနိုင်မယ့် နေရာတွေ အများအပြား ရှိပါတယ်။ ဒီမြစ်ကလေးရဲ့ မြစ်ကြောင်းထိန်း အစီအစဥ်ကို စံနမူနာပြ ပြုလုပ်ပြီး၊ အတွေ့အကြုံရယူပြီးတော့ အခြားမြစ်ကြီးတွေဖြစ်တဲ့ ဧရာဝတီတို့၊ ချင်းတွင်းတို့ စသည့် မြစ်ကြီးတွေကိုသွားပြီးတော့ ဆောင်ရွက်မယ်ဆိုရင်လည်း ဝန်ကြီးဌာနအနေနဲ့ ကောင်းမွန်တဲ့ သင်ခန်းစာတွေ ရရှိဖော်ထုတ်နိုင်လိမ့်မယ်လို့ ထင်မြင်ယူဆပါတယ်။

အဲဒါကြောင့်မို့လို့ အထက်ပါမေးခွန်းဖြစ်တဲ့ ဂန့်ဂေါမြို့နယ်အတွင်းမှာရှိတဲ့ ကျေးရွာ များအနီးမှာ ဖြစ်သန်းစီးဆင်းနေတဲ့ မြစ်သာမြစ်ကြောင်းကို နိုင်ငံတော်မှ မည်ကဲ့သို့ စီမံ ဆောင်ရွက်ပေးမယ့် Tame River Project အစီအစဥ် ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်း တင်ပြရင်; နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ**။ ။မေးခွန်းနဲ့ပတ်သက်ပြီးတော့ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၃။**

**ဦးဟံစိန် (ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သ အပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ ပို့ဆောင်ရေးဝန်ကြီးဌာနက ဒုတိယဝန်ကြီး ဦးဟံစိန် ဖြစ်ပါတယ်။

ယခု ကျွန်တော် ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)ရဲ့ ဂန့်ဂေါမြို့နယ်အတွင်းရှိ ကျေးရွာပေါင်း (၃၆)ရွာအနီးမှ ဖြတ်သန်းစီးဆင်းနေသော မြစ်သာ မြစ်ကြောင်းထိန်းသိမ်းရေးအတွက် နိုင်ငံတော်မှ စီမံဆောင်ရွက်ပေးမည် Tame River Project အစီအစဉ်ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့မေးခွန်းကို ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ မြစ်သာမြစ်ဟာ ဆိုလို့ရှိရင် လွှတ်တော်ကိုယ်စားလှယ်ကြီး ခုန တင်ပြခဲ့သလိုပဲ ချင်းတောင်တန်းဒေသနဲ့ မကွေးတိုင်းဒေသကြီး ထီးလင်းမြို့နယ်မှာ မြစ်ဖျား ခံပြီးတော့ ချင်းတွင်းမြစ်ဝကနေ ၃၂၀ ကီလိုမီတာအကွာမှာ ရှိတဲ့ ကလေးဝမြို့အနီးမှာရှိတဲ့ ချင်းတွင်းမြစ်အတွင်းကို စီးဝင်တာ ဖြစ်ပါတယ်။ မြစ်သာမြစ်ရဲ့ အလျားဟာ ကီလိုမီတာ ၃၀၀ ခန့် ရှိပြီးတော့ ရေဆင်းဧရိယာက စတုရန်းကီလိုမီတာ နှစ်သောင်းခွဲကျော် ရှိပါတယ်။ မြစ်ကြောင်းအကျယ်ကတော့ ပေ ၂၀၀ ကနေ ပေ ၆၀၀ အတွင်းမှာ ရှိပါတယ်။ မြစ်ကြောင်း တစ်လျှောက်မှာ မြစ်အရှည် အလျား ၁၀၀ မီတာမှာ ၀.၁၂၂ မီတာခန့် နိမ့်ဆင်းတဲ့အတွက် မြစ်ကြမ်းပြင် လျှောစောက်များပြားပါတယ်။

မိုးရာသီကာလရေများချိန်မှာဆိုလို့ရှိရင် ရေထုထည်များပြားစွာ စီးဆင်းခြင်း၊ ရေစီးအလျဉ် များပြားခြင်း၊ မြစ်အကျယ်ကျဉ်းပြောင်းခြင်းနှင့် မြစ်ကြမ်းပြင် မြေသားမှာ ကျောက်သားများ ဖြစ်ခြင်းတို့ကြောင့် မြစ်ကမ်းပါးများအား ရေတိုက်စားမှု ဖြစ်ပေါ်ရခြင်း ဖြစ်ပါတယ်။ မြစ်ကြောင်းတစ်လျှောက် မြစ်ကွေ့များ များပြားသဖြင့် မြစ်ကွေ့ရဲ့ အပြင်ဘက်ခြမ်းမှာရှိတဲ့ ကျေးရွာများမှာ ရေတိုက်စားမှုဒဏ် ပိုမိုခံရပါတယ်။ နွေရာသီ ရေနည်းကာလများမှာတော့ မြစ်အတွင်း ရေအနက်က မီတာဝက်ခန့်သာ ရှိတဲ့အတွက် ဒေသသုံးစက်လှေများ၊ ပဲ့တောင်များသာ သွားလာနိုင်ပါတယ်။ ကလေးဝမြို့ရဲ့ ချင်းတွင်းမြစ်

စိုးရိမ်ရေအမှတ်ဖြစ်တဲ့(၁၅၅၀)စင်တီမီတာထက်ကျော်လွန်တဲ့ အချိန်တွေမှာသာ ရေယာဉ်ကြီးတွေ ဖြတ်သန်း သွားလာနိုင်ပါတယ်။

မြစ်သာမြစ်ရဲ့ အဖျားပိုင်း ဂန့်ဂေါမြို့နယ် ပြင်သာရွာအနီး၊ မြစ်သာမြစ်ပေါ်မှာ ပြင်သာရေလှောင်တမံကိုလည်းကောင်း၊ မြစ်သာမြစ်ရဲ့မြစ်လက်တက်ဖြစ်တဲ့ မြောက်ခင်ရမ်းချောင်းပေါ်မှာ မြောက်ခင်ရမ်းဆည်အားလည်းကောင်း တည်ဆောက်လျက် ရှိပါတယ်။ ဒါ့အပြင် တောင်ခင်ရမ်းချောင်းပေါ်မှာလည်း တောင်ခင်ရမ်းဆည်ကို တည်ဆောက် ပြီးဖြစ်ပါတယ်။ တည်ဆောက်ဆဲဆည်များ ပြီးမယ်ဆိုပါက မြစ်အတွင်းစီးဆင်းတဲ့ ရေထုထည်ကို ထိန်းချုပ်နိုင်မှာဖြစ်ပြီးတော့ ကမ်းပြိုမှုကိုလည်း တတ်နိုင်သမျှလျော့နည်းစေမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနဟာ မြန်မာနိုင်ငံအတွင်းရှိမှာတဲ့ ရေကြောင်းသွားလာရေးကို အဓိက အသုံးပြုတဲ့ မြစ်ကြီး(၂)ခုကိုသာ ရေလမ်းကြောင်း ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းဘဏ္ဍာငွေတောင်းခံ ချထားပေးလျက် ရှိပါတယ်။ ဒီ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှစပြီးတော့ မြန်မာနိုင်ငံအတွင်းမှာ ရှိတဲ့ အခြားမြစ်ချောင်းတွေ ရေတိုက်စားမှုကြောင့် ကမ်းပြိုမှု ကာကွယ်ရေးလုပ်ငန်းတွေကိုတော့ သက်ဆိုင်ရာ တိုင်းဒေသကြီးရဲ့ ရန်ပုံငွေတွေမှာ ထည့်သွင်းရေးဆွဲ ဆောင်ရွက်စေလျက် ရှိပါတယ်။

ဒါကြောင့်မိုလို့ လွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေ မေးမြန်းထားတဲ့ ဂန့်ဂေါမြို့နယ်အတွင်းမှာရှိတဲ့ ကျေးရွာများ ကမ်းပြိုတာကို ကျွန်တော်တို့ ခုန သက်ဆိုင်ရာ ကျွန်တော်တို့ဆီက သွားစစ်ဆေးပြီးတော့ ပြောတယ်ဆိုတာလည်း ကျွန်တော် ကြားရတာလည်း စိတ်မကောင်းပါဘူး။ အဲဒီတော့ ကျွန်တော်တို့ ဒီကဦးစီးဌာနက တာဝန်ရှိတဲ့သူတွေလည်း ထပ်မံလွှတ်ပါမယ်။ မကွေးတိုင်းဒေသအတွင်းမှာရှိတဲ့ တိုင်းတာဝန်ခံလည်း ဒါထပ်ပြီးတော့၊ ညွှန်ကြားပြီးတော့ ကွင်းဆင်းစစ်ဆေး ဆောင်ရွက်စေပါမယ်။ အဲဒီရတဲ့ အစီအမံတွေအတိုင်း ကျွန်တော်တို့ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ခုန သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့တွေနဲ့ စီစဉ်ပြီးတော့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ Project ကြီးဖြစ်တဲ့ Tame River Project အစီအစဉ်ကိုတော့ ကျွန်တော်တို့ ဝန်ကြီးဌာန ရန်ပုံငွေအရ ဆောင်ရွက်နိုင်ခြင်း မရှိသေးကြောင်း ဖြေရှင်းတင်ပြအပ်ပါတယ်။

**အချိန်၊ ၁၀း၁၆။**

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ် နှစ်ဦးက မေးမြန်းတဲ့ မေးခွန်းတွေဟာ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမည့် မေးခွန်းတွေ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားဖို့ ဖြစ်ပါတယ်။

**သာစည် မြို့နယ်အတွင်းရှိ ညောင်တို - သမန်းကန် - ပေါက်တော လမ်းအား ရာသီမရွေး သွားလာနိုင်သည့် ကျောက်ချောလမ်းခင်းပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၆။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ မန္တလေးတိုင်း ဒေသကြီး မဲဆန္ဒနယ် အမှတ် (၁၂) မှ ဦးဌေးမောင်ကသာစည်မြို့နယ်အတွင်းရှိ ညောင်တို - သမန်းကန် - ပေါက်တော လမ်းအား ရာသီမရွေး သွားလာနိုင်သည့် ကျောက်ချောလမ်းခင်းပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၇။**

**ဦးဌေးမောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များ၊ ကိုယ်စားလှယ်တော်ကြီးများ အားလုံး ကိုယ်စိတ်နှစ်ဖြာ စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဌေးမောင် ဖြစ်ပါတယ်။ ကျွန်တော်မေးရမယ့် မေးခွန်းကတော့ သာစည်မြို့နယ်အတွင်းရှိ ညောင်တို - သမန်းကန် - ပေါက်တော လမ်းအား ရာသီမရွေး သွားလာနိုင်တဲ့ ကျောက်ချောလမ်းခင်းပေးရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့ မေးခွန်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ သာစည်မြို့နယ်ရဲ့ အနောက်ဖက် (၃)မိုင်အကွာ မိတ္ထီလာ-တောင်ကြီး လမ်းမကြီးရဲ့ တောင်ဘက် ညောင်တိုအုပ်စု၊ သမန်းကန်အုပ်စု၊ ပေါက်တောအုပ်စု၊ ဆင်ဝင်အုပ်စု၊ အင်းရွာအုပ်စုများကို ဆက်သွယ်

ထားသောလမ်းဟာ မြေသားလမ်းဖြစ်ပါတယ်။ ၎င်းကျေးရွာများအထဲမှ သမန်းကန်ကျေးရွာဟာ တောင်ရွာနဲ့ မြောက်ရွာဆိုပြီး ရှိပါတယ်။ အဲဒီ တောင်ရွာနဲ့ မြောက်ရွာဟာ မင်းလှကန်ရဲ့ ကန်နယ်နိမိတ်အတွင်းမှာ ကျရောက်တဲ့အတွက်ကြောင့် မိုးတွင်းကာလမှာဆိုလို့ ရှိရင် တောင်ရွာနဲ့ မြောက်ရွာကို လှေဖြင့်သာ ဆက်သွယ်ရပါတယ်။

ယခုအခါ သမန်းကန်မြောက်ရွာနဲ့ ညောင်တိုအုပ်စုဆက်သွယ်တဲ့ မြေသားလမ်းပိုင်း (၂)မိုင် ကျော်ကျော်ခန့်ကိုလည်းကောင်း၊ သမန်းကန်တောင်ရွာနဲ့ ပေါက်တောကျေးရွာဆက်သွယ်ထားတဲ့ မြေသားလမ်း (၁)မိုင်ကျော်ကျော်ခန့်ကိုလည်းကောင်း၊ ကျေးရွာ ပြည်သူလူထုရဲ့ လုပ်အားနဲ့ အလှူရှင်များရဲ့အကူအညီပေါင်းပြီးတော့ မြေသားလမ်းကို (၅)ပေအထိ မြှင့်တင်ဆောင်ရွက်ထားပါတယ်။ လိုအပ်တဲ့နေရာများမှာလည်း ရေဝင်/ရေထွက် ကောင်းမွန်စေရေးအတွက် အုတ်တံတားများ၊ သစ်သားတံတားများကို တပ်ဆင်နိုင်ခဲ့ပြီး စုစုပေါင်းကုန်ကျငွေ သိန်း(၁၅၀)ခန့် ရှိကြောင်း သိရှိရပါတယ်။ သို့အတွက် ၎င်း မြေသားလမ်းအား ရာသီမရွေး သွားလာနိုင်ရန်၊ ကျောက်ချောလမ်းခင်းပေးရန် လိုအပ်လျက်ရှိပါတယ်။ ဒါ့အပြင် ညောင်တိုအုပ်စုမှ မိတ္ထီလာ- တောင်ကြီး လမ်းမသို့ ဆက်သွယ်တဲ့ လမ်းဟာလည်း (၆)ဖာလုံ ကျော်ကျော်ခန့် ရှိပါတယ်။ အဲဒီလမ်းမှာ ကျွန်တော်တို့ ကျောက်ချောလမ်းခင်းပေးထားသော်လည်း အချို့နေရာများမှာ ပျက်စီးယိုယွင်းလျက် ရှိပါတယ်။ ၎င်းလမ်းအပိုင်းအားလည်း ကျောက်ချောလမ်းခင်းပေးရန် လိုအပ်လျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ သာစည်မြို့နယ်အတွင်းမှာရှိတဲ့ ကျွန်တော်တို့ ဒီ တောင်ကြီးနဲ့ မိတ္ထီလာလမ်းနဲ့ ညောင်တို ဆက်သွယ်တဲ့ အကြား၊ ညောင်တိုနဲ့ သမန်းကန်မြောက်ရွာ ဆက်သွယ်မှုလမ်း၊ နောက်ပြီး သမန်းကန်တောင်ရွာနှင့် ပေါက်တောလမ်း ဆက်သွယ်တဲ့ လမ်းအား ကျောက်ချောလမ်းအဖြစ် ခင်းပေးနိုင်ရန် အစီအစဉ် ရှိ/မရှိကို ကျွန်တော်တို့ ကျေးရွာပြည်သူများက သိရှိလိုပါသဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးသို့ မေးမြန်းအပ်ပါတယ်ခင်ဗျား။

**အနှေးယာဉ်(ဆိုက်ကား)လိုင်စင်များ ထပ်မံချထားပေးခြင်း မရှိသဖြင့် ဆင်းရဲနွမ်းပါးမှု ပပျောက်ရေးအတွက် အနှေးယာဉ်လုပ်သားများ၏ အလုပ်အကိုင်အခွင့်အလမ်း နှင့် ဘဝ အဆင့်အတန်းအတွက် စီမံဆောင်ရွက်ပေးမည့် အစီအစဉ်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာ မြတ်ဉာဏစိုး က အနှေးယာဉ်(ဆိုက်ကား)လိုင်စင်များ ထပ်မံချထားပေးခြင်း မရှိသဖြင့် ဆင်းရဲနွမ်းပါးမှု ပပျောက်ရေးအတွက် အနှေးယာဉ်လုပ်သားများ၏ အလုပ်အကိုင် အခွင့်အလမ်းနှင့် ဘဝအဆင့်အတန်းအတွက် စီမံဆောင်ရွက်ပေးမည့် အစီအစဉ်ကို သိရှိလိုခြင်း နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၅။**

**ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစား ရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး၊ ယနေ့အစည်းအဝေးကို ကြွရောက်လာကြတဲ့ ပြည်ထောင်စုဝန်ကြီးနဲ့ ဒုတိယဝန်ကြီး များအားလုံး မင်္ဂလာပါလို့ ရှေးဦးစွာ နှုတ်ခွန်းဆက်သ အပ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီး ခင်ဗျား။

ရန်ကုန်စီးပွားရေးမြို့တော်မှာရှိတဲ့ အနှေးယာဉ် ဆိုက်ကား အရေအတွက်ဟာ အခြားအခြားသော မြို့တွေထက် ပမာဏလွန်စွာကို များပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ရန်ကုန်မြို့မှာရှိတဲ့ လူဦးရေ(၆)သန်း လောက်အတွက် ဒီအနှေးယာဉ်ဆိုက်ကားတွေဟာ ရှိနေတာ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ သူတို့ရဲ့ ပမာဏများသလို၊ ဒီ အနှေးယာဉ်လုပ်သား တွေရဲ့ အနောက်မှာ မှီခိုနေရတဲ့ ဘဝတွေဟာလည်း ဦးရေအားဖြင့် အင်မတန်မှ များပြား ပါတယ်။ ဒီအနှေးယာဉ်လုပ်သားတွေဟာဆိုရင် တစ်နေ့လုပ်မှ တစ်နေ့စားရတဲ့ လုပ်သားတွေ ဖြစ်ပါတယ်။ သူတို့အပေါ်မှာ ရပ်တည်ပြီးတော့ မှီခိုနေရတဲ့ မိသားစုတွေအတွက်ကို ရုန်းကန်လှုပ်ရှားပြီးတော့ ခွန်အားနဲ့ ရှာဖွေပြီးတော့ မိသားစုဝင်ငွေကို ရှာပေးနေရတဲ့ ပုဂ္ဂိုလ်တွေဖြစ်ပါတယ်။ ဒါပေမယ့်လည်း တစ်ဖက်ကပြန်ကြည့်လျှင် ရန်ကုန်မြို့တော်ကြီးကို

နိုင်ငံတကာမြို့တော်တွေလို ဖြစ်လာအောင် နိုင်ငံတကာမြို့တော်တွေမှာ လည်း ဒီလို မိမိရဲ့ ခွန်အားကိုစိုက်ထုတ်ပြီးတော့ အသုံးချရတဲ့ ဒီ ဆိုက်ကားလိုမျိုး၊ ချယ်ကာရီလိုမျိုး၊ လန်ချား လိုမျိုး ဒါတွေဟာ တစ်ဖြည်းဖြည်း၊ တစ်ဖြည်းဖြည်းနဲ့ အကန့်အသတ်နဲ့ လျော့ချလာတဲ့ အစီအစဉ်တွေ ရှိပါတယ်။

အခု ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာတော့ လျော့ချတာ မဟုတ်ပေမယ့် လိုင်စင် အသစ်တွေကို ထပ်မံထုတ်မပေးတော့ပါဘူး။ ဒါကလည်း မြို့တော်အင်္ဂါရပ်နဲ့ ညီညွတ် အောင်ဆောင်ရွက်တာ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒါ ကောင်းမွန်တဲ့ အစီအစဉ် ဖြစ်ပါ တယ်။ ဒါပေမယ့် ဒီမှာဘာပြဿနာက ရှိလာပါသလဲဆိုတဲ့အခါကျတော့ လိုင်စင် လက်ဝယ် ရှိတဲ့ဆိုက်ကားနဲ့ လိုင်စင်မရှိဘဲနဲ့ Without လိုင်စင်နဲ့ သူတို့ရဲ့စားဝတ်နေရေးအတွက် ထွက်ပြီးတော့ဆွဲရတဲ့ ဆိုက်ကားရယ်ဆိုပြီးတော့ ဖြစ်လာပါတယ်။ အဲဒီတော့ ဒီ အနေ့းယာဥ် လုပ်သားအချင်းချင်းကြားမှာလည်း ပဋိပက္ခတွေ ဖြစ်လာပါတယ်။ နောက်ပြီးတဲ့အခါ ကျတော့ ဒီလိုင်စင်မဲ့ ဆိုက်ကားတွေ အနေနဲ့ သူတို့မှာ ဝမ်းရေးအတွက်သာ ဒီဆိုက်ကားကို ထွက်ပြီးတော့ ဆွဲရတာ ဖြစ်ပါတယ်။ လိုင်စင်လည်း မရှိတဲ့အခါကျတော့ ကျီးလန့်စာ စားဆွဲရတယ်။ ဖမ်းဟယ်၊ ဆီးဟယ် ဒီလိုတွေလည်း ဒုက္ခရောက်ပါတယ်။ ရှိပါတယ်ခင်ဗျား။ အဲဒီအတွက်ကြောင့်မို့လို့ နိုင်ငံတော်ကလည်း အခုအခါက ဆင်းရဲနွမ်းပါးမှု ပပျောက်ရေး အတွက် အစီအမံတွေ ချမှတ်ပြီးတော့ ဆောင်ရွက်နေတာကို အားလုံးအသိပဲ ဖြစ်ပါတယ်။

အဲဒီတော့ ဒီလိုဝင်ငွေ အနိမ့်ဆုံး၊ ဝင်ငွေ အနည်းဆုံး လူတန်းစားတွေဖြစ်တဲ့ သူတို့ရဲ့ ပမာဏဟာလည်း မသေးလှတဲ့ ရန်ကုန်မြို့မှာရှိတဲ့ ဒီ အနေ့းယာဥ်လုပ်သားတွေ အတွက် ဆင်းရဲနွမ်းပါးမှု ပပျောက်ရေး အတွက် သီးခြားဆောင်ရွက်ပေးမယ့် အစီအစဉ်တွေ ရှိပါ သလား။ သူတို့အတွက် ဒီလိုင်စင်တွေကို ထပ်မံခွင့်မပြုတော့ဘူးဆိုရင် သူတို့ရဲ့ အလုပ်အကိုင်အခွင့်အလမ်းနဲ့ ဘဝအဆင့်အတန်းအတွက် သီးခြားစီမံဆောင်ရွက်ပေးမယ့် အစီအစဉ်တွေကော ရှိပါသလားဆိုတာကို အနေ့းယာဥ်လုပ်သားကြီးတွေရဲ့ ကိုယ်စား ဥက္ကဋ္ဌကြီးထံမှတစ်ဆင့် လေးလေးစားစား မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါ တယ်။

**အချိန်၊ ၁၀း၂၉။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၉။**

**ဗိုလ်ချုပ်ဇော်ဝင်း(ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်း တောင်းရင်းနဲ့ လေးစားစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးဗိုလ်ချုပ်ဇော်ဝင်း ပဲ ဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒအမှတ်(၁၂) အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီး ဦးငွေမောင် ၏ မေးခွန်းကို ယခု ပြန်လည်ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်တော်ကြီးရဲ့ မေးခွန်းမှာ သာစည်မြို့နယ်၊ ညောင်တို-သမန်းကန်-ပေါက်တောလမ်းအား ရာသီမရွေးသွားလာနိုင်ပြီး ကျောက်ချောလမ်း ခင်းပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းဖြစ်ပါတယ်။ သာစည်မြို့နယ်၊ ညောင်တို-သမန်းကန်-ပေါက်တောကျေးလက်လမ်းအရှည် (၅)မိုင်၊(၄)ဖာလုံမှာ တောင်ကြီး-မိတ္ထီလာ ကားလမ်းမကြီးမှ ကွမ်းခြံရိုးအထိ ဆောင်ရွက်ပြီးတော့ ကျောက်ချောလမ်း (၁)မိုင်၊ ညောင်တို-သမန်းကန်-မင်းလှကန်ဆည် ဘောင်ထိပ်လမ်းပိုင်း မြေသားလမ်း(၃)မိုင်၊ မင်းလှကန်ဆည်ဘောင်-ပေါက်တောလမ်းပိုင်း (၁)မိုင်၊ (၄)ဖာလုံ တို့ပါဝင်ပါတယ်။ အဆိုပါ လမ်းပိုင်းအနက်မှ မင်းလှကန်ဆည်ဘောင်-ပေါက်တောလမ်းပိုင်း(၁)မိုင်(၄)ဖာလုံဟာ မင်းလှကန် ဆည်ဘောင်လမ်းဖြစ်တဲ့အတွက် လမ်းအဆင့်မြှင့်တင်ပေးရန် မလိုအပ်သေးဘဲ ဆောင်ရွက်ရန်ကျန်ရှိတဲ့ ညောင်တို-သမန်းကန်မြေသားလမ်း(၃) မိုင်အား ရာသီမရွေးသွားလာနိုင်သော ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ရန်အတွက် ကျပ်ငွေ (၈၄.၆)သန်း ကုန်ကျမှာ ဖြစ်ပါတယ်။

အဆိုပါလမ်းဟာလည်း ကျေးရွာ(၇)ရွာမှ အိမ်ခြေ(၉၀၀)ကျော်နဲ့ လူဦးရေပေါင်း (၅၀၀၀)ကျော်ကို အကျိုးပြုနိုင်တဲ့ လမ်းဖြစ်တဲ့အတွက် ညောင်တို-သမန်းကန်-ပေါက်တော ကျေးလက်လမ်းအား သာစည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ရဲ့ ကျေးလက်လမ်းအဆင့် မြှင့်တင်ခြင်း နှစ်ရှည် စီမံကိန်းမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ကျောက်ချောလမ်း (၁)မိုင်၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ကျောက်ချောလမ်း(၂)မိုင် ဆောင်ရွက်ပေးရန် လျာထားပြီးဖြစ်ပါကြောင်း သိရပါတယ်။ ကျေးလက်လမ်းအဆင့်မြှင့်တင်ရေးအတွက် လိုအပ်တဲ့ လမ်း၊ တံတားများရှိပါကလည်း ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ဆက်လက်ကူညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၄) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာမြတ်ဉာဏစိုး ရဲ့ မေးမြန်းချက်ကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ကိုယ်စား ပြန်လည်ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ မေးခွန်းမှာ အငှားယာဉ်ဆိုက်ကားလိုင်စင်များ ထပ်မံချပေးထားခြင်း မရှိသဖြင့် ဆင်းရဲနွမ်းပါးမှု ပပျောက်ရေးအတွက် အငှားယာဉ် လုပ်သားများ၏ အလုပ်အကိုင် အခွင့်အလမ်းနှင့် ဘဝ အဆင့်အတန်းများအတွက် စီမံဆောင်ရွက်ပေးသည့် အစီအစဉ် ရှိ/မရှိ မေးခွန်းဖြစ်ပါတယ်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေနဲ့ ကော်မတီလက်အောက်မှာ ရှိတဲ့ မြို့နယ်(၃၂)မြို့နယ်မှာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် (၃၀-၉-၂၀၁၂)ရက်နေ့အထိ လိုင်စင် ခွင့်ပြုထားသည့် အငှားယာဉ်စုစုပေါင်း (၂၆၇၁၄)စီးရှိကြောင်း သိရှိရပါတယ်။ (၁-၄-၂၀၀၀)ရက်နေ့မှစ၍ ယနေ့အထိ လိုင်စင်သစ်များ ခွင့်ပြုခဲ့ခြင်းမရှိပဲ ရပ်ဆိုင်းထား လျက်ရှိပါတယ်။ အငှားယာဉ်ဆိုက်ကားနင်းသမားများ၊ အလုပ်အကိုင်ရရှိရေး တစ်ခုတည်း ကိုသာ ဦးတည်ပြီး အငှားယာဉ်ဆိုက်ကား လိုင်စင်သစ်များ ချထားပေးပါက မြို့နယ်အလိုက် အကျယ်အဝန်း၊ လူဦးရေလိုအပ်ချက်နဲ့ မျှတမှုမရှိဘဲ မူလ လိုင်စင်ရှိ အငှားယာဉ်ဆိုက်ကား ပြေးဆွဲနေသူများ၊ ပိုင်ရှင်၊ နင်းသားများရဲ့ ဝင်ငွေ ထက်ဝက်ခန့် ကျသွားနိုင်ခြင်း၊ ပိုမို များပြားလာတဲ့ မော်တော်ယာဉ်များနှင့်ယှဉ်လျှင် အငှားယာဉ်ဆိုက်ကားများရဲ့ ဖွဲ့စည်းပုံ သည် နင်းသူရော၊ စီးသူများအတွက်ပါ ဘေးကင်းမှု အဆင့်အတန်း နိမ့်ကျလျက်ရှိခြင်း၊ လမ်းများပိတ်ဆို့ခြင်း၊ ယာဉ်တိုက်မှုများပိုမိုများပြားလာနိုင်ခြင်းစတဲ့ မြို့ပြဖွံ့ဖြိုး တိုးတက်မှုကို

အနှောင့်အယှက် ဖြစ်စေနိုင်တဲ့ ဆိုးကျိုးများ ဖြစ်ပေါ်စေနိုင်တဲ့အတွက် အနေ့းယာဥ် စီးရေ ကန့်သတ်ခြင်းနှင့် စည်းကမ်းထိန်းသိမ်းခြင်းတို့ကို ဆောင်ရွက်နေရခြင်း ဖြစ်ပါတယ်။

ဆင်းရဲနွမ်းပါးမှုပပျောက်ရေးအတွက် အနေ့းယာဥ်လုပ်သားများရဲ့ အလုပ်အကိုင် အခွင့်အလမ်းနှင့် ဘဝအဆင့်အတန်း မြင့်မားရေးအတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက် ပေးလျက်ရှိရာမှာ အနေ့းယာဥ်လုပ်သားများကဲ့သို့ လက်လုပ်လက်စားများကို ကုန်ထုတ် လုပ်ငန်းများမှာ နေရာယူလုပ်ကိုင်ဆောင်ရွက်နိုင်ရေး ဦးတည်ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေအရ ပေါ်ပေါက်လာမယ့် အထူးစက်မှု စီးပွားရေး ဇုန်များ ထူထောင်ပြီးပါကလည်း စက်မှုလုပ်ငန်းများ၊ စက်ရုံအလုပ်ရုံများ ဖွံ့ဖြိုးတိုးတက် လာမည်ဖြစ်တဲ့အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာနိုင်မည်ဖြစ်ပြီး လူနေမှု အဆင့်အတန်းများ မြင့်မားတိုးတက်လာမည်ဟု မျှော်လင့်ရပါတယ်။

ထို့အပြင် မြို့ပြဖွံ့ဖြိုးတိုးတက်မှု အစီအစဥ်အရ ပြည်သူများရဲ့ နေ့စဥ်လုံခြုံ ချောမွေ့စွာနဲ့ လျင်မြန်စွာ သွားလာနိုင်ရေးအတွက် ခေတ်မီခရီးသည် ပို့ဆောင်ရေး အစီအမံများလည်း ချမှတ်ဆောင်ရွက်လျက် ရှိပါတယ်။ ၎င်းအခြေအနေတွင် အနေ့းယာဥ် လုပ်သားများအား ပိုမိုကောင်းမွန် သင့်လျော်သော ဆက်စပ်သည့် တက္ကစီယာဥ်များ မောင်းနိုင်ရေး၊ ပိုင်ဆိုင်မှုရရှိလာစေရေး အတွက် မျှော်မှန်း ဆောင်ရွက်လျက် ရှိပါကြောင်းနဲ့ အနေ့းယာဥ်လုပ်သားများရဲ့ အလုပ်အကိုင်အခွင့်အလမ်း ရရှိရေး၊ လူမှုဘဝစီးပွား ဖွံ့ဖြိုး တိုးတက်ရေးအတွက် ဆက်လက် ဆောက်ရွက်ပေးလျက် ရှိပါကြောင်း ရန်ကုန်တိုင်း ဒေသကြီး အစိုးရအဖွဲ့ရဲ့ ကိုယ်စား ရှင်းလင်းတင်ပြအပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၀း၃၄။**

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ် နှစ်ဦးက မေးမြန်းသည့် မေးခွန်းတွေဟာ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြား ရမည့်မေးခွန်းတွေ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်း တွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**တိုင်းဒေသကြီးများနှင့် ပြည်နယ်များတွင် နှစ်စဉ်ခွေးရူးရောဂါ ဖြစ်ပွားမှုနှုန်းနှင့် ခွေးရူးကိုက်ခံရပါက ကာကွယ်သည့်ထိုးဆေးများ မြန်မာနိုင်ငံဆေးဝါးစက်ရုံမှ ထုတ်လုပ်သောဆေးများ လုံလောက်မှု ရှိ/မရှိ သိရှိလိုခြင်း နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၄။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာတင်ရွှေ က တိုင်းဒေသကြီးများနှင့် ပြည်နယ်များတွင် နှစ်စဉ်ခွေးရူးရောဂါ ဖြစ်ပွားမှုနှုန်းနှင့် ခွေးရူးကိုက်ခံရပါက ကာကွယ်သည့် ထိုးဆေးများ မြန်မာနိုင်ငံဆေးဝါးစက်ရုံမှ ထုတ်လုပ်သော ဆေးများလုံလောက်မှု ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၄။**

**ဒေါက်တာတင်ရွှေ၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီး၊ ပြည်ထောင်စု ဒုတိယဝန်ကြီးများ၊ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများနဲ့ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံး ရွှင်လန်းချမ်းမြေ့ပါ စေကြောင်း ဦးစွာပဏာမ ဆုမွန်ဖြင့် နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော့်အနေနဲ့ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ဒီမေးခွန်းရဲ့ ရည်ရွယ်ချက် ကတော့ ကျွန်တော်တို့ စတုတ္ထအကြိမ် ပုံမှန်အစည်းအဝေးကာလနဲ့ ပဉ္စမပုံမှန်အစည်းအဝေး ကာလကြားမှာ Anti-Rabies Day ဆိုပြီးတော့ United Nations ကမ္ဘာ့ကုလသမဂ္ဂကနေ ခွေးရူးတိုက်ဖျက်ရေးနေ့ ဆိုပြီးတော့ သတ်မှတ်တဲ့နေ့လေး တစ်နေ့ တွေ့ခဲ့ရပါတယ်။ ထိုနေ့မှာတော့ မကျင်းပနိုင်ကြဘဲ မြန်မာနိုင်ငံဆရာဝန်အသင်းမှ အထွေထွေရောဂါကု ဆရာဝန်များရဲ့ CMP ခေါ်တဲ့ Continuing Medical Procress Programme ကို အစည်းအဝေးမှာ ဒီ Workshop လေးတစ်ခုမှာ ကျွန်တော်တက်ရောက်ပြီး နားထောင်ခဲ့ ပါတယ်။

ဒီ ကမ္ဘာ့ကုလသမဂ္ဂကနေ ခွေးရူးကာကွယ်မှု တိုက်ဖျက်ရေးဆိုတဲ့ နေ့ တစ်နေ့ကို သတ်မှတ်ပေးရခြင်းဟာ ကျွန်တော်တို့ အခုလ ကတည်းက ဇန်နဝါရီလ (၁၅)ရက်နေ့မှာ

မြန်မာ့အလင်းသတင်းစာမှာ ပါရှိတဲ့အတိုင်း ခွေးရူးကာကွယ်ရေးသတိပြု ဆိုတဲ့ အကြောင်းအရာနဲ့ Perceptive ခေါ်တဲ့ ခေါင်းကြီးပိုင်း ကနေပြီးတော့ အယ်ဒီတာရဲ့ အာဘော်လေးကို ဖတ်လိုက်ရပါတယ်။ ထိုအထဲမှာ ကျွန်တော်တို့ တစ်နှစ်၊ တစ်နှစ်ကို (၅၅၀၀၀)ခန့် ကမ္ဘာပေါ်မှာ ခွေးရူးအကိုက်ခံရတဲ့အတွက် ခွေးရူးရောဂါကြောင့် သေဆုံးနေရတယ်ဆိုတာလေးကို ကျွန်တော်ဖတ်လိုက်ရပါတယ်။ ဒီအကြောင်းလည်း ပါပါတယ်။

ကျွန်တော်တို့ ဆရာဝန်ကြီး တစ်ဦးဟာ အာဖရိကမှာ သွားပြီးတော့ တာဝန်ထမ်းဆောင်နေတဲ့အချိန်မှာ သူ့ရဲ့ အမျိုးသမီးတစ်ဦးဟာ ခွေးတွေ ကိုက်ခံရတဲ့အတွက် အသက်ဆုံးပါးဖူးတာတစ်ကြောင်း၊ ကျွန်တော်တို့ မကြာခင်ကပဲ ဒီတတိယအကြိမ် ပုံမှန်အစည်းအဝေးခန့်လောက်မှာ အထက်မြန်မာပြည်ဘက်မှာ ကလေးငယ်တစ်ယောက်ကို ခွေးတွေက အုံခဲပြီးတော့ ကိုက်ချီသွားပြီး ကိုက်စားပစ်ခဲ့တဲ့အကြောင်း၊ နောက်ကျွန်တော်ရဲ့ ဆရာဝန်သက်တမ်းမှာလည်း ကိုယ်တွေ့ တွေ့ခဲ့ရတဲ့ ခွေးရူးရောဂါ ကိုက်ခံရမှုကြောင့် ခွေးရူးရောဂါဖြစ်ပွားတဲ့ လူနာတစ်ဦးရဲ့အကြောင်း၊ နောက်တစ်ခါ ယနေ့မြန်မာနိုင်ငံမှာ အပြုသဘောနဲ့ ရေးနေတဲ့ စာရေးဆရာကြီးတစ်ယောက်ရဲ့ သားဟာ Thailand မှာ သွားပြီးတော့ တက္ကသိုလ်မှာ ပညာသင်ကြားပြီး၊ ကျောင်းပိတ်ရက်မှာ မြန်မာပြည် ကို ပြန်ချင်တယ်လို့ ပြောတဲ့အတွက် မိဘက အေး ပြန်ချင်လည်း ပြန်လာဆိုပြီးတော့ ပုလဲမြို့သစ် မှာ ခွေးကိုက်ခံရတဲ့အတွက် ထိုခွေးကိုက်ခံရမှုကို အမှုမဲ့အမှတ်မဲ့ Neglect လုပ်လိုက်တဲ့အတွက် ဒီကျောင်းသားငယ် စာရေးဆရာကြီးရဲ့သားဟာ ခွေးကိုက်ခံရမှုဟာ ခွေးကောင်း မဟုတ်ဘဲနဲ့ ခွေးရူးဖြစ်နေတဲ့ ခွေးရဲ့ အကိုက်ခံရမှုကို ခံလိုက်ရတဲ့အတွက် အသက်ဆုံးပါးတဲ့အကြောင်းကို ဝမ်းနည်းစွာနဲ့ ရေးသားထားတဲ့ သတိပေးစာစောင်ကို လည်းကောင်း၊ တစ်ခါ ဒေါက်တာဦးခင်ရွှေ ဆိုပြီးတော့ ခွေးရူးကိုက်ခံရတဲ့ ဝေဒနာကို လည်းပဲ အသိပညာပေးတဲ့အနေနဲ့ သတင်းစာတွေမှာ ရေးသားရတဲ့အကြောင်း၊ အဲဒါလေး တွေကို ဖတ်လိုက်ရတဲ့အတွက် ကျွန်တော် ဒီမေးခွန်းကို တင်ပြမေးရခြင်း ဖြစ်ပါတယ်။

ကျွန်တော်တို့ ယခင်ကတော့ ခွေးကိုက်ခံရတယ်။ ကိုယ်ပိုင်ဆေးခန်း ဖွင့်တဲ့ အချိန်မှာ ဒီလို လူနာ နှစ်ဦး၊ သုံးဦး ကြုံတဲ့အခါမှာ ကျွန်တော်တို့ ဒေသန္တရ ခေါ်တဲ့ ဒီ Township Health Centre ကို ပို့ပါတယ်။ ဒီ မြို့နယ်ဆရာဝန်ကြီးကလည်းပဲ အလျှင်အမြန် ပါပဲ တာဝန်ကျေပွန်စွာနဲ့ BPI မှာ သွားဝယ်ဖို့ ဆိုပြီးတော့ Anti Ravies Vaccine လို့ ခေါ်တဲ့ ကျွန်တော်တို့ ခွေးရူးကာကွယ်မှုကို ဖြစ်စေတဲ့ ဆေးဝါးကို

သွားရောက်ပြီးတော့ BPI မှာ ဝယ်တဲ့အခါမှာ တန်ဘိုးအားဖြင့်လည်း အလွန်နည်း ပါတယ်။ (၁၄)လုံးတိတိ ဟိုက ရောင်းချပေးလိုက်တဲ့အခါမှာ ဒီ (၁၄)လုံးကို Intraperitonial လို့ခေါ်တဲ့ ဗိုက်ပေါ်မှာ ရှပ်ပြီးတော့ ကျွန်တော်တို့ (၁၄)လုံး၊ (၁၄)ရက်တိုင်တိုင် ဆေးထိုးပေးခဲ့ပါတယ်။

ဒီလို ထိုးခဲ့တဲ့အခါမှာ များသောအားဖြင့်ကတော့ အားလုံးလိုလိုဟာ အသက်ကို ကာကွယ်နိုင်တဲ့ သဘောမျိုးတွေ့ရပါတယ်။ ဒါကြောင့်မို့လို့ တစ်ချို့ကျတော့လည်းပဲ ခွေးရူးပြန်ဖြစ်တဲ့ လက္ခဏာများ ပေါ်လာတဲ့အခါမှာ အပူချိန်၊ အလင်းရောင်ကို Photophobia and Hydrophobia လို့ခေါ်တဲ့ အလင်းရောင်ကို ကြောက်ရွံ့ခြင်း၊ နောက် ကျွန်တော်တို့ ရေကို သောက်ရမှာ Regurgitation လို့ခေါ်တဲ့ ရေကို မျိုရမယ့်နေရာမှာ မမျိုနိုင်ခြင်း စတဲ့ နောက် ဂနာမငြိမ်တဲ့ ဝေဒနာတွေပေါ်နေတာတွေကို တွေ့ရပါတယ်။

ဒါကြောင့်မို့လို့ သူတို့အတွက် ကျွန်တော်တို့ Quarantine လုပ်ရပါတယ်။ ဆေးရုံတွေမှာ၊ အမှောင်ခန်းထဲမှာထည့်၊ ဒါပေမဲ့ သူ့မှာတော့ ကုရာနတ္ထိ ဆေးမရှိတဲ့ ဘဝရောက်ပါတယ်။ ဒါကြောင့်မို့လို့ ဒါလေးတွေကို ခြုံပြီးတော့ ဖြစ်ပေါ်လာတဲ့အခါမှာ ကျွန်တော်တို့ Incubation Period လို့ ခေါ်တဲ့ ပိုးဟာ ကျွန်တော်တို့ ကိုက်ခံရတဲ့ ရက်(၆)ရက်ကနေပြီးတော့ (၃)နှစ်အတွင်းမှာ ဒီ Virus ပိုးဟာ Virus ကြောင့် ဖြစ်တဲ့ဟာပါ။ ဒီ Virus ပိုးဟာ ကိုယ်ခန္ဓာထဲမှာ တည်ရှိနေတယ်လို့ ဆေးပညာရှင်တွေ ကလည်း သတ်မှတ်ထားကြပါတယ်။ ဒါကြောင့်မို့လို့ အခုဆိုရင် ခွေးတင် မကတော့ပါဘူး။ ခွေးနဲ့ နီးစပ်နေတဲ့ ကြောင်တွေမှာပါဖြစ်တယ်လို့ ကျွန်တော်တို့ အထွေထွေရောဂါကု ဆရာဝန်များ အသင်းက နေပြီးတော့ ပြောကြားတဲ့အချိန်မှာ ပါလာတာတွေ့ရပါတယ်။

အလားတူပဲ ကျွန်တော်တို့ အိမ်တွေရဲ့ ကြားတွေမှာ တွယ်ကပ်နေကြတဲ့ လင်းဆွဲတွေ မှာတောင် ဒီ Host ဖြစ်နေတယ်လို့ သိရပါတယ်။ ဒီ Virus ကို လက်ခံတဲ့ ပိုးကောင်တွေ ဖြစ်နေ တယ်လို့ သိရပါတယ်။ ဒါကြောင့်မို့လို့ ဒါဟာ ဒီ ခွေး၊ ကြောင်၊ ဒီ လင်းဆွဲတွေကို ကာကွယ်ဖို့ လိုအပ်ပါတယ်။ သို့သော် ဘယ်အချိန်တွေမှာ ဖြစ်သလဲဆို ရင်တော့ ကျွန်တော်တို့ မြန်မာလနဲ့ ဆိုရင် တပို့တွဲ၊ တပေါင်းဟာ အဖြစ်များတဲ့ လ ဖြစ်ပါ တယ်။ အလွန်ရာသီဥတု ပူပြင်းလာတဲ့ အခါမှာ ဒီ Virus ဟာ ပေါက်ဖွားမှုနှုန်း ရှိလာတယ် ဆိုတာကိုတော့ လေ့လာတွေ့ရှိရပါတယ်။

ဒါကြောင့်မို့လို့ နောက် ကျွန်တော်တို့ ကိုက်ခံရတဲ့ အခါမှာလည်းပဲ ဦးခေါင်းကနေ ခြေမ၊ ခြေဖျား အထိကြည့်မယ်ဆိုရင် အထက်ပိုင်း၊ ချက်ရဲ့အထက်ပိုင်းမှာ အကိုက်ခံခဲ့ရလျှင် ဒီပိုးဟာ၊ တစ်ကယ်ခွေးရူးပိုးရှိနေတဲ့ ခွေးက ကိုက်ခံရလို့ရှိရင် အလွန်မြန်တယ်။ ဒါ ကျွန်တော်တို့ ဆေးပညာမှာ သင်ခဲ့စဉ်က ဆရာကြီးတွေ ပို့ချခဲ့ပါတယ်။ ချက်ရဲ့အောက်ပိုင်းမှာ ကိုက်ခံရမယ် ဆိုရင်တော့ ဖြည်းဖြည်းခြင်း သွားပါတယ်။ ဒါကြောင့် မည်သို့ပင်ဖြစ်စေ ကျွန်တော်တို့ ကိုက်ခံရတယ်ဆိုလို့ရှိရင် နိုင်ငံသူ/ နိုင်ငံသား အထူးသဖြင့် ကတော့ ကလေးသူငယ်တွေနဲ့ လူကြီးတွေမှာ အထူးသတိချပ်ရမယ့် ကိစ္စဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ဘယ်အပိုင်းကိုပဲ ကိုက်ခံရ၊ ကိုက်ခံရ ကျွန်တော်တို့ရဲ့ ပြည်ထောင်စုကျန်းမာရေးဝန်ကြီးဌာနရဲ့ ဖွင့်ထားတဲ့ ဒေသန္တရဆေးခန်း၊ ကျွန်တော်တို့ Township Health Centre မြို့နယ်ကျန်းမာရေးအဖွဲ့၊ ကျေးလက်ကျန်းမာရေး ဒေသတွေမှာ အလျှင်အမြန်သွားရောက်ပြီး ပြသပြီးတော့ ကျွန်တော်တို့ BPI က ထုတ်သေးရင်လည်းပဲ ဒီ Vaccine ကို ကျွန်တော်တို့ ဒါ အဆင်ပြေစွာနဲ့ နေရာတိုင်းမှာ ရှိနေစေဖို့ ရန်ကုန်မြို့ ဆိုရင်တော့ ဒါ BPI နဲ့ နီးတဲ့အတွက် ယခုတော့ ရောင်းလား၊ မရောင်းလားတော့ ဝေခွဲလို့မရဘူး ဖြစ်နေပါတယ်။ ဒါကြောင့်မို့လို့ ဒီ ခွေးတွေကိုလည်းပဲ၊ ခွေးမွေးတဲ့ ပုဂ္ဂိုလ်တွေအနေနဲ့လည်းပဲ မိမိတို့ရဲ့ခွေးတွေကို ကာကွယ်နိုင်တဲ့ ထိုးဆေးတွေဟာ ဒီ ကုမ္ပဏီတစ်ခုက နေပြီးတော့ သွင်းထားပါတယ်။

ဒါကြောင့်မို့လို့ ဒီခွေးကိုက်ခံရတဲ့အခါမှာ မည်သို့ပင်ဖြစ်စေ အထက်အပိုင်းမှာပဲ ကိုက်ခံရ ကိုက်ခံရ၊ အောက်ပိုင်းမှာပဲ ကိုက်ခံရ ကိုက်ခံရ ဘယ်လိုခွေးအမျိုးအစား မသိလည်း မသိသေးခင်မှာတော့ ကြိုတင်ကာကွယ်ပြီး မိမိတို့ရဲ့အသက်ကို ကာကွယ်နိုင်ဖို့အတွက် လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး မှတစ်ဆင့် သက်ဆိုင်ရာ ပြည်ထောင်စုကျန်းမာရေးဝန်ကြီးဌာနသို့ လေးစားစွာဖြင့် မေးမြန်းအပ် ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**ဝေးလံသီခေါင်ပြီး သွားလာရေး ခက်ခဲသည့်ဒေသမှ ဆရာဝန်ဘွဲ့ရရှိပြီး ဆမ ရထားသူ ဒေသခံလူငယ်များ ဝန်ထမ်းရွေးချယ်မှု ခေါ်ယူစစ်ဆေးသည့် စာမေးပွဲတွင် အကြိမ်ကြိမ် ဖြေဆိုသော်လည်း ရွေးချယ်ခံရခြင်းမရှိ၍ ဒေသခံတိုင်းရင်းသား ပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှု အခက်ကြုံနေရသည်ကို ဖြေရှင်းပေးမည့် အစီအစဉ်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၄။**

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဟာရှိန်းဘွေ က ဝေးလံသီခေါင်ပြီး သွားလာရေး ခက်ခဲသည့်ဒေသမှ ဆရာဝန်ဘွဲ့ရရှိပြီး ဆမ ရထားသူ ဒေသခံလူငယ်များ ဝန်ထမ်းရွေးချယ်မှု ခေါ်ယူစစ်ဆေးသည့် စာမေးပွဲတွင် အကြိမ်ကြိမ် ဖြေဆိုသော်လည်း ရွေးချယ်ခံရခြင်းမရှိ၍ ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှု အခက်ကြုံနေရသည်ကို ဖြေရှင်းပေးမည့် အစီအစဉ်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၄။**

**ဦးဟာရှိန်းဘွေ၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်တဲ့ အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ ရှေးဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဟာရှိန်းဘွေ ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့် မေးခွန်းကတော့ ဝေးလံသီခေါင်ပြီး သွားလာရေး ခက်ခဲလှတဲ့ဒေသမှ ဆရာဝန် ဘွဲ့ရပြီး ဆမရရှိထားသူ ဒေသခံလူငယ်များ ဝန်ထမ်းရွေးချယ်မှု ခေါ်ယူစစ်ဆေးသည့် စာမေးပွဲတွင် အကြိမ်ကြိမ်ဖြေဆိုသော်လည်း ရွေးချယ်ခံရခြင်း မရှိ၍ နိုင်ငံတော်၏ ဝေးလံခက်ခဲသည့်ဒေသ များရှိ တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု အခက်ကြုံနေရသည်ကို မည်ကဲ့သို့ ဖြေရှင်းပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းပဲ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်မှာ လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး သွားလာရေး မလွယ်ကူခြင်း၊ မြို့နဲ့အလှမ်းဝေးတဲ့၊ ဝေးလံသီခေါင်တဲ့ဒေသဟူ၍ နိုင်ငံတော်မှ သတ်မှတ်ထားတဲ့ဒေသများမှာ အရေအတွက်

ပင်လျှင် လက်ဆယ်ချောင်းပင် မပြည့်တဲ့ ဆမရပြီး ဆရာဝန်လေးများ ခက်ခဲလှတဲ့ မိမိဒေသတွင် တာဝန်ထမ်းဆောင်လို၍ ဝန်ထမ်းရွေးချယ်စာမေးပွဲကို အကြိမ်ကြိမ် ဖြေဆိုသော်လည်း အရွေးချယ် မခံရ၍ ဆင်းရဲပင်ပန်းကြီးစွာ ငွေရှာပြီး ထောက်ပံ့ပေးကြတဲ့ မိဘဆွေမျိုးများ ငွေကို ကုတ်ခြစ်ပြီး ခြွေတာလျက် ဆေးပညာကို မဖြစ်မနေ ကြိုးစားပြီး ခက်ခဲပင်ပန်းစွာဆေးပညာဘွဲ့ရရှိလာပြီး အလုပ်သင် ဆရာဝန် (၁)နှစ်ဆင်းပြီး ဆမ ရ (၄)နှစ်တိုင် အလုပ်စောင့်နေရဆဲဒေသခံပြည်သူများမှလည်းမိမိတို့ဒေသဆရာဝန်များကို မျှော်လင့်တောင့်တနေကြပါလျက် ခေတ်စနစ်ပြောင်းလဲလာပြီး ဒီမိုကရေစီစနစ်ဖြင့် လွတ်လပ်ပွင့်လင်းစွာဖြင့် ပြည်သူများ၏ အမှန်တကယ် လိုအပ်နေသော အခက်အခဲကို လူကြီးချင်းညှိနှိုင်းတိုင်ပင်ပြီး ဦးစားပေးအဆင့်သတ်မှတ်၍ ဒေသအခက်အခဲကို ဖြေရှင်း ပေးနိုင်ရန်များစွာ လိုအပ်နေပြီ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဝေးလံခက်ခဲတဲ့ဒေသများ အတွက် လွယ်လွယ်နဲ့ဖြေရှင်းလို့ရမယ့် အလုပ်ကို ယခင်ကလို မူ၊ ဥပဒေ၊ စည်းမျဉ်းများကို တသမတ်တည်း လက်ကိုင်ကျင့်သုံးနေဦးမယ် ဆိုရင်တော့ ဒေသရဲ့ လိုအပ်တဲ့ အခက်အခဲတွေကို လွယ်လွယ်နဲ့ ဖြေရှင်းနိုင်ဦးမှာ မဟုတ်ဘူးလို့ ကျွန်တော် ယုံကြည်ပါတယ်။ လက်ထောက်ဆရာဝန် ရွေးချယ်ရာမှာလည်း ကျန်းမာရေးဝန်ကြီးဌာနမှ တိုက်ရိုက် ရွေးချယ်ခန့်ထားပေးသင့်ကြောင်း အကြံပြုလိုပါတယ်။ ဘာကြောင့်လဲဆိုရင် ဝန်ကြီးဌာနက ဒီအခက်အခဲကို အသေးစိတ် သိရှိနေလို့ပဲ ဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် အခုတင်ပြနေတာက ပြည်မမှာမွေး ပြည်မမှာကြီးပြီး ပြည်မမှာ မိဘတွေ အခြေချတဲ့ ကိုယ့်ဒေသရဲ့ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုအတွက် ဆန္ဒမရှိတဲ့ ဆရာဝန်တွေအတွက် ကျွန်တော် တင်ပြနေတာ မဟုတ်ပါဘူး။ ဒါပေမဲ့ ကျွန်တော်တို့ ချင်းပြည်နယ်မှာမွေး၊ ချင်းပြည်နယ်မှာ ကြီးပြင်းပြီး ဆရာဝန်ဘွဲ့ရ ဒေသခံပြည်သူတွေရဲ့ ကျန်းမာရေးကို စောင့်ရှောက်ပေးလိုတဲ့ ဆန္ဒပြင်းပြနေကြတဲ့ လူငယ်တွေအတွက် ကျွန်တော်တင်ပြနေတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ မင်းတပ်မြို့မှာ ခုတင်(၁၀၀) ဆေးရုံ ရှိပါတယ်။ ၂၀၀၉ မှာ လက်ထောက်ဆရာဝန်(၇)ဦး ခန့်ပေးပါတယ်။ (၃)လလောက်မှာ (၆)ဦးက ထွက်ပြီးတော့မှ အပြီးအပိုင် ပြန်သွားကြ

ပါတယ်။ ဆရာဝန်(၁)ဦးပဲ ကျန်ခဲ့ပါတယ်။ လက်ထောက် ဆရာဝန်(၁)ဦးပဲ ကျန်ခဲ့ပါတယ်။ ဒီဆရာလေးဟာလည်း လွန်ခဲ့တဲ့ ၂၀၁၂၊ နိုဝင်ဘာလက ပြောင်းသွား ပါတယ်။ အစားခန့်တဲ့ ဆရာဝန်လည်း ရုံးချုပ်မှာပဲ ထွက်စာတင်တယ်လို့ ကြားရပါတယ်။ ဒီကိစ္စဟာ ဒေသခံ တိုင်းရင်းသား ပြည်သူတွေအတွက် ကျန်းမာရေးစောင့်ရှောက်မှုမှာ ပြည်သူတွေရဲ့ တင်ပြချက်အရ ကျွန်တော့်မှာတာဝန်ရှိတယ်လို့ယုံကြည်ပြီး ဒီအခက်အခဲအတွက် မင်းတပ်မြို့ ဒေသခံလက်ထောက်ဆရာဝန်လေး (၂)ယောက်ရဲ့ကိစ္စကို ကျန်းမာရေးဝန်ကြီးဌာနနဲ့ ဝန်ထမ်းရွေးချယ်ကို အချက်အလက် အပြည့်အစုံနဲ့ ကျွန်တော်တင်ပြ အကူအညီ တောင်းခံခဲ့ပါတယ်။ ဒါပေမဲ့ ဝန်ထမ်းရွေးချယ်မှု ခေါ်ယူတဲ့ စာမေးပွဲကို (၂)ကြိမ်တိုင် ဖြေဆိုသော်လည်းရွေးချယ်ခြင်းမခံရပါ။ ယင်းလူငယ်ဒေသခံဆရာဝန် (၂)ယောက်ဟာ ၂၀၀၈ ကျောင်းဆင်း၊ မန္တလေး ဆေးတက္ကသိုလ် ကျောင်းဆင်းများ ဖြစ်ကြပါတယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မိဘတွေလည်း ကျေးလက်က ဖြစ်တယ်။ မိမိဒေသမှာ ဆရာဝန် တာဝန်ထမ်းဆောင်လိုတဲ့ဆန္ဒလည်း ပြင်းပြနေကြတယ်။ ဒေသခံပြည်သူတွေကလည်း မျှော်လင့်နေကြတယ်။ ဒါပေမဲ့ အကြိမ်ကြိမ် ဖြေဆိုသော်လည်း ရွေးချယ်ခံရခြင်း မရှိပါဘူး။ ပြည်မက ရွေးပြီးခန့်ထားတဲ့သူတွေ မလာချင်၊ မလုပ်ချင်ကြပါလျက်နဲ့ မိမိ ဒေသခံလုပ်နိုင်သူတွေ ရှားရှားပါးပါး ရှိနေပါလျက်နဲ့ ရွေးချယ်မခန့်တားပေးနိုင်တာဟာ ဒေသခံပြည်သူတွေရဲ့ ကျန်းမာရေးစောင့်ရှောက်မှု အပိုင်းကို များစွာထိခိုက်စေတယ်လို့ သုံးသပ်ပါတယ်။ ဒါကြောင့် ဝေးလံသီခေါင်ပြီး ခက်ခဲလှတဲ့ဒေသမှာ လုပ်နိုင်သူ၊ လုပ်ချင်သူ ရှိနေပါလျက် ဒေသအခက်အခဲပေါ် လက်တွေ့ဘဝနဲ့ကိုက်ညီအောင် တာဝန်ရှိ လူကြီးမင်းများမှ လျှော့ပေါ့စဉ်းစားပေးသင့်ပါကြောင်း အကြံပြုရင်း လာမယ့်ဘတ်ဂျက်မှာ ဒီလိုအခက်အခဲတွေကို ဘယ်လိုဖြေရှင်းပြီး ခန့်ထားပေးနိုင်ပါမလဲဆိုတဲ့ မေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းတင်ပြအပ် ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၅၀။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၅၀။**

**ဒေါက်တာဖေသက်ခင် (ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ ကောင်းကျိုးမင်္ဂလာအဖြာဖြာနဲ့ ပြည့်စုံပါစေလို့ ဆုတောင်းမေတ္တာပို့ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီးအမှတ်(၆)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာတင်ရွှေ ရဲ့ တိုင်းဒေသကြီးများနဲ့ ပြည်နယ်များမှာ နှစ်စဉ် ခွေးရူးရောဂါ ဖြစ်ပွားမှုနှုန်းနဲ့ ခွေးရူးကိုက်ခံရပါက ကာကွယ်တဲ့ ထိုးဆေးများ၊ မြန်မာနိုင်ငံဆေးဝါးစက်ရုံမှ ထုတ်လုပ်သော ဆေးများ လုံလောက်မှု ရှိ/မရှိ ဆိုတဲ့ မေးခွန်းနဲ့ ပတ်သက်ပြီးတော့ ပြည်ထောင်စုကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ ပြန်လည်ဖြေကြားပေးမှာ ဖြစ်ပါတယ်။ မေးခွန်းမေးမြန်းပေးတဲ့ ဆရာကြီးကိုလည်း ကျွန်တော် ကျေးဇူးအများကြီး တင်ပါတယ်။ မေးခွန်းက တိုတိုနဲ့ဖြေရင် တိုတိုနဲ့ပြီးသွားမှာ ဖြစ်ပါတယ်။ ဒါပေမဲ့ အရေးကြီးတဲ့နောက်ခံအကြောင်းရင်းကလေးတွေကို ကျွန်တော် တစ်ချက်လေး ပြောချင်ပါတယ်။

အဖြေကို ဖြေရမယ်ဆိုရင်တော့ ၂၀၁၀ ခုနှစ်အတွင်းမှာ ခွေးရူးဖြစ်ပွားတာ (၂၀၅)ယောက် ရှိပြီးတော့ (၂၀၅)ယောက်စလုံး သေပါတယ်။ ၂၀၁၁ ခုနှစ်အတွင်းမှာ ခွေးရူးဖြစ်ပွားတဲ့သူ (၂၄၀) ရှိပြီးတော့ (၂၄၀)စလုံး သေပါတယ်။ ပြည်နယ်နဲ့ တိုင်းအလိုက် ပြောရရင် ကချင်မှာ(၃)၊ ကယားမှာ (၁)၊ ကရင်မှာ(၂)၊ ချင်းမှာတော့ တစ်ယောက်မှ မသေဘူး။ စစ်ကိုင်း(၄၂)၊ တနင်္သာရီ(၄)၊ ပဲခူး(၄၈)၊ မကွေး(၂၅)၊ မန္တလေး(၅၀)၊ မွန်ပြည်နယ်(၈)၊ ရခိုင်(၃)၊ ရန်ကုန်တိုင်းဒေသကြီး(၂၀)၊ ရှမ်းပြည်နယ်(၆)၊ ဧရာဝတီတိုင်းဒေသကြီး(၂၈)၊ စုစုပေါင်း(၂၄၀) ၂၀၁၁ ခုနှစ်တုန်းက ခွေးရူးရောဂါ ဖြစ်ပွားပြီးတော့ သေကြပါတယ်။ ဒီဥစ္စာ တစ်ကမ္ဘာလုံးမှာ ခုန လွှတ်တော်ကိုယ်စားလှယ်ကြီး ပြောသလိုပဲ (၅၅၀၀၀) သေပါတယ်။ အဲဒီ (၅၅၀၀၀) မှာ (၉၅)ရာခိုင်နှုန်းဟာ အာရှနဲ့ အာဖရိကမှာ သေတာ ဖြစ်ပါတယ်။ အဲဒီအထဲကနေပြီးတော့ ခွေးရူးကိုက်ခံရတဲ့ လူတွေရဲ့ ဒီခွေးရူးရောဂါကလည်း ခွေးအပြင်

တခြားသတ္တဝါတွေကလည်း ဖြစ်ပါတယ်။ ဒါပေမယ့်လည်း ခွေးကြောင့်ဖြစ်တာက (၉၇) ရာခိုင်နှုန်း ဖြစ်ပါတယ်။

အဲဒီတော့ ဒီနေရာမှာ ကျွန်တော်တို့ (၂၀၅)ဦး၊ (၂၄၀)ဦး သေတယ်ဆိုတာ ကျွန်တော် တို့က သေတဲ့လူ ဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ကျန်းမာရေးမှာ ဒါ Under Reporting လို့ ခေါ်ပါတယ်ခင်ဗျ။ ခွေးရူးဖြစ်တာက တောနယ်ဒေသတွေမှာ အဖြစ်များ တယ်။ ဆင်းရဲတဲ့ လူတွေမှာ ဖြစ်တယ်။ ဖြစ်မှန်းလည်း မသိကြဘူး။ ခွေးရူးကြောင့် သေမှန်းလည်း မသိတဲ့အတွက် Report လုပ်တာ နည်းနေတာလည်း ဒါ ဖြစ်နိုင်ခြေ ရှိပါ တယ်။ အဲဒီတော့ ကျွန်တော်တို့ဆီမှာ (၂၄၀)ဆိုတာ ကျွန်တော်တို့ရရှိတဲ့ အနည်းဆုံး စာရင်းဇယားဖြစ်ပြီးတော့ ဒီထက်ပိုပြီးတော့ သေနိုင်တဲ့ အနေအထား ရှိပါတယ်။

ဘာဖြစ်လို့ ကျွန်တော်တို့က ဒီ မသိဘူးလဲ။ မသိဘူးလဲ ဆိုတာက လူတွေက၊ ပြည်သူ လူထုက မသိဘဲနဲ့ Report မလုပ်တာတွေ ရှိနိုင်သလဲ ဆိုတော့ ခွေးရူးက အခု အများသိကြတဲ့ ခွေးရူးရောဂါ ခုနလိုပေါ့နော် ခွေးရူးပြန်တဲ့ လက္ခဏာတွေ၊ ရေဆိုရင် ကြောက်တယ်။ ရေလေးနဲ့ တောက်လိုက်ရင် တစ်ခါတည်း လည်ချောင်းထဲက အသံကြီး မြည်လာတယ်။ လေနဲ့ မှုတ်ရင် လည်း မခံနိုင်ဘူး။ ယောက်ယက်ခတ်တယ်ဆိုတာတွေက အများသိတဲ့ ရောဂါတွေပါ။ အဲဒါက (၆၀)၊ (၇၀)ရာခိုင်နှုန်းလောက်ပဲ ရှိပြီးတော့ အများမသိဘဲနဲ့ ကိုယ်တွေ၊ လက်တွေ တဖြည်းဖြည်း သေသွားတယ်။ အကြောသေတယ်။ သေပြီးတော့မှ အသက်ရှူ ရပ်ပြီး၊ သတိလစ်ပြီး သေတာက (၃၀)၊ (၄၀)ရာခိုင်နှုန်းလောက် ရှိတယ်။

အဲဒီတော့ ခုနလို ခွေးရူးပြန်တယ်ဆိုတာက ရပ်ကွက်ထဲက လူတကာသိကြတဲ့ဟာမျိုးနဲ့ ကတော့ သတင်းလာပို့ကြပြီး အားလုံးသေသွားတာကို (၂၄၀)အနေနဲ့ ကျွန်တော်တို့က စာရင်း မှတ်ထားပေမယ့် ခုနလို ကိုယ်တွေ၊ လက်တွေ သေသွားပြီးတော့၊ အကြောသေရောဂါလို ဖြစ်ပြီး တော့၊ နောက်ပိုင်း အသက်ရှူ ရပ်ပြီးတော့၊ သတိလစ်ပြီး အသက်ရှူရပ်သေတဲ့ကိစ္စတွေကြတော့ ကျွန်တော်တို့ သာမန် ပြည်သူလူထုအနေနဲ့သာမက ကျန်းမာရေး ဝန်ထမ်းတွေအနေနဲ့ပါ တချို့ ကိစ္စတွေမှာ ကျွန်တော်တို့က Misdiagnose ရောဂါနာမတွေ တပ်တာ လွဲမှားတာ ဖြစ်နိုင်ပါတယ်။ ဒါကြောင့်လည်း တစ်ချက်ရှိပါတယ်။ နောက်တစ်ခုက Incubation Period ပါ။ ရောဂါလက္ခဏာ ပေါ်တဲ့ အချိန်က နှစ်တွေကြာပါတယ်။ ဒီ ခုန (၁)ပတ်၊ (၂)ပတ်ကနေ နှစ်ပေါင်းများစွာ

ကြာနိုင်တဲ့အတွက် ကျွန်တော် ကြားဖူး၊ ဖတ်ဖူးတာကတော့ ရှေးက မြန်မာကြီးများကတော့ သူတို့သမီး ယောက်ျားပေးစားတော့မယ်ဆိုရင် ခွေးကိုက်ခံရဖူးတဲ့သူကို မပေးစားဘူးလို့ ကြားဖူး ပါတယ်။

အဲဒီတော့ ဘယ်တော့ ခွေးရူးထပြန်မယ်မှန်း မသိတော့ သမီး စိတ်မချရတော့ အဲဒီလို မပေးစားကြတာလေးတွေလည်း ရှိတယ်လို့ သိရပါတယ်။ ဒါကြောင့်မို့လို့ အဲဒီတော့ ခုနအနေအထား အရ ကြည့်လိုက်လို့ရှိရင် ဒီ(၂၄၀)သည် ကျွန်တော်တို့မှာ စာရင်းပေါက်တာ (၂၄၀)ပါ။ ဒီ တောနယ် ဒေသလေးတွေမှာ မသိလိုက်ဘဲနဲ့ သေသွားတဲ့ ခွေးရူးပြန် ဝေဒနာရှင် ရှိနိုင်ပါသေးတယ်ခင်ဗျ။ အဲဒီတော့ ဒီ ဆေးဝါး လိုအပ်ချက်အရ ပြောလို့ရှိရင်လည်း ခုနလိုပါပဲခင်ဗျ။ ဒီ (၂၄၀)အတွက်ကို ကျွန်တော်တို့ မနှစ်ကတုန်းက မြန်မာနိုင်ငံစက်မှုဝန်ကြီးဌာနကနေ ကျွန်တော်တို့ရရှိတဲ့ ခွေးရူး ရောဂါကာကွယ်ဆေး (၁၇၄၅၆)လုံးကို ၂၀၁၀-၂၀၁၁ မှာ ရပြီးတော့၊ ၂၀၁၁-၂၀၁၂ မှာ (၁၆၇၂၅)လုံး ရတဲ့အတွက် ဗိုက်ကို တစ်ယောက် (၁၄)လုံး ထိုးမယ်။ ခုန(၂၄၀)အတွက်ကို လုံလောက်တယ်လို့ ပြောရမှာဖြစ်ပါတယ်။ ဒါပေမဲ့ ဒီအချိန်မှာ ကျွန်တော်တို့က ဒီဂဏန်းရဲ့ နောက်ကွယ်မှာရှိနေတဲ့ ပြဿနာက ဒီထက် ပိုပြီးတော့ ကျယ်ပြန့်တဲ့သဘောရှိပါတယ်။

ခွေးရူးကို ခွေးရူးမှန်းသိလို့ ဆေးလာထိုးတဲ့ လူတွေအတွက်တော့ လုံလောက်မှာ ဖြစ်ပေ မယ့် သာမန်ခွေးကိုက်တာကို ဒါ မလိုပါဘူးထင်ပြီးတော့ မထိုးတဲ့သူတွေက သေတာများပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ ခွေးရူးဆေး ထိုးပြီးတယ်ဆိုလို့ရှိရင်တော့ တော်ရုံတန်ရုံ မသေနိုင်ပါဘူး။ ကျွန်တော်တို့ Post-exposure Prophylaxis ခေါ်ပါတယ်။ ခွေးရူး မပြန်သေးဘူး။ ခွေးကိုက်ခံ ရတယ်။ ဆေးထိုးတယ်။ ဒါဆိုရင် ကာကွယ်နိုင်တဲ့ အလားအလာ အများကြီး ရှိပါတယ်။ ခွေးရူးပြန်ပြီးဆိုရင်တော့ ကမ္ဘာပေါ်မှာ ဒီနေ့အထိ အသက်ရှင်တယ်ဆိုတာ မှတ်တမ်းမှတ်ရာအရ (၁)ယောက်ပဲ ၂၀၀၆ ခုနှစ်က အမေရိကန်နိုင်ငံမှာ ရှိခဲ့ဖူးပါတယ်။ ဒါတောင်မှ ပညာရှင်များ တကယ်ဟုတ်ရဲ့လားဆိုတာ ငြင်းခုံတဲ့အဆင့်မှာ ရှိပါတယ်။ အဲဒီတော့ ရာနှုန်းပြည့် သေဖို့သေချာတဲ့ ရောဂါထဲမှာ ခွေးရူးက ပါနေပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့က ခွေးရူးကာကွယ်ဆေးကို မြန်မာပြည်မှာ ဘယ်လိုလူတွေကို ထိုးရမလဲဆိုရင်၊ ဘယ်လိုခွေးတွေ ထိုးရမလဲ၊ ဘယ်လို ခွေးကိုက်ရင် ထိုးရမလဲဆိုရင်၊ ကျွန်တော်တို့ နိုင်ငံမှာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတ်မှတ်ထားတာက ကျွန်တော်တို့ အပါအဝင် အရှေ့တောင်

အာရှဒေသ၊ အာရှဒေသ၊ အာဖရိကဒေသ၊ အမေရိကမြောက်ပိုင်း ဒီလိုဒေသတွေ အားလုံးက Endemic ဒေသလို့ ဒီလို သတ်မှတ်ထားတဲ့အတွက် ဘယ်ခွေးကိုက်ကိုက် ထိုးရပါတယ်ခင်ဗျ။ ငါ့အိမ်က ခွေးလေး ကာကွယ်ဆေး ထိုးထားတာပဲဆိုပြီးတော့ ယုံကြည်စိတ်ချလို့ မရပါဘူး။ ခွေးကိုက်ခံရတဲ့အတွက် လူကို ခွေးရူးဆေးထိုးခြင်းသည် ခွေးကို ကာကွယ်ထားခြင်း၊ ကာကွယ် မထားခြင်းအပေါ်မှာ တစ်ခုတည်းကြည့်ပြီးတော့ ဆုံးဖြတ်လို့ မရပါဘူး။ ခွေးကို ကာကွယ် ထားလည်း ကာကွယ်ဆေး ထိုးထားတဲ့ ခွေးကိုက်လည်း လူကို ကာကွယ်ဆေး ထိုးရမှာပါပဲခင်ဗျ။ ခွေးရူးပြန် လက္ခဏာတွေ ပေါ်ပြီးဆိုလို့ ရှိရင်တော့ အဲခုနက ကျွန်တော်တို့ BPI က MPF က ထုတ်လုပ်နေတဲ့ ဒီကာကွယ်ဆေး ထိုးလို့ မရပါဘူး။ သူက ကာကွယ်လို့ မရတော့ဘူး။ သူက ပြန်နေပြီ။ ခွေးရူးပြန်နေပြီဆိုရင်တော့ ကျွန်တော်တို့က Immune Globulin ထိုးရပါတယ် ခင်ဗျ။ အဲဒါကလည်း (၃)၊ (၄)သိန်းတန် ကျတယ်။ ဒါပေမဲ့ Immune Globulin ထိုးတဲ့ဟာတောင်မှ ဒါ မသေချာပါဘူး။

နောက် ဘာခွေးကိုက်မှန်း မသိတဲ့အချိန်တွေမှာ ဆေးထိုးတဲ့အခါ ကျွန်တော်တို့က ကာကွယ်ဆေး ထိုးလို့ရပေမယ့် ခွေးရူးမှန်းသိရင်တော့ ကာကွယ်ဆေး တစ်ခုတည်းနဲ့ မလုံလောက် ဘဲနဲ့ ကုသတဲ့ ခုန Immune Globulin ကိုပါ ကျွန်တော်တို့ ထိုးရတာဖြစ်ပါတယ်။ နောက် အရေးကြီးတဲ့ အချက်တစ်ခုက ကျွန်တော်တို့ ကျန်းမာရေးဝန်ကြီးဌာနက ဆက်လက်လုပ်ဆောင် သွားမယ့် အချက်ကတော့ ဒီ ခုန ထုတ်နေတဲ့ (၁၆၀၀၀)ကျော်၊ (၁၇၀၀၀)ကျော် ခွေးရူး ကာကွယ်ဆေး တွေသည် ကျွန်တော်တို့ Nerve Tissue Vaccine လို့ ခေါ်ပါတယ်။ သိုးရဲ့ ဦးနှောက်ကို အခြေခံပြီးတော့ ထုတ်ထားတဲ့ Vaccine ဖြစ်ပါတယ်။

အခုအချိန်မှာ သိုးဦးနှောက်ကို အခြေခံပြီးတော့ ထုတ်တဲ့ ဆေးထက်ကို ပိုမိုအာနိသင် ထက်မြက်ပြီးတော့ ပိုမိုဘေးအန္တရာယ်ကင်းတဲ့ Cell Culture Vaccine ဆိုတာတွေ ပေါ်နေပြီး ဖြစ်ပါတယ်။ CCV လို့ ခေါ်ပါတယ်။ ဒီထက် တဖြည်းဖြည်းနဲ့ ကျွန်တော်တို့က ဒီသိုးရဲ့ဦးနှောက်ကို အခြေခံပြီးထုတ်တဲ့ဆေးက သူကိုယ်တိုင်ကကို ဦးနှောက်အာရုံကြောရောဂါကို ဖြစ်စေနိုင်တယ်။ ရာခိုင်နှုန်းတော့ နည်းတယ်ပေါ့လေ။ ဖြစ်စေနိုင်တာရှိတဲ့အတွက်ကြောင့်မို့လို့ တဖြည်းဖြည်း၊ တဖြည်းဖြည်းနဲ့ Phase Out လုပ်သွားပြီးတော့ ကျွန်တော်တို့ဟာ Cell Culture Vaccine လို့ ခေါ်တဲ့ ဒီကြက်ကနေ၊ ဘဲ

ကနေ PDEV တို့၊ PCEC တို့ အတိုခေါ်တဲ့ဟာတွေ ရှိပါတယ်။ ဒီ ကြက်ရဲ့ သန္ဓေကနေ၊ ဘဲရဲ့ သန္ဓေကနေ ထုတ်တဲ့ ဒီဆေးတွေဟာ ကျယ်ကျယ်ပြန့်ပြန့် သုံးလာပြီ ဖြစ်ပါတယ်။

အဲဒီတော့ ကျွန်တော်တို့ အရှေ့ဘက်ပိုင်းမှာ ကျွန်တော်တို့ အပါအဝင် (၂)နိုင်ငံလောက်ပဲ Sheep Brain ကနေထုတ်တဲ့ Vaccine ကို သုံးနေတယ်။ ကျန်တဲ့ နိုင်ငံတွေဟာ ခုန Cell Culture Vaccine ပြောင်းလဲအသုံးချနေပြီ၊ အသုံးပြုနေကြပြီ ဖြစ်တဲ့အတွက် ကျွန်တော်တို့ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့လည်း မကြာမတင်သော ကာလတွေမှာ စီမံချက်ချပြီးတော့ တစ်ဖြည်းဖြည်းနဲ့ Sheep Brain ကို Phase Out လုပ်သွားပြီးတော့ Cell Culture Vaccine တွေကို ထုတ်လုပ်နိုင်ဖို့ ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်တဲ့အကြောင်း အဲဒီအချိန်အခါကျ တော့ရှိရင်တော့ ကျွန်တော်တို့ ပြည်သူလူထုအနေနဲ့လည်း ပါဝင်ဆောင်ရွက်ဖို့ လိုပါတယ်။

ကျွန်တော်တို့က အခုအချိန်မှာ ခွေးအားလုံးကို ကာကွယ်ဆေးထိုးပြီးတော့ အမေရိကန် မှာလို အိမ်ခွေးအားလုံးကို ကာကွယ်ဆေး ထိုးလိုက်တော့ အမေရိကားမှာ အခုအချိန်မှာ ခွေးကနေ ကူးစက်တာ သိပ်မရှိတော့ပဲနဲ့ အဲဒီ Vampire Bats တွေပေါ့နော်။ လင်းနို့တွေက ကူးတာတွေဟာ အများဆုံးဖြစ်နေတယ်။ ကြောင်ကလည်း ဒီလိုပဲ ကြောင်ကုတ်ရင်လည်း ဖြစ်ပါတယ်။ ကျွန်တော်တို့ ငယ်ငယ်တုန်းက ကြည့်ရတဲ့ Rabies ဆိုတဲ့ ရုပ်ရှင်ထဲမှာ ဆိုလို့ရှိရင် ဒါဟာ ကြောင်ကုတ် ပြီးတော့ ဖြစ်သွားတဲ့ကိစ္စဖြစ်ပါတယ်။ ဆိုတော့ အဲဒီတော့ အားလုံးကို ထိုးဖို့ နေနေသာသာ အခုအချိန်မှာတော့ ကာကွယ်ဆေးမထိုးနိုင်သေးတဲ့အတွက် ကျွန်တော်တို့ဟာ ခွေးလေ၊ ခွေးလွင့် တွေကို ရှင်းလင်းသုတ်သင်ခြင်းဟာ ခွေးရူးရောဂါကို ကာကွယ်တဲ့ နည်းလမ်းတစ်ခု ဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ ဗုဒ္ဓဘာသာ မြန်မာလူမျိုးများက အင်မတန် ကြင်နာသနားတတ်တဲ့အတွက် စည်ပင်က အမဲတုံးပစ်တော့မယ်ဟေ့ဆိုရင် ခွေးတွေကို ဘုန်းကြီးကျောင်းထဲ သွားဖွက်ပါတယ်။ ဘုန်းကြီးကျောင်းထဲ သွားဖွက်တဲ့ အတွက်ကြောင့်မို့လို့ ခွေးများ အသက်ရှင်ပါတယ်။

ဒါပေမဲ့ ဒီ အသက်ရှင်တဲ့ ခွေးတွေက သေသေချာချာ စနစ်တကျနဲ့ ကာကွယ်ဆေး ထိုးပြီးတော့ စောင့်ကြည့်နေတဲ့ ခွေးတွေ မဟုတ်တဲ့အတွက် သူတို့က တစ်ခါ ခွေးရူးပြန်ပြီး ကိုက်လို့ လူတွေ ကိုယ့်ရှေ့မှာ လူတစ်ယောက် ခွေးရူးပြန်ပြီး သေသွားတာကို မတွေ့လိုက်ရဘူးတဲ့ လူတော်တော်များများသည် ခွေးများကို ကယ်တင်ချင်စိတ် ရှိနေပြီးတော့ လူများကို ကယ်တင်လိုစိတ် မရှိ၊ ဗဟုသုတနည်းတဲ့ သဘောဖြစ်နေပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့အနေနဲ့က

လွှတ်တော်ကိုယ်စားလှယ်ကြီးများရော၊ ကျွန်တော်တို့ ကျန်းမာရေးဌာန အပါအဝင် လူထုလူတန်းစားအဖွဲ့အစည်းတွေ၊ လူမှုရေးအဖွဲ့အစည်းတွေအားလုံးဟာ ခွေးရူးပညာပေးလုပ်ငန်းကိုလည်း ဒီထက်မက ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်သွားပြီးတော့၊ ဒီ အထူးသဖြင့် ကလေးတွေ၊ ဒီ အသားတွေ ကိုင်တွယ်တဲ့ ပုဂ္ဂိုလ်တွေ၊ တိရစ္ဆာန်တွေ မွေးရတဲ့ ပုဂ္ဂိုလ်တွေမှာ ကျွန်တော်တို့က မဖြစ်ခင် ကာကွယ်တဲ့ဆေးထိုးလို့ရတယ်။ ဒါတွေကို ကျယ်ကျယ်ပြန့်ပြန့် ပညာပေးပြီး ထိုးသွားကြရမှာ ဖြစ်ပါတယ်။ ဒီလောက်နဲ့ပဲ ကျွန်တော်ရဲ့ ပထမအဖြေကို နိဂုံးချုပ်ခွင့်ပြုပါခင်ဗျား။

ဒုတိယမေးခွန်းကတော့ ကျွန်တော်တို့ ချင်းပြည်နယ်အမှတ်(၈)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဟာရှိန်းဘွေ က မေးတဲ့ ဝေးလံသီခေါင်ပြီးတော့ သွားရေး လာရေးခက်ခဲတဲ့ ဒေသကနေ ဆရာဝန်ဘွဲ့ရရှိပြီးတော့ ဆမ ရထားတဲ့သူ ဒေသခံလူငယ်များ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အခုကတော့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ပေါ့လေ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့က ခေါ်ယူစစ်ဆေးတဲ့ စာမေးပွဲမှာ အကြိမ်ကြိမ်ဖြေဆိုပေမယ့် ရွေးချယ်ခြင်း မခံရဘဲနဲ့ နိုင်ငံတော်ရဲ့ ဝေးလံခက်ခဲတဲ့ ဒေသမှာရှိတဲ့ တိုင်းရင်းသားပြည်သူများရဲ့ ကျန်းမာရေးစောင့်ရှောက်မှု အခက်ကြုံနေရသည်ကို ဘယ်လိုဖြေရှင်းပေးမလဲဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။

ဒီ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ နည်းဥပဒေပုဒ်မ ၇(က)မှာ ဝန်ထမ်းအဖွဲ့အစည်းအသီးသီးမှာ ပြန်တမ်းဝင်အရာရှိအဆင့် စတင်ခန့်ထား ရာထူးနေရာ လစ်လပ်မှုရှိသည့်အပြင်ပြင်ပပုဂ္ဂိုလ်ကို ခန့်ချင်ရင် အဖွဲ့ကသာ ရွေးချယ်ခန့်ထားပေးရမယ်။ ပုဒ်မ ၈ မှာလည်း ဝန်ထမ်းအဖွဲ့အစည်းများသည် လစ်လပ်သော ပြန်တမ်းဝင်အရာရှိအဆင့် စတင် ရာထူးခန့်ထားနေရာများတွင် ပြင်ပပုဂ္ဂိုလ်အား ခန့်အပ်လိုပါက ရွေးချယ်ပေးရမယ့် အရေအတွက်၊ သတ်မှတ်ချက်များဖော်ပြ၍ ရွေးချယ်ပေးရန်အဖွဲ့သို့ အဆိုပြုရမည်လို့ သတ်မှတ်ထားတဲ့အတွက် ကျန်းမာရေးဝန်ကြီးဌာန အနေနဲ့ရော၊ အခြားဝန်ကြီးဌာနများ အနေနဲ့ရော ပြန်ထမ်းဝင်အရာရှိ ကာကွယ်ရေးဝန်ကြီးဌာနက လွဲလို့ပေါ့။ ပြန်တမ်းဝင်အရာရှိအဆင့် ခန့်တဲ့အခါမှာ ရာထူးဝန်အဖွဲ့ကို တင်ပြပြီးတော့မှ ကျွန်တော်တို့ ခန့်အပ်နေရတာ ဖြစ်ပါတယ်။

တစ်ချိန်တစ်ခါတုန်းကတော့ ကျွန်တော်တို့က ဖွဲ့စည်းပုံကို ကျွန်တော်တို့ ဒီ ၁၉၈၈ နောက်ပိုင်းမှာ ဖွဲ့စည်းပုံတွေ တအားတိုးချဲ့လိုက်တဲ့ အခါမှာ ဆရာဝန်လိုအပ်ချက် တအားများလာတဲ့ အတွက်ကြောင့်မို့လို့ မဝင်မနေရ အနည်းဆုံး (၃)နှစ်လုပ်ရမယ်ဆိုတဲ့ အခြေအနေတွေ

ပေါ်ပေါက်လာပြီးတော့ အောင်သမျှအားလုံးကို ကျွန်တော်တို့ အလုပ်ခန့် နိုင်တဲ့ခေတ်မှာ Batch the Best က အောင်တဲ့သူ အားလုံးကို ခန့်တဲ့အတွက် ရာထူးဝန်အဖွဲ့မှာ စာမေးပွဲ သွားမဖြေဘဲနဲ့ ရာထူးဝန်အဖွဲ့နဲ့ ညှိနှိုင်းပြီးတော့ အဲဒီကနေ Form တွေကို ယူပြီးတော့ ကျန်းမာရေးဝန်ကြီးဌာနမှာ ဖြည့်ပြီးတော့၊ အားလုံးကို ရွေးလိုက်ပြီးတော့ ဒီ Form တွေကို ရာထူးဝန်အဖွဲ့ကို ပေးလိုက်တဲ့အခါမှာ ရာထူးဝန်အဖွဲ့က အားလုံးကို အတည်ပြုခန့်အပ်လိုက်ပါတယ်။ ကျွန်တော်တို့က အဲဒီအချိန်မှာ ကျန်းမာရေးဝန်ကြီးဌာနက တိုက်ရိုက်ခန့်အပ်တာ မဟုတ်ဘဲနဲ့ ကျန်းမာရေးဝန်ကြီးဌာနက ရာထူးဝန်အဖွဲ့ရဲ့ကိုယ်စား တစ်တန်းလုံးကို တစ် Batch လုံးကို ခန့်မှာဖြစ်တဲ့အတွက် ကျွန်တော်တို့က Form တွေယူဖြည့်၊ တာဝန်ယူဖြည့်ခိုင်းလိုက်ပြီး ပေးလိုက်ပါတယ်။

တကယ်ကတော့ ပြန်တမ်းဝင်အရာရှိအဆင့်သည် ရာထူးဝန်အဖွဲ့ကပဲ ခန့်ရမယ်ဆိုတာ ဥပဒေနဲ့ ပြဋ္ဌာန်းထားပြီးသား ဖြစ်ပါတယ်။ အဲဒီတော့ ဒီ အရင်(၃၊ ၄)နှစ်က အဲဒီလိုလုပ်ခဲ့ပေမယ့် ၂၀၀၉ ခုနှစ်မှာ ဖွဲ့စည်းပုံချဲ့လိုက်တာတွေက တဖြည်းဖြည်း Securited ဖြစ်လာတဲ့အတွက် Batch တစ်ခုလုံးကို ခန့်အပ်နိုင်ခြင်း ကျွန်တော်တို့ မရှိတော့ပါဘူး။ အောင်တဲ့လူ အားလုံးကို ခန့်အပ်နိုင်ခြင်း မရှိတော့တဲ့အတွက်ကြောင့်မို့လို့ ရာထူးဝန်အဖွဲ့ကို တင်ပြပြီးတော့ ကျွန်တော်တို့ ဘတ်ဂျက် ခွင့်ပြုချက်အရ ခန့်အပ်နိုင်မယ့် အနေအထားတွေကို တင်ပြပြီးတော့ ကျွန်တော်တို့ ပြည်ထောင်စု ရာထူးဝန်အဖွဲ့က စစ်ဆေးတဲ့ စာမေးပွဲမှာ ရွေးချယ်ခံရတဲ့ လူတွေကိုပဲ ကျွန်တော်တို့က ခန့်အပ်လာကြရတာ ဖြစ်ပါတယ်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေနဲ့လည်း ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ၃၅၂ မှာ နိုင်ငံတော်သည် အလုပ်အကိုင် ခန့်ထားရာတွင်ဖြစ်စေ၊ နိုင်ငံ့ဝန်ထမ်း ရွေးချယ် တာဝန်ပေးရာတွင်ဖြစ်စေ သတ်မှတ်သော အရည်အချင်းနဲ့ ပြည့်စုံပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ မည်သည့်နိုင်ငံသားကိုမျှ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ သာသနာ၊ အမျိုးသား၊ အမျိုးသမီးကို အကြောင်းပြုလျက် ရာထူးရွေးချယ် ခန့်ထားခြင်းကို ခွဲခြားမှုမပြုရဆိုတဲ့ ဒီ Discriminate မလုပ်ဖို့ ပြဋ္ဌာန်းထားနဲ့အညီ ပြည်ထောင်စုရာထူးဝန် အဖွဲ့အနေနဲ့လည်း တရားမျှတအောင် စစ်ဆေးရွေးချယ်မှုများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။

အဲဒီတော့ ရေးဖြေအောင်မြင်သူများကို နှုတ်ဖြေစစ်တဲ့အခါမှာ ဝေးလံတဲ့ ပြည်နယ်ဒေသတို့က လာရောက်ဖြေဆိုတဲ့လူတွေကိုလည်း အတတ်နိုင်ဆုံး သက်ညှာစွာ စစ်ဆေးရွေးချယ်ပေး

လျက်ရှိပါတယ်။ စစ်ဆေးရွေးချယ်ပေးလျက်ရှိတဲ့အခါမှာ မနှစ်က ကျွန်တော်တို့ (၅၀၀)ခန့် ပါတယ်။ ဒီနှစ်က(၁၅၀၀) ခန့်ပါတယ်။ ယခုအခါမှာ ဝန်ထမ်း ၂/၃ ဆိုတဲ့မူကိုလည်း ကျန်းမာရေးဝန်ကြီး ဌာနအတွက်ကို အစိုးရအဖွဲ့ကနေ ပယ်ဖျက်ပေးပြီးဖြစ်တဲ့အတွက် ကျွန်တော်တို့အနေနဲ့ လိုအပ်တဲ့ ဝန်ထမ်းတွေကို လိုအပ်သလောက်ကို ခန့်ထားနိုင်ဖို့ ကျွန်တော်တို့ လုပ်ပါတယ်။ မနှစ်ကစပြီး တော့ ၂၀၁၂-၂၀၁၃ ဘတ်ဂျက်က ရတယ်။ ရတဲ့အခါမှာ ကျွန်တော်တို့ဆီမှာ အဲဒီရတဲ့အချိန် ကျတော့မှ (၁၅၀၀)ကို စခန့်ဖို့ ကျွန်တော်တို့ လုပ်ရတယ်။ လုပ်တဲ့အခါမှာ လူ (၃၀၀၀)လောက် ဝင်ဖြေတယ်။ ဝင်ဖြေပြီးတော့ အခု Viva ကို (၁၉၀၀)ကျော် ပါတယ်။ (၁၉၀၀)ကို Viva မေးဖို့ဆိုတာ အင်မတန် ကြာတဲ့အရာ ဖြစ်ပါတယ်။ ရာထူးဝန်အဖွဲ့မှာလည်း မေးနိုင်တဲ့ မေးဖို့က အဖွဲ့ဝင်(၅)ယောက်ပဲ ရှိတဲ့အတွက် ဒီ (၅)ယောက်နဲ့သာ ကျွန်တော်တို့က စစ်ရင် တစ်နေ့မှာ တစ်ယောက်ကို (၁၅)ယောက်ထက် ပိုပြီးတော့ မမေးနိုင်တဲ့အတွက် ရက်တွေက သိပ်ကြာတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့က ကျန်းမာရေးဝန်ကြီးဌာနရဲ့ ညွှန်ချုပ်နဲ့ ဒုညွှန်ချုပ် အဆင့်ရှိတဲ့ ဟိုဘက်မှာလည်း သင်ကြားရေးဘက်ကပြောရင်တော့ ပါမောက္ခချုပ်နဲ့ ဒုတိယ ပါမောက္ခချုပ် အဆင့်ရှိတဲ့ ပုဂ္ဂိုလ်များကို အလှည့်ကျ ပြည်ထောင်စုရာထူးဝန်အဖွဲ့က ရာထူးဝန် အဖွဲ့ဝင်တွေနဲ့ တွဲဖက်ပြီးတော့ လူတွေ့မှာ ရေးဖြေကတော့ ရာထူးဝန်အဖွဲ့ကပဲ စစ်တာဖြစ်ပါတယ်။ နှုတ်ဖြေကိုကျတော့ ကျွန်တော်တို့ ကျန်းမာရေးဝန်ကြီးဌာန ပညာရှင်များပါ ပူးပေါင်းပြီးတော့ မေးကြပါတယ်။ အဲဒါကြောင့်မို့လို့ သတ်မှတ်အရည်အချင်း ပြည့်မီပြီးတော့ ကျွန်တော်တို့ ဆေးတက္ကသိုလ်တွေကနေပြီးတော့ ကျွန်တော်တို့ Final Part 2 ပေါ့။ စာမေးပွဲလည်း အောင်တယ်။ အလုပ်သင်ဆရာဝန်ကိုလည်း ပြီးမြောက်တဲ့လူတွေကို MBBS ဘွဲ့ ပေးပြီးတော့ ကျွန်တော်တို့ အရင်တုန်းကလို (၃)နှစ်တာဝန်ထမ်းဆောင်ပြီးမှတို့ အမြဲတမ်း တာဝန်ထမ်းဆောင်မှ ဆမ ပေးတာ မဟုတ်ဘဲနဲ့ ကျွန်တော်တို့က အခုချိန်မှာ အောင်တဲ့လူတွေကို ဆမ သင်တန်းလွှတ်ပြီး ချက်ချင်း ဆမ ထုတ်ပေးနေပြီဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ဒီ ဒုတိယအချက်ကိုပြောရရင် ဒီမိုကရေစီကျင့်စဥ်များအရကတော့ ယှဥ်ပြိုင်အရွေးခံရမှာပဲ ဖြစ်ပါတယ်။ အရေအတွက်အစား အရည်အချင်းကို ဦးစားပေးရမယ်။ အခုအချိန်မှာ Quality Drive ကို လုပ်ရမယ်လို့ တစ်ဖက်က ပြောလာတဲ့အချိန်မှာ နိုင်ငံတကာနဲ့ ရင်ပေါင်တန်းရမယ်လို့ ပြောလာတဲ့အချိန်မှာ သတ်မှတ်အရည်အချင်း ပြည့်မီရေးအတွက် ယှဥ်ပြိုင်

အရွေးခံရသူများမှာ ကိုယ့်ကိုကိုယ် ဖြည့်ဆည်းလေ့ကျင့်ဖို့ တာဝန်ရှိပါတယ်။ အရည်အသွေး၊ အရည်အချင်း မပြည့်မီသူတစ်ဦးတစ်ယောက်ကို စိစစ်ခြင်းမရှိဘဲနဲ့ တိုက်ရိုက်ခန့်ထားလိုက်လို့ ရှိရင် ဒေသခံလူထုရဲ့ကျန်းမာရေး၊ အသက်အန္တရာယ် တစ်စုံတစ်ခု ပေါ်ပေါက်လာပါက၊ ပေါ်ပေါက်လာမယ်ဆိုရင် ဘယ်သူက တာဝန်ခံမှာလဲ၊ ဘယ်သူက တာဝန်ယူမှာလဲ၊ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ နစ်နာသူဖြစ်တဲ့ ဒေသခံလူထု လက်ခံနိုင်အောင် ဖြေရှင်းပေးဖို့ အခက်အခဲရှိနေမယ် ဖြစ်ပါတယ်။

အဲဒီတော့ ဒီ အခုအချိန်မှာတော့ ဒေသခံ လူထုအတွက် ကျန်းမာရေးဆိုင်ရာလုံခြုံမှုနဲ့ ပတ်သက်ပြီးတော့ အားနည်းချက် အနည်းဆုံး ဖြစ်အောင် ကျွန်တော် ပြောတာက ဘယ် System မှ Perfect မဖြစ်ပါဘူး။ အားနည်းချက် အနည်းဆုံးဖြစ်အောင် အခုအချိန်မှာ ကျွန်တော်တို့ စဉ်းစားနေပါတယ်။ ကျွန်တော်တို့ အချိန်ကုန်၊ ငွေကုန်၊ အပင်ပန်းခံပြီးတော့လည်း လုပ်ပေးနေပါတယ်။ အဲဒီတော့ ကိုယ်စားလှယ်တော်ကြီးပြောသလို အခုအချိန်မှာ ရှားရှားပါးပါး ဆမ ရပြီးသား ဆရာဝန်လေးတွေ လုပ်ချင်လာကြတယ်။ ကိုယ့်တိုင်းပြည်မှာ ကိုယ် တာဝန်ထမ်းဆောင်လာကြတာ ကျွန်တော့်အနေနဲ့ အများကြီး ဝမ်းသာပါတယ်။

ကျွန်တော်တို့ ဆရာဝန်ဘဝတုန်းကတော့ ကျွန်တော်တို့ သူငယ်ချင်းတွေ အကုန် ဆရာဝန်ဖြစ်ရင် အမေရိကား သွားတာပဲ။ ချင်းတောင်က ဆရာဝန်ဖြစ်ပြီဆိုရင် အခုအချိန်မှာ နိုင်ငံရဲ့အခြေအနေလည်း ပြောင်းလဲလာပြီဖြစ်တဲ့အတွက် ချင်းပြည်နယ်မှ ချင်းအမျိုးသား ဆရာဝန်များသည် ကိုယ့်ပြည်နယ်ကိုယ် အကျိုးပြုချင်တယ်ဆိုတာ ကျွန်တော့်အနေနဲ့ အများကြီးပဲ ဝမ်းသာကြိုဆိုပါတယ်။ နောက်တစ်ခုရှိတာက ဘယ်နိုင်ငံမှာမဆို ဆေးတက္ကသိုလ်ကအောင်တဲ့ ဆရာဝန်တိုင်းကို ဘယ်အစိုးရမှ ရာနှုန်းပြည့် အလုပ် မခန့်နိုင်ပါဘူးခင်ဗျ။ Private Sector ဆိုတာ ရှိပါတယ်။ International NGO တွေ Run လုပ်နေတဲ့ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းမှာလည်း ရှိပါတယ်။

အဲဒီတော့ ကျွန်တော်တို့ နိုင်ငံမှာလည်း ကျွန်တော်တို့ အပြင်ဆေးခန်းတွေ၊ အပြင်ဆေးရုံတွေရှိသလို INGO၊ NGO တွေ တာဝန်ယူဆောင်ရွက်နေတဲ့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများလည်း ရှိပါတယ်။ ဒါကြောင့်မို့လို့ အစိုးရရဲ့ အလုပ်ကို ကြိုးစားပြီး ဖြေနေတုန်းမှာ တကယ်ကိုယ့်ဒေသခံပြည်သူလူထုရဲ့ အကျိုးကို ဆောင်ချင်တယ်ဆိုရင် General Practitioner ပဲ ဖြစ်ဖြစ် GP တစ်ယောက်သည်လည်း စိတ်ကောင်းစေတနာကောင်းထားပြီးတော့ ကိုယ်စွမ်းရှိသမျှ ဉာဏ်စွမ်း

ရှိသမျှ ပြည်သူလူထုရဲ့ ကိုယ့်ပတ်ဝန်းကျင်၊ ကိုယ့် Community၊ ကိုယ့် Society ကိုယ့်ဒေသ လူထုအကျိုး ဆောင်မယ်ဆိုရင် ဒါဟာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ငယ်ငယ်တုန်းက ကျွန်တော်တို့ အတန်းတွေတုန်းက (၃)နှစ်တစ်ခါ ခေါ်တာတောင် လူ(၅၀)ပဲ ခန့်တဲ့ခေတ်က ဖြစ်ပါတယ်။ အများစုကြီးသည် ကိုယ့်ဒေသမှာကိုယ် ဒီပြင်ပဆရာဝန်တွေအနေနဲ့ ဒေသရဲ့အကျိုးကို ဆောင်ရွက်ပြီးတော့ အခုအချိန်မှာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တွေ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တွေ ဖြစ်နေတဲ့သူတွေလည်း ရှိပါတယ်။ ဒါ တစ်ချိန်တုန်း ကလည်း ကျွန်တော်တို့ မခန့်နိုင်ပါဘူး။ အခုအချိန်မှာတော့ တတ်နိုင်သလောက် ပြည်သူလူထုရဲ့ လိုအပ်ချက်ကို ပြည့်စုံအောင် ကျွန်တော်တို့ ခန့်သွားပေးဖို့ပဲ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ကိုယ်စားလှယ်တော်ကြီးရဲ့ မေးခွန်းကို လာမယ့်ဘတ်ဂျက်မှာဖြင့် ဘယ်လိုဖြေရှင်းမလဲဆိုတဲ့ ကျွန်တော်တို့တွေသည် အရင်တုန်းက Backlog ရှိပါတယ်။ (၃)နှစ်မှာ တစ်ခါလောက်ခန့်တာ၊ အခုကျွန်တော် မနှစ်က (၅၀၀)ခန့်တယ်၊ ဒီနှစ် (၁၅၀၀)ခန့်တယ်။ လာမယ့် (၂)နှစ်၊ (၃)နှစ်အတွင်းမှာ ကျွန်တော်တို့က Backlog မကျန်အောင်ပေါ့။ အခု အောင်ပြီးတဲ့သူကို မကြာမတင်အတွင်းမှာ ခန့်နိုင်အောင် ကျွန်တော်တို့ လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။ တစ်ဖက် ကလည်း ကျွန်တော်တို့က (၂၀၀၀)ကျော် ထုတ်နေတယ်။

ဒါနဲ့ဆက်စပ်ပြီး ပြောရရင် ပြောကြတာတွေ ရှိပါတယ်။ ခန့်လည်း မခန့်နိုင်ဘဲနဲ့ ဒီလောက် အများကြီးထုတ်လဲ ဘာညာပေါ့။ ကျောင်းသားနဲ့ဆရာဝန်နဲ့ ကျောင်းနဲ့မမျှဘူးတို့၊ ဆရာနဲ့ ကျောင်းသားနဲ့ မမျှဘူးတို့၊ လျှော့ပါဆို လတ်တလော အစီအစဥ်အနေနဲ့ (၁၂၀၀)ကို လျှော့ပြီးတော့ လက်ခံပါတယ်။ ဒါသည် ရေရှည်တော့ မဟုတ်ပါဘူးခင်ဗျ။ ဘာဖြစ်လို့လဲဆို ကျွန်တော်တို့ နိုင်ငံတွေမှာ အာဆီယံတွေရဲ့ ဆရာဝန်၊ လူနာ Ratio မျှအောင် ကျွန်တော်တို့ ပြည်သူလူထုနဲ့ဆို တကယ်တော့ ကျွန်တော်တို့ (၂၀၀၀)လောက် လိုပါတယ်။ သို့သော် (၂၀၀၀) လောက်ကို တက္ကသိုလ်(၁၀)ခု၊ ဖြစ်နိုင်ရင် အခု (၂၀)လောက်က မွေးထုတ်မယ်ဆိုရင် အင်မတန် မျှတပါတယ်။ ကောင်းလည်း ကောင်းပါတယ်။

နိုင်ငံတကာတက္ကသိုလ်ကြီးတွေ၊ ဆေးတက္ကသိုလ်ကြီးတွေ ကြည့်လို့ရှိရင် တစ်နှစ်ကို (၁၀၀)၊ (၁၂၀) အလွန်အလွန် (၂၀၀)ဆိုတာ အများဆုံးပါပဲ မွေးထုတ်တာ ကျွန်တော်တို့က (၂၄၀၀) လက်ခံပြီးတော့ တက္ကသိုလ်(၄)ခုက မွေးထုတ်နေရတဲ့အတွက် တက္ကသိုလ်တစ်ခုက (၆၀၀)လောက်

ထုတ်နေရပါတယ်။ အဲဒီအခါမှာ ဆရာနဲ့ ကျောင်းသားမမျှမှု စာသင်ခန်းတွေ မမျှမှုဆိုတာတွေ ရှိလာပါတယ်။ ဒီလိုပဲ ဆရာနဲ့ ကျောင်းသားမမျှတာကို ဆရာတွေ တိုးခန့်လို့ ရနိုင်ပေမယ့် ကျောင်းသားနဲ့ လူနာနဲ့ မမျှတာကိုတော့ လူနာကို အတင်းဆေးရုံတက်ခိုင်းဖို့ လေ့လာမယ့် ကျောင်းသားတွေ များနေတယ်။ လူနာတွေ ဆေးရုံတက်ကြလို့ ကျွန်တော်တို့ ပြောလို့ မရပါဘူး။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ လတ်တလောအစီအစဉ်မှာ လူကို လျှော့ယူထားပေမယ့် မကြာခင်မှာ ဆေးတက္ကသိုလ် ဆေးကျောင်းအသစ်များဖွင့်ပြီးတော့ ကျွန်တော်တို့ ရှေးနှစ်ကစ ပြီးတော့ ဒါ ဥက္ကဋ္ဌကြီးလည်း သိမှာပါ။ ကျွန်တော်တို့ တောင်ကြီးမှာ စတင်ပြီးတော့ ဆောက်ပြီး တော့ ဒီလုပ်ငန်းကို စတော့မှာပါ။ ပြီးရင် ပြည်နယ်တွေမှာ ဖွင့်ခွင့်ရဖို့ ဒါပြီးရင် မော်လမြိုင်၊ မကွေးစသည်ဖြင့် ဆက်တိုက်လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။

အဲဒီတော့ ကျွန်တော်တို့ဘက်က အပြည့်အဝ မွေးထုတ်နိုင်လာတဲ့အခါ ခန့်အပ်မှုကို လည်း အခုအချိန်မှာ နိုင်ငံတော်ကနေပြီးတော့ ဖြေလျှော့ပေးလိုက်ပြီးတော့ ၂/၃ မဟုတ်ဘဲနဲ့ အပြည့်ခန့်ဖို့ ပြောတဲ့အခါမှာ ပြေလည်သွားနိုင်စရာ ရှိပါတယ်။ ဒါပေမဲ့ ကိုယ်စားလှယ်တော်ကြီး ကို ကျွန်တော် တစ်ချက် ကိုယ်စားလှယ်တော်ကြီး အပါအဝင် ဝေးလံခေါင်ဖျားဒေသက ကိုယ်စားလှယ်များကို ကျွန်တော့်အနေနဲ့ ကျန်းမာရေးဝန်ထမ်းများရဲ့ကိုယ်စား မေတ္တာရပ်ခံ လိုတာက လမ်းပန်းဆက်သွယ်ရေး ခက်ခဲပါတယ်။ စားဝတ်နေရေး ကြပ်တည်းပါတယ်။ ဘာသာ စကား အခက်အခဲ ရှိပါတယ်။ ရှင်သန်ဖို့ ခက်ပါတယ်။

ကိုယ်စားလှယ်တော်ကြီးရဲ့ ဒေသခံတွေမှာတောင်မှ ဒီလို အခက်အခဲတွေ ရှိနေတဲ့ အခါမှာ ကိုယ်စားလှယ်တော်ကြီးတွေတောင်မှ ဒီလိုအခက်အခဲမျိုးတွေ တွေ့နေရတဲ့အခါမှာ ကျွန်တော်တို့ ပြည်မက ဆရာဝန်၊ ဆရာမ အပါအဝင် အခြားသော ဝန်ထမ်းများကို လွှတ်တဲ့ အခါမှာ သူတို့ မလွဲမသွေ ဒီဒုက္ခကို တွေ့ရမှာ အမှန်ပါပဲ၊ ဒါကြောင့်မို့လို့ ဒေသခံကိုယ်စားလှယ် များရဲ့ ဒေသခံပြည်သူလူထုရဲ့ ပါဝင်ပူးပေါင်း စောင့်ရှောက်မှု မရှိဘူးဆိုရင် မစောင့်ရှောက်ဘူး သူတို့ကို မပံ့ပိုးဘူး၊ သူတို့ဘက်ကို မစဉ်းစားပေးဘူးဆိုရင်တော့ ထွက်ပြေးတာတွေက ရှိနေဦးမှာပဲ၊ ဒါကြောင့် ကျွန်တော့်အနေနဲ့ ကိုယ်စားလှယ်တော်ကြီးများကနေတစ်ဆင့် ပြည်နယ်လူထုကလည်း သူတို့ ပြည်နယ်ကို လာရောက်တာဝန်ထမ်းဆောင်ပေးတဲ့ ဆရာဝန်၊ ဆရာမပဲဖြစ်ဖြစ်၊ အခြား ဝန်ထမ်းပဲဖြစ်ဖြစ်ကို တတ်နိုင်သလောက် ပံ့ပိုးပေးကြစေချင်ပါတယ်။

အရင်တုန်းက ကျွန်တော်တို့တွေက မသွားရင် DE၊ PE စစ်ပြီးတော့ အလုပ်ထုတ်ပါတယ်ခင်ဗျ၊ ပြီးတော့ ဆမ သိမ်းပါတယ်။ အဲဒီတော့ အဲဒီအခါကျတော့ ဘယ်သူပဲ နစ်နာလဲဆိုတဲ့အခါကျတော့ ကာယကံရှင်နဲ့ ကာယကံရှင်မိသားစု၊ ဆရာဝန်မိသားစု နစ်နာတယ်။ ဒေသခံပြည်သူလူထု နစ်နာတယ်။ ကျွန်တော်တို့ ကျန်းမာရေးဝန်ကြီးဌာနလည်း နစ်နာတယ်။ နိုင်ငံတော်မှာ နစ်နာပါတယ်။ အဲဒီတော့ Carrot and Stick Approach မှာ ကျွန်တော်တို့ တစ်ချိန်တုန်းက Stick ကို ပေးခဲ့တဲ့အခါမှာ ကျွန်တော်တို့ ဆရာဝန်တွေ ဆုံးရှုံး သွားပြီးတော့ အလုပ်ထွက်သွားပြီး ဆမသိမ်းခံရတာ လျော်ကြေးပေးရတာတွေက လွဲပြီးတော့ အကျိုးမရှိတဲ့အတွက် အခုအချိန်မှာ ကျွန်တော်တို့ နိုင်ငံတော်သမ္မတကြီးကို တင်ပြပြီးတော့ ကျွန်တော်တို့ သွားချင်အောင် ပထမ Incentive အနေနဲ့ ကျွန်တော်တို့က တောင်းတာက သုံးဆပါခင်ဗျ။ ကျွန်တော်တို့ကလည်း တစ်ဆပေးမယ်။ ဗိုလ်ချုပ်တို့(နတလ)ကလည်း တစ်ဆ ပေးမယ်။ ဒေသကလည်း တစ်ဆပေးမယ်ဆိုရင် သုံးဆဆိုရင်တော့ လုပ်နိုင်ကြလိမ့်မယ်။

နောက်တစ်ချက်က ဘွဲ့လွန်ဖြေတဲ့အခါမှာ လောက်လောက်လားလား အရွေးခံနိုင်ဖို့ အမှတ်ပေးမယ်။ အာမခံချက် ကျွန်တော်တို့ အခု ပေးပါတယ်။ နောက်တစ်ခုကလည်း ပြည်နယ်မှာ တာဝန်ကျထမ်းဆောင်ပြီးလို့ နှစ်ပြည့်လို့ရှိရင် တောင်းတဲ့နေရာ ကျွန်တော်တို့ ပြန်ပေးပါတယ်။ First Choice မရရင်တောင်မှ Second Choice ပြန်ပေးပါတယ်။ ဒီနည်းလမ်းအားဖြင့် ကျွန်တော်တို့တွေသည် ဒီပြည်နယ် ဝေးလံခေါင်ဖျားဒေသတွေမှာ သွားချင်အောင်၊ ဝန်ထမ်းတွေ တာဝန်ထမ်းဆောင်ချင်အောင် လုပ်ပါတယ်။ လောလောဆယ်တော့ နှစ်ဆက အောင်မြင်ပါသေးတယ်။ နှစ်ဆတော့ အောင်မြင်ပါပြီ။ လစာ သက်ဆိုင်ရာဒေသက ပေးမယ့် တစ်ဆကတော့ ဒေသရဲ့အခြေအနေအရ မရသေးပါဘူး။ ဒီလိုအစီအမံတွေနဲ့လည်း ကျွန်တော်တို့ ဆောင်ရွက်ပေးနေပါတယ်ဆိုတာ တင်ပြရင်း နိဂုံးချုပ်ပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၁၂။**

**ဒေါက်တာတင်ရွှေ၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားအပ်ပါသော ပြည်ထောင်စု ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကျွန်တော်မေးတဲ့ မေးခွန်းကို ဆောင်ရွက်နေတဲ့ ပုံသဏ္ဌာန်

များနဲ့ ရှေးဆက်ပြီးတော့ Cell Culture Vaccine များ လုပ်ပြီးတော့ ပြည်သူလူထု ခွေးကိုက်ခံရမှုကို ကြိုတင်ကာကွယ်တဲ့စနစ်ကို ကျင့်သုံးမှာ ဖြစ်ပါကြောင်း တင်ပြသွားတဲ့အတွက် အထူးပဲ လေးစား ဝမ်းမြောက်မိပါတယ်။ ကျွန်တော့်အနေနဲ့ တစ်ခု မေတ္တာရပ်ခံချင်တာကတော့ ခုန အဖြစ်များတဲ့ ဒေသတွေမှာ ကျွန်တော်တို့ ခွေးရူးကိုက်ခံရမှု ခွေးကိုက်ခံရမှု ကာကွယ်ရေး Bill Board တွေကို ပြည်သူလူထုအတွက် Add Education ကျန်းမာရေး ပညာပေးတဲ့အနေနဲ့ ထူထောင်ပြီးတော့ Bill Board များကို ထူထောင်ပြီး ကျန်းမာရေး အသိပညာပေးတဲ့ ဆောင်ရွက်မှုကို တိုးချဲ့ပြီးတော့ ဆီလုပ်ငန်းမှာ မစားသုံးသင့်တဲ့ အရာ တွေကို ကြော်ငြာသလို ကြော်ငြာပေးဖို့အတွက် လေးစားစွာ မေတ္တာရပ်ခံအပ်ပါတယ်။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး နဲ့တကွ ပြည်ထောင်စု ကျန်းမာရေးဝန်ကြီးအား အထူးကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁:၁၄။**

**ဥက္ကဋ္ဌ။** ။ အခု ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာတင်ရွှေ ရဲ့ မေးခွန်းနဲ့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဟာရှိန်းဘွေ ရဲ့ မေးခွန်းတို့ကို ပြည့်ပြည့်စုံစုံ ဖြေကြားသွားတဲ့ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကို ကျေးဇူးတင်ပါတယ်။ ဒီမေးခွန်း နှစ်ခုနဲ့ အဖြေနှစ်ခုကို နိုင်ငံတော်နဲ့ နိုင်ငံသားတို့ရဲ့အကျိုးငှာ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများ အပိုဒ် ၁၂၂ အရ နိုင်ငံတော် ပြန်တမ်းမှာ ထုတ်ပြန်ဖို့နဲ့ သတင်းစာများမှာ ထည့်သွင်းဖော်ပြဖို့ ဆုံးဖြတ်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀:၁၅။**

**ဥက္ကဋ္ဌ။** ။ယခု အစည်းအဝေးကို(၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို ၁၁:၁၅ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁:၃၀ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁:၃၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား။

## ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးက အထူးကာလစည်းကမ်းသတ်နှင့် အတိုးကန့်သတ်ရေးအက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ထောက်ခံခြင်း

**အချိန်၊ ၁၁:၃၁။**

**ဥက္ကဋ္ဌ။** ။အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၄၊ နည်းဥပဒေခွဲ(က)အရ အထူးကာလစည်းကမ်းသတ်နှင့် အတိုးကန့်သတ်ရေးအက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တရားသူကြီးက လွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၃၃။**

**ဦးစိုးညွန့်(ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးစိုးညွန့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကိုယ်စား အထူးကာလ စည်းကမ်းသတ်နှင့် အတိုးကန့်သတ်ရေး အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား စဉ်းစား ဆွေးနွေးနိုင်ရန်အတွက် အမျိုးသားလွှတ်တော်သို့ အဆိုတင်သွင်းမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အထူးကာလ စည်းကမ်းသတ်နှင့် အတိုးကန့်သတ်ရေး အက်ဥပဒေဟာ ၁၉၄၈ ခုနှစ် လွတ်လပ်ရေး ရပြီးသည့်နောက်ပိုင်း ရောင်စုံသောင်းကျန်းသူများရဲ့ ဆူပူမှုကြောင့် တရားဝင်အစိုးရရဲ့ မြို့ပြဆိုင်ရာ အုပ်ချုပ်ရေးကို ခေတ္တရပ်သိမ်းခဲ့သည့် နေ့ကစပြီးတော့ နိုင်ငံတော်သမ္မတကြီးက ထိုဒေသအတွက် အမိန့်ထုတ်ပြန်ထားသည့်နေ့အထိ ကာလကို ကာလစည်းကမ်းသတ်ဥပဒေ ပုဒ်မ(၄)အရ တရားမ တရားရုံးများ ပိတ်ထားတယ်လို့ မှတ်ယူကြရန်နှင့် အဲဒီကာလအတွင်းမှာ ချေးတဲ့ငွေချေး ပဋိဉာဏ်တွေ အပေါင်စာချုပ်တွေအပေါ်မှာ အတိုးငွေထိုက်သင့်မှု မရှိစေရလို့ ပြဋ္ဌာန်းထားချက် ပါရှိပါတယ်။

ယခုအခါမှာတော့ အဲဒီဥပဒေဟာ ခေတ်ကာလအခြေအနေနဲ့ ဆီလျော်မှုမရှိတော့ခြင်း၊ အချိန်ကာလ ကြာမြင့်စွာ ကျင့်သုံးမှု မရှိတော့ခြင်းနဲ့ အနာဂတ်ကာလမှာလည်း ကျင့်သုံးရန်အကြောင်းမရှိတော့ခြင်းတို့ကြောင့် ရုပ်သိမ်းရန် လိုအပ်လာတဲ့အတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ရေးဆွဲတင်ပြထားတဲ့ အထူးကာလစည်းကမ်းသတ်နှင့် အတိုးကန့်သတ်ရေး အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေမူကြမ်းအား အမျိုးသားလွှတ်တော်မှ ဆွေးနွေးစဉ်းစားပေးနိုင်ပါရန် အဆိုတင်သွင်း အပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၃၄။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁း၃၄။**

**ဦးအောင်မြင့်သိန်း၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးက အဆိုတင်သွင်းသွားသော အထူးကာလစည်းကမ်းသတ်နှင့် အတိုးကန့်သတ်ရေး အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးပေးပါရန် ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးအောင်မြင့်သိန်း က ထောက်ခံအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ က အထူးကာလစည်းကမ်းသတ်နှင့် အတိုးကန့်သတ်ရေး အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို ဆွေးနွေးစဥ်းစားရန် အမျိုးသားလွှတ်တော်၏ သဘောတူညီချက် ရယူခြင်း

**အချိန်၊ ၁၁း၃၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အထူးကာလ စည်းကမ်းသတ်နှင့် အတိုးကန့်သတ်ရေး အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အထူးကာလ စည်းကမ်းသတ်နှင့် အတိုးကန့်သတ်ရေး အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဥ်းစားရန် သင့်/မသင့် လွှတ်တော်ရဲ့ သဘောထား ရယူမှာဖြစ်ပါတယ်။ အထူးကာလစည်းကမ်းသတ်နှင့် အတိုးကန့်သတ်ရေး အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို ဆွေးနွေးစဥ်းစားရန် လွှတ်တော်ကသဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့ သူရှိပါသလား ခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူ သူမရှိတဲ့အတွက် အထူးကာလစည်းကမ်းသတ်နှင့် အတိုးကန့်သတ်ရေး အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဥ်းစားရန် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

# အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ က အထူးကာလစည်းကမ်းသတ်နှင့် အတိုးကန့်သတ်ရေး အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**အချိန်၊ ၁၁း၃၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အထူးကာလ စည်းကမ်းသတ်နှင့် အတိုးကန့်သတ်ရေး အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို

ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၂၄-၁-၂၀၁၃ (ကြာသပတေးနေ့) ထက်နောက်မကျဘဲ အမျိုးသားလွှတ်တော်ဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။ တင်သွင်းထားတဲ့ ဥပဒေကြမ်းနဲ့ စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ လေ့လာတွေ့ရှိချက်နဲ့ သဘောထားမှတ်ချက်တို့ကို ဖတ်ကြားတင်သွင်းရန်နှင့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးရန် နေ့ရက်ကို သီးခြားသတ်မှတ်ပေးမှာ ဖြစ်ပါတယ်။

## ဦးပေါလ်ထန်ထိုင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၃) ၏ ဝေးလံခေါင်ပါး၍ လူမှုရေးခက်ခဲသောဒေသရှိ ပြည်သူများ၏ ပညာရေးနှင့် ကျန်းမာရေးအား ဖွံ့ဖြိုးမှုရှိသောဒေသများထက်လျော့ပေါ့၍ အထူးအစီအစဉ်ဖြင့်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**အချိန်၊ ၁၁း၃၅။**

**ဥက္ကဋ္ဌ။** ။အစီအစဉ်(၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးပေါလ်ထန်ထိုင်း တင်သွင်းထားတဲ့ ဝေးလံခေါင်ပါး၍ လူမှုရေးခက်ခဲသော ဒေသရှိ ပြည်သူများ၏ ပညာရေးနှင့်ကျန်းမာရေးအား ဖွံ့ဖြိုးမှုရှိသော ဒေသများထက် လျော့ပေါ့၍ အထူးအစီအစဉ်ဖြင့် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ် (၁၂)ဦး အမည်စာရင်း တင်သွင်းထားပါတယ်။

ပထမဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆလိုင်းခွဲယန် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၃၆။**

**ဦးဆလိုင်းခွဲယန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆလိုင်းခွဲယန် ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးပေါလ်ထန်ထိုင်း ရဲ့ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍမှာ သတ်မှတ်၊ ကန့်သတ်ထားတဲ့ စံ၊ လုပ်ထုံးလုပ်နည်းတွေကို လျှော့ပေါ့ ဖြေလျှော့ပေးဖို့ ဆိုတဲ့အဆိုအပေါ် ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ အဆိုရှင် တင်သွင်းတဲ့အထဲက ပညာရေးကဏ္ဍနဲ့ပတ်သက်လို့ ကတော့ ပထမအကြိမ်၊ အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးမှာ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းကျော်ဇောသန်း က အဆိုတင်ပြီး ၂၃-၁၁-၂၀၁၂ နေ့မှာ ကျွန်တော်နဲ့ ဦးအောင်ကြည်ညွန့်တို့က ဆွေးနွေးကြပြီးတော့ ကန့်ကွက်သူ မရှိဘဲနဲ့ လွှတ်တော်က အတည်ပြုဖို့အတွက် အထူးဆွေးနွေးရန် မလိုအပ်တော့ဘဲ အစိုးရအဖွဲ့က အားထည့်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ရန်သာ ရှိတယ်ဆိုတာကို ကျွန်တော့်အနေနဲ့ ထင်မြင်ယူဆ ရပါတယ်။ ဒါကြောင့် ကျန်းမာရေးကဏ္ဍကိုလည်း ကျွန်တော် ဦးစားပေး ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျန်းမာရေးဝန်ကြီးဌာန၏ ထောင်စုနှစ် ရည်မှန်းချက်ကတော့ လူတိုင်းသက်တမ်းစေ့ နေထိုင်နိုင်ရေးပဲ ဖြစ်ပါတယ်။ မြန်မာနိုင်ငံအတွက် လူ့သက်တမ်းဟာ ဘယ်နှစ်နှစ်အထိ ပျမ်းမျှတွက်ချက်ထားသလဲဆိုတာ မသိရှိပေမယ့် မကြာခင်က လွှတ်တော်မှာ ကြားသိရတာကတော့ အမျိုးသား(၆၅)နှစ်၊ အမျိုးသမီး(၇၅)နှစ်လို့ ကြားသိရပါတယ်။ လူတစ်ယောက်ဟာ သက်တမ်းစေ့ နေထိုင်နိုင်တယ်ဆိုရင်တောင်မှ ကျန်းမာရေးကောင်းဖို့ အထူး လိုအပ်ပါတယ်။ ကျန်းမာရေးကောင်းနိုင်ဖို့အတွက် သဘာဝအဖြစ် ကျန်းမာရေးကောင်းဖို့ ရှိသလို၊ ဆေးဝါးမှီဝဲခြင်း၊ ကုသမှု ခံယူခြင်းကြောင့် ကျန်းမာရေးကောင်းတာလည်း ရှိပါတယ်။ တိုတိုပဲပြောရမယ်ဆိုရင် နိုင်ငံသားတိုင်းဟာ ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝ ရရှိခံစား နိုင်ဖို့လိုအပ်ပါတယ်။ ကျန်းမာရေးအခြေခံအသိပညာရရှိမှု၊ ဖြစ်ပွားတတ်တဲ့ရောဂါအတွက် ကာကွယ်ဆေးရရှိနိုင်မှု၊ ရောဂါဖြစ်ချိန် အနာတရ ရချိန်တွင် ဆေးဝါးကုသခွင့် ရရှိနိုင်မှုတို့ဟာ မြို့ပြတွေမှာ အခွင့်အရေး ပိုမိုခံစားရရှိပြီးတော့၊ ကျေးလက်ဒေသမှာ အနည်းငယ် သို့မဟုတ် တချို့ဒေသတွေမှာ လုံးဝမရရှိကြဘူးဆိုတာကို လွှတ်တော်ကိုယ်စားလှယ်များအားလုံး သိရှိကြပြီး ဖြစ်ပါတယ်။

ယနေ့အခါမှာ HIV, T.B ၊ ငှက်ဖျားရောဂါ၊ ဆင်ခြေထောက်ရောဂါ စသည်ဖြင့် ကျန်းမာရေးအသိပညာပေးပြောဖို့တွေဟာ မြို့ပေါ်ရပ်ကွက်တွေက လွဲရင် ကျေးလက်ဒေသလူတွေအတွက်ကတော့ ကြားဖူးနားဝ အခြေအနေပဲ ရှိပါတယ်။ ထို့အတူ ရာသီအလိုက်ဖြစ်ပွားတတ်တဲ့ ရောဂါများအတွက် လိုအပ်တဲ့ ကာကွယ်ဆေးများမှာလည်း ကျေးလက်ဒေသမှာ အလွန်ရှားပါးနေပါတယ်။ ဆေးရုံကြီးတွေမှာ မြွေဆိပ်ဖြေဆေး၊ ခွေးရူးရောဂါကာကွယ်ဆေးတွေ ရှိပေမယ့် ဝေးလံခေါင်ပါးတဲ့ မြို့ကလေးတွေမှာတော့ မြွေကိုက်ရင် ကံတရားကို အားကိုးပြီး စောင့်နေရတဲ့ အနေအထား ဖြစ်ပါတယ်။ အရေးပေါ်လူနာတွေအတွက် သွေးလိုအပ်တဲ့ အခါမှာလည်း သွေးပါမရှိတော့ လူနာရှင်ကိုယ်တိုင်က အပြေးအလွှားနဲ့ သွေးလှူမည့်သူကို ရှာကြရပါတယ်။ သွေးလှူရှင်အသင်းလေးတွေရှိတဲ့ မြို့တွေမှာတော့ သူတို့တွေက လူမှုဝန်ထမ်း သိစိတ်နဲ့ ကူညီဆောင်ရွက်ပေးတာတွေရှိပါတယ်။ ဒါပေမဲ့ ဝေးလံခေါင်းပါးတဲ့ မြို့တွေမှာ၊ ရွာတွေမှာတော့ မျှော်နေရတဲ့ဘဝပဲ ဖြစ်နေပါသေးတယ်။

ဒါကြောင့် မြို့တိုင်းတွေမှာ သွေးလှူရှင်အသင်းတွေကို စေတနာရှင်များ၏ အထောက်အပံ့အပြင် အစိုးရအဖွဲ့ကလည်း ကူညီထောက်ပံ့ပေးမှုတွေ ဆောင်ရွက်သင့်ပါတယ်။ ရန်ကုန်မြို့တော်တွေလိုနေရာမှာ သေသွားသူအတွက် နိဗ္ဗာန်ယာဉ်ကို ပူပင်စရာမလိုပေမဲ့ ဝေးလံခေါင်ပါးတဲ့နေရာမှာတော့ သေသူအတွက် သင်္ဂြိုဟ်ရအောင် ပူပင်စရာမလိုသော်လည်း ကျန်းမာရေးအစောင့်အရှောက် ရရှိခံစားနိုင်စေရန် အခွင့်အရေးကိုတော့ မြို့တော်နေ ပြည်သူတွေလိုပဲ မျှော်လင့်တောင့်တနေကြခြင်း ဖြစ်ပါတယ်။ သူတို့အတွက် ခုတင်(၁၀၀၀)ဆိုတာ မမြင်ဘူး၊ မတွေ့ဘူး၊ မရောက်ဘူးသေးပေမယ့် ခုတင်(၅၀)၊ (၂၅)ခုတင် ကျန်းမာရေးဌာန၊ ဌာနခွဲတို့ကိုတော့ မြင်ဖူး ချင်တယ် ဆိုတာကို စာနာပေးဖို့ လိုအပ်ပါတယ်။

နား၊ နှာခေါင်း၊ လည်ချောင်း အထူးကု၊ အရိုးအထူးကု၊ ကလေးအထူးကု စသဖြင့် အထူးကုပါရဂူကြီးများကို၊ ပါရဂူကြီးများရဲ့ ကုသခြင်းကို မခံရရင်နေပါစေ၊ မြို့နယ်ဆရာဝန်၊ လက်ထောက်ဆရာဝန်၊ သူနာပြုဆရာမ၊ သားဖွားဆရာမလေးတွေကိုတောင် သူတို့ မြင်ရမယ် ဆိုရင် ခံစားရမယ့်ရောဂါ တစ်ဝက်မျှ သက်သာမှာကို အားလုံးနားလည်ပေးဖို့ လိုအပ်ပါတယ်။ မကြာခင်က တပ်မတော်နယ်လှည့် ဆေးကုသရေးအဖွဲ့ ရောက်လာတဲ့အခါမှာ သူတို့ရောက်တဲ့ နေရာတွေမှာ ပြည်သူတွေက ဝမ်းပန်းတသာ ကြိုဆိုပြီးမှ မရမက တိုးဝှေ့ပြီးမှ ဆေးတစ်ခါ

အထိုးခံရေး၊ ဆေးတစ်ပြား ရရှိရေးအတွက် တစ်နေကုန်အောင် စုပြုံပြီး စောင့်ဆိုင်းနေကြတယ် ဆိုတာ အားလုံးအသိပဲ ဖြစ်ပါတယ်။ ဒီအတွက်လည်း တပ်မတော်နယ်လှည့် ဆေးကုသရေးအဖွဲ့ ကို အထူးပဲ ကျေးဇူးတင်ကြောင်း ဖော်ပြအပ်ပါတယ်။

နောင်လည်း မကြာခဏ လာရောက်ပေးရန် ပြည်သူတွေက မျှော်လင့်တောင့်တနေ သေးတဲ့အကြောင်း တပ်မတော်နယ်လှည့် ဆေးကုသရေးအဖွဲ့ကို ဒီနေရာကနေ ထပ်လောင်းပြီး တင်ပြအပ်ပါတယ်။ ထို့အတူ မြန်မာနိုင်ငံမှာ ဆရာဝန်အသင်းတွေလည်း အများကြီးရှိတဲ့ အတွက်ကြောင့် တပ်မတော်နယ်လှည့် ဆေးကုသရေးအဖွဲ့တွေလိုပဲ အခါအားလျော်စွာ ဝေးလံ ခေါင်ပါးတဲ့နေရာတွေမှာ တစ်ခါတစ်ခေါက် အလည်ရောက်လာကြဖို့ လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် ဖိတ်ခေါ်အပ်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ နယ်လှည့်ဆေးကုသတဲ့ ဆရာဝန်များ အသင်းတွေ ဖွဲ့စည်းပြီးတော့ ပြည်သူတွေကို ဆေးဝါးစောင့်ရှောက်မှု ဆောင်ရွက်ပေးဖို့လည်း တိုက်တွန်းအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်အစိုးရအနေနဲ့ INGO၊ Local NGO တွေကလည်း တစ်ဖက်တစ်လမ်းက ကျန်းမာရေးစောင့်ရှောက်မှုတွေ ပေးနိုင်အောင် စောင့်ရှောက်ပေးမှုအပေါ် အထူးပဲကျေးဇူးတင်ပါတယ်။ ယခုလ ၂၀ ရက်၊ ၂၁ ရက်မှာ ပြုလုပ်တဲ့ ထိရောက်သော ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ နေပြည်တော် သဘောတူညီချက်အရ နိုင်ငံတကာမှ ဆေးဝါးနည်းပညာများ ကူညီရရှိနိုင်မယ်ဆိုတဲ့ သတင်းကောင်းကိုလည်း ကြားသိရပါတယ်။ ဒီလို နိုင်ငံတကာ၏ အကူအညီ ရရှိလာတဲ့အခါမှာ နယ်စွန်နယ်ဖျား ဝေးလံခေါင်သီ လူမှုရေးခက်ခဲတဲ့ ပြည်သူတွေဆီကိုလည်း မပျက်မကွက် ရောက်ရှိဖို့အတွက် ဆောင်ရွက်ပေးစေလိုပါတယ်။ ပြည်တွင်းမှလည်း Local NGO တည်ထောင်ပြီး ဆေးဝါးကျန်းမာရေး စောင့်ရှောက်ပေးမှု အတွက် တင်ပြတောင်းဆိုလာမှုတွေ ရှိတာကိုလည်း လွယ်လွယ်ကူကူနဲ့ ခွင့်ပြုပေးစေလိုပါတယ်။ ဥပဒေတွေ၊ လုပ်ထုံးလုပ်နည်းတွေနဲ့ တုံ့နှောင်တားဆီး ဟန့်တားနေမယ့်အစား လိုအပ်ပါက ဥပဒေတွေကိုလည်းပြင် အချိန်မနှောင်းစေဘဲ ဆောင်ရွက်ပေးသင့်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မြန်မာနိုင်ငံမှာ ဆေးဝါးမရှိ၊ ကျန်းမာရေးဝန်ထမ်းတွေ အကူအညီ မရတာကြောင့် ကိုယ်ဝန်ဆောင် အမျိုးသမီးတွေ၊ မွေးကင်းစ ကလေးတွေ တစ်နှစ်၊ တစ်နှစ်မှာ အသက်

ဘယ်လောက်ဆုံးရှုံးခဲ့တယ်ဆိုတာကို ဝိုင်းဝန်းပြီးမှ စဉ်းစားသုံးသပ်သင့်ပါတယ်။ ဆေးရုံ၊ ဆေးခန်း မရှိတာကြောင့် လူနာတွေအသက် မသေသင့်ဘဲနဲ့ သေခဲ့ကြတာတွေ၊ ဆေးရုံ၊ ဆေးခန်းရှိပေမယ့် ဆရာဝန်၊ ဆရာမ စတဲ့ ကျန်းမာရေးဝန်ထမ်း အကူအညီ မရတာကြောင့် မသေသင့်ဘဲနဲ့ သေခဲ့ကြတဲ့သူတွေ အများကြီးပါ။ ဒီလိုဖြစ်ရပ်တွေဟာ အများအားဖြင့် လူမှုရေး ခက်ခဲတဲ့ဒေသတွေမှာ ပိုမို တွေ့ရတာကို အားလုံးနားလည်ဖို့ လိုအပ်ပါတယ်။ ဒီနေရာမှာ ထည့်သွင်းစဉ်းစားဖို့ လွှတ်တော်မှာ ကိုယ့်ရဲ့ မဲဆန္ဒနယ်မြေ အခက်အခဲကို တင်ပြတဲ့အခါမှာ ကျန်းမာရေးဝန်ကြီးဌာနက ဖြေဆိုချက်ကို ကျွန်တော် အနည်းငယ် ဖတ်ကြားတင်ပြလိုပါတယ်။

ကျွန်တော့်အနေနဲ့ ကိုယ့်ရဲ့ပလက်ဝမြို့နယ်မှာ ကျန်းမာရေးဌာနခွဲတွေ၊ ကျေးလက် ကျန်းမာရေးဌာနလေးတွေ တိုးချဲ့ဖို့ တင်ပြတဲ့အခါမှာ ပလက်ဝမြို့နယ်တွင် ဆေးရုံ၊ ကျန်းမာရေး ဌာနခွဲများ အသစ်တိုးချဲ့ဖွင့်လှစ်ရန် လောလောဆယ်အစီအစဉ် မရှိပါကြောင်း ဖြေကြားအပ် ပါသည် ဆိုပြီးမှ လွှတ်တော်က ကြယ်ပွင့်မပြမေးခွန်းမှာ ဖြေပါတယ်။ မြို့နယ်ဆရာဝန်ကတော့ လက်ရှိပလက်ဝမြို့နယ်ရဲ့ ကျန်းမာရေးဌာနတွေကို သုံးသပ်တဲ့အခါမှာ ရှိတဲ့ ကျေးလက် ကျန်းမာရေးဌာနက (၃၀) ရှိပါတယ်။ နောက်ထပ် (၃၁)ခု လိုအပ်ပါတယ်။ မြို့နယ် ဆရာဝန်က ဝန်ကြီးချုပ်ခရီးစဉ်မှာ တင်ပြသုံးသပ်ထားတာ တွေ့ရပါတယ်။ ကျွန်တော် လွှတ်တော်ကို တင်ပြတဲ့ အခါမှာ ဌာနခွဲတစ်ခုလေးတောင်မှ မရတဲ့အခါကျတော့ ပလက်ဝမြို့နယ်ရဲ့ ကျန်းမာရေး စောင့်ရှောက်မှုအပေါ်မှာ အထူးပဲ စိုးရိမ်မိပါတယ်။

ထို့အတူ ကျေးလက်ကျန်းမာရေးဌာနတွေမှာ ကာကွယ်ဆေးသိုလှောင်နိုင်ဖို့အတွက် အခက်အခဲများစွာရှိပါတယ်။ အဲဒီအတွက် လိုအပ်တဲ့နေရောင်ခြည်သုံး (Solar)ပြားတွေ ထောက်ပံ့ဖို့တင်ပြတဲ့အခါမှာလည်းပဲ အစီအစဉ်မရှိတာကို တွေ့ရှိရပါတယ်။ ဒီနေရာမှာ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ပိုလီယိုကာကွယ်ဆေးတွေကို ထိုးနေပါတယ်။ အဲဒီတော့ ပလက်ဝမြို့နယ်မှာကျတော့ ဒေသတစ်ခုလုံးခြုံအောင် ပိုလီယိုကာကွယ်ဆေးဟာ မရောက်ရှိ နိုင်ပါ။ ဆိုလိုတာက ခုနက လိုအပ်တဲ့ဆေးဝါးသိုလှောင်မှုကိရိယာ မရှိတဲ့အခါကျတော့ စရိတ်အရ အားလုံးပြီးစီးပြီလို့ တင်ပြထားတာ ဖြစ်ပါတယ်။ ကျန်းမာရေးဝန်ထမ်းများကိုယ်တိုင်က ကျွန်တော့်ဆီမှာ တင်ပြလာတာကို လွှတ်တော်မှာ တင်ပြတဲ့အခါမှာ Solar ပြားတွေ ထောက်ပံ့ဖို့

အစီအစဉ်လည်း မရှိတဲ့အကြောင်း ပိုလီယိုကာကွယ်ဆေးထိုးပေးမှုများ ပြုလုပ်တဲ့အကြောင်း ဖြေကြားပါတယ်။

သို့သော် တစ်ကယ့်တကယ် လက်တွေ့မှာ ပိုလီယိုကာကွယ်ဆေးဟာ ရွာတိုင်းကို မရောက်နိုင်ဘူးဆိုတာ အတိအကျ ကျွန်တော် သိရှိထားပါတယ်။ ဒါကြောင့် ယနေ့ ကျန်းမာရေး ကဏ္ဍမှာ ဆေးရုံ၊ ဆေးခန်းတိုးမြှင့်နိုင်မယ့် သတ်မှတ်စံတွေ၊ ဆရာဝန်ခန့်ထားမှု အရေအတွက် သတ်မှတ်စံတွေ ဆရာဝန်ခန့်ထားဖို့အတွက် သတ်မှတ်စံတွေ လက်ရှိအနေအထားအတိုင်း သွားမယ်ဆိုရင် ဆက်လက်ဆောင်ရွက်မယ်ဆိုရင်တော့ ကျန်းမာရေးဝန်ကြီးဌာနရဲ့ မျှော်မှန်းသလို လူတိုင်း သက်တမ်းစေ့နေထိုင်နိုင်ဖို့ဟာ အင်မတန် ဝေးပါသေးတယ်။ ဒီနေရာမှာ ဒီမနက် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဖြေကြားချက်အပေါ်မှာ အနည်းငယ် ထပ်လောင်း ပြီးတော့ တင်ပြလိုတာကတော့ ကျွန်တော်တို့နိုင်ငံမှာ နိုင်ငံတော်အကြီးအကဲ အပါအဝင် ဝန်ထမ်းအားလုံးဟာ နေရာတကာမှာ၊ နေရာတိုင်းမှာ နယ်စပ်ဒေသမကျန် သွားလာနိုင်ပြီးမှ ဝန်ထမ်းရဲ့လုပ်သက်ပေါ်မှာ အသက်ကြီးတဲ့အထိတောင် ထမ်းဆောင်နေကြပြီ ဖြစ်ပါတယ်။ ဝန်ထမ်းအားလုံးက သွားလာနိုင်ပေမယ့် ဒီနေ့ ကျန်းမာရေးဝန်ထမ်းတွေကတော့ အဘယ်ကြောင့် ဒီလို နယ်စွန်နယ်ဖျားတွေကို မသွားလာနိုင်တာလဲ။ ကျန်တဲ့ဝန်ထမ်းတွေက သွားလာနိုင်ပြီး ကျန်းမာရေးဆရာဝန်တွေက မသွားလာနိုင်ဘူးဆိုရင် ကျွန်တော်တို့တိုင်းပြည်ကို တကယ်ချစ်တဲ့ ဆရာဝန်များ ဖြစ်ပါ့မလား။ (၆)လ ဖြစ်စေ၊ (၅)လ ဖြစ်စေ ခဏလေးတောင်မှ နေနိုင်ဖို့အတွက် ဆန္ဒမရှိဘူးဆိုရင် ဒီလိုမျိုးဆရာဝန်ကို ဆက်လက်ပြီးမှ ဝန်ထမ်းအဖြစ် ခန့်ထားဖို့အတွက် စဉ်းစား သင့်သလားဆိုတာ ကျွန်တော် မေးခွန်းတစ်ခု မေးချင်ပါတယ်။

ဒါကြောင့် ဒီနေ့နိုင်ငံသားတိုင်း မြို့ပြကျေးလက်ပါမကျန် ကျန်းမာရေးစောင့်ရှောက်မှု အခွင့်အရေးကို တန်းတူညီမျှ ရရှိရေးအတွက်ဆိုရင် ဦးစားပေးလုပ်ဆောင်မှု တန်းတူညီမျှ အခွင့်ရေးကိုရရှိနိုင်ဖို့အတွက် ဦးစားပေးဆောင်ရွက်သင့်ပါကြောင်း အလေးအနက် တိုက်တွန်းရင်း ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးပေါလ်ထန်ထိုင်း ၏ အဆိုအပေါ် အလေးအနက် ထောက်ခံပါကြောင်း ဆွေးနွေးအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၄၅။**

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဂျေယောဂူ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၄၅။**

**ဦးဂျေယောဝူ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အထူးဧည့်သည်တော်များနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းကြပါစေလို့ နှုတ်ခွန်းဆက်သရင်း လေးစားစွာ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၂)မှ ဦးဂျေယောဝူ ဖြစ်ပါတယ်။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးပေါလ်ထန်ထိုင်း ၏ ဝေးလံခေါင်ပါး၍ လူမှုရေးခက်ခဲသောဒေသရှိ ပြည်သူများ၏ ပညာရေးနှင့် ကျန်းမာရေးအား ဖွံ့ဖြိုးမှုရှိသောဒေသများထက် လျှော့ပေါ့၍ အထူးအစီအစဉ်ဖြင့် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ မဆွေးနွေးခင်မှာ လွန်ခဲ့တဲ့ ပဋ္ဌမပုံမှန်အစည်းအဝေးအပြီး ခရစ်စမတ် အချိန်အခါသမယမှာ ကျွန်တော်တို့ ပူတာအိုခရိုင်အတွင်းရှိ စစ်ရှောင်များနှင့် မိဘမဲ့ဆင်းရဲသားကျောင်းသူ၊ ကျောင်းသားလေးများအား စာနာထောက်ထား၍ သိန်း(၅၀) ကူညီပံ့ပိုးပေးပါသော ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၉) အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ မြရိပ်ညို ပညာရေးဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါက်တာခင်ရွှေအားလည်း ကျေးဇူးဥပကာရ တင်ရှိပါကြောင်းတင်ပြလိုပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ English နှင့် Power Point , Slide အနည်းငယ် အသုံးပြုခွင့်ကို တောင်းခံအပ်ပါတယ်။ ပညာရေး၊ ကျန်းမာရေး ပဋိပက္ခကိစ္စရပ်များကို လက်နက်ကိုင်တိုက်ပွဲများ၏ ဆိုးကျိုးဆက်နွယ်မှုကို ဖော်ပြရာတွင် ပြစ်မှုကျူးလွန်မှုများကို ဖော်ပြခြင်းရှိလာသော်လည်း တပ်မတော်၊ ရဲတပ်ဖွဲ့၊ ဝန်ကြီးဌာန အဖွဲ့အစည်းတစ်ခုလုံးကို ဝေဖန်ခြင်းမဟုတ်ဘဲ ကျူးလွန်သူကိုသာ ဥပဒေအရ အရေးယူ ဆောင်ရွက်ပေးနိုင်ရန် ထည့်သွင်းဆွေးနွေးမှုအပေါ် နားလည်ခွင့်လွှတ်ပေးနိုင်ရန် ကြိုတင်၍ အနူးအညွတ်တောင်းပန်အပ်ပါတယ်။

ဒီအဆိုက လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး (Human Resources Development) HRD အတွက် အရေးကြီးဆုံးအဆို ဖြစ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ

ပုဒ်မ(၃၄၉) နိုင်ငံသားများသည် အောက်ပါလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရာတွင် တူညီသော အခွင့်အလမ်းရှိစေရမည် -

(က) ပြည်သူ့ဝန်ထမ်းတာဝန်ထမ်းဆောင်မှု (ခ) အလုပ် လုပ်ကိုင်မှု (ဂ) ကုန်သွယ်ရောင်းဝယ်ဖောက်ကားမှု (ဃ) စီးပွားရေးလုပ်ငန်းလုပ်ကိုင်မှု (င) အတတ်ပညာနှင့် အသက်မွေးဝမ်းကျောင်းမှု (စ) ဝိဇ္ဇာပညာ၊ သိပ္ပံပညာနှင့် နည်းပညာရပ်များ ရှာဖွေဖော်ထုတ်မှု။ အဆိုရှင်ရဲ့ လမ်းပန်းဆက်သွယ်ရေးခက်ခဲ၍ ဖွံ့ဖြိုးမှုနည်းသောဒေသများ၌ အစစအရာရာ ခက်ခဲပြီး လူဦးရေလည်း နည်းတယ်လို့ ဆိုပါတယ်။ အဲဒီနေရာတွေကလည်း လူနည်းစုတိုင်းရင်းသားများနေထိုင်ကြတဲ့နေရာတွေပဲ ဖြစ်ပါတယ်။

ကျွန်တော့်ရဲ့ မဲဆန္ဒနယ်ဖြစ်တဲ့ မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအို ကားလမ်းက (၂၁၈)မိုင်ပဲ ရှိပေမယ့် ယာဥ်တန်း (Convoy) နဲ့ဆို တစ်လ၊ နှစ်လ ကြာပါတယ်။ ပူတာအို-မချမ်းဘော၊ နောင်မွန်-ပန်လမ်း၊ ဒမ်၊ ဂဝိုင်း၊ ဒဆွမ်းဒမ်း၊ တဇယ်ထု၊ ဒဟွန်းဒမ်း၊ (တိဗက်နယ်စပ်)ထိ (၁၇၀)မိုင်ကိုလည်း ရက်ပေါင်း(၁၈)ရက်၊ ပူတာအို-မချမ်းဘော၊ ခေါင်လန်းဖူး၊ ဇန်ယော။ ရှိန်ခေါင် သို့မဟုတ် ခေါင်လမ်းဖူး-အမတ်ကျောင်း၊ ရှီးလဒမ်း၊ (၂၀၀)မိုင်ကျော်ကိုလည်း ကိုယ့်အထမ်းကိုယ်ထမ်း၍ ရက်ပေါင်း(၂၀) ခက်ခက်ခဲခဲ ကျွတ်တွေ၊ ဒက်တွေ၊ ဖက်ယား၊ ချုံပင် ပေါင်းပင်တွေကိုတိုးဝှေ့ပြီး တောရိုင်းတိရစ္ဆာန်တွေရဲ့ရန်ကို ကြောက်ကြောက်လန့်လန့်နဲ့ သွားလာနေကြရတော့ ဝန်ထမ်းများနဲ့ ကျောင်းသားများ ပညာရေးနဲ့ ကျန်းမာရေးမှာ အများကြီးနှောင့်နှေးစေပါတယ်။ တချို့ဝန်ထမ်းတွေဆို မသွားရဲလို့ ခရိုင်မြို့ ပူတာအို သို့မဟုတ် မချမ်းဘော၊ နောင်မွန်တို့မှာပဲ နေမယ်။ ပန်နန်းဒင်၊ ခေါင်လန်ဖူး စသော ကိုယ်ကျတဲ့နေရာကိုတော့ တစ်ခေါက်မှ မရောက်လိုက်ဘဲ အဝေးကြီးကပဲ စီမံခန့်ခွဲတော့ ကမောက်ကမတွေလည်း ဖြစ်စေပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၃ ခုနှစ် ပြည်ထောင်စုလွှတ်တော်မှာ ဆွေးနွေးကြသလိုပဲ ကျောင်း Section တွေရတော့လည်း ကုမ္ပဏီပိုင်ရှင်တွေ၊ သူဌေးတွေ၊ အလုအယက် ကန်ထရိုက် ရယူပြီးတော့ ပြန်ရောင်းနဲ့ ဟိုခေတ်အဆက်ဆက် တုန်းကလိုပဲ ဟိုဖြုတ် ဒီဖြုတ် ကျောင်းမှာရောက်တော့ အဆင့်ဆင့်ဖြုတ်ခံရတော့ မဆိုစလောက်ပဲ ပြန်ရောက်တော့တာပဲ။ တကယ်ဖြစ်သင့်တာကတော့ ကျောင်းအုပ်နှင့် ကနဦးကိုယ်ထူကိုယ်ထ

လုပ်ကိုင်လာသူတွေဖြစ်ကြတဲ့ ကျောင်းကော်မတီတွေနဲ့ ရွာသူရွာသားများကို တာဝန်ပေးစေခြင်းသာ အကောင်းဆုံး အဖြေရနိုင်မှာဖြစ်ပါတယ်။

ပြည်သူ့ကဏ္ဍ၊ ဘဏ္ဍာလည်း ယိုဖိတ်မှုကင်းစင်မှာ ဖြစ်ပါတယ်။ ဝန်ထမ်းခန့်ပေးတဲ့အခါမှာလည်း ဝေးလံခေါင်းပါးတဲ့ဒေသမှာ ဒေသခံတွေ ဒါမှမဟုတ်ရင် ပြည်နယ်ထဲက ဝန်ထမ်းတွေကို ခန့်အပ်ရာထူးတိုးပေးပါက အနည်းဆုံးတော့ ရာသီဥတုခံနိုင်မယ်၊ ဒေသနဲ့ လိုက်လျောညီထွေ နေတတ်မယ်၊ ဒေသခံတွေနဲ့လည်း လက်တွဲနေနိုင်မှာ ဖြစ်ပါတယ်။ အဝေးကြီးကပုဂ္ဂိုလ်များကို ခန့်အပ်ပေးမယ်ဆိုရင်လည်း တာဝန်အပေါ် အထူးကျွမ်းကျင်၍ စေတနာသဒ္ဓါတရား ကြီးမားသူတွေကိုသာ ခန့်အပ်သင့်ပါကြောင်း၊ နို့မို့ရင် မကောင်းကျောင်းပို့၊ မကောင်းတောပို့ အပြစ်ရှိလို့ နယ်ကို ပို့တော့ ဖွံ့ဖြိုးရေး အရေးတကြီးလိုအပ်နေတဲ့ နေရာတွေမှာ ညံ့ဖျင်းတဲ့ ပုဂ္ဂိုလ်တွေကို ပို့တော့ ဝေးလံခေါင်းပါးတဲ့နေရာတွေ ဘယ်တော့မှ တိုးတက်လာတော့မှာ မဟုတ်ပါဘူး။

တချို့ဝန်ထမ်းတွေကလည်း ဘာမှမတတ်ဘူး၊ ကျောင်းပြီးကာစ စာတွေပဲရတော့ လက်တွေ့လေ့ကျင့်ပြီး နည်းနည်းရလာတော့ ပြောင်းသွားရော၊ ဒီတော့ဝေးလံခက်ခဲတဲ့ နယ်တွေကို (၅)နှစ်လောက် တာဝန်ထမ်းဆောင်စေပြီး တာဝန်ကျေပွန်တဲ့ဝန်ထမ်းတွေကို Intensive ပေးတဲ့အနေနဲ့ Further Studies ပညာတော်သင်စေလွှတ်ခြင်း သို့မဟုတ် အထူးအခွင့်အရေးများဖြင့် ရာထူးတိုးမြှင့်၊ ချီးမြှင့်ပေးတာကို အစီအစဥ်ရှိမယ်ဆိုတာကို ခုနက ဝန်ကြီးလည်း ရှင်းပြသွားပြီးဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ပြောသလို ဝေးလံခေါင်းပါးတဲ့ (၈၇)မြို့နယ်မှ ကလေးများအတွက် ပညာရေးဝန်ကြီးဌာနမှ ၂၀၁၂ ခုနှစ်မှစ၍ ဆေးတက္ကသိုလ်ကျောင်းသား (၁၂၀၀)ယောက်၌ (၃)ရာခိုင်းနှုန်း တက္ကသိုလ်ဝင်တန်း အောင်မှတ် အများဆုံး ရသောကလေးတွေကို တက်ခွင့်ပြုမည်ကိုသိရတော့ ဝမ်းသာအားရ ကြိုဆိုပါတယ်။ တစ်နှစ်မှာ(၃၆)ယောက်၊ (၈၇)မြို့မှတက်ရောက်ခွင့်ရှိမှာ ဖြစ်ပါတယ်။ ဝေးလံခေါင်းပါးတဲ့ တိုင်းရင်းသားဒေသများသည် အများကြီး ခေတ်နောက်ကျကျန်ရစ်ခဲ့သည်ဖြစ်၍ (၈၇)မြို့နယ်မှာ အနည်းဆုံး တစ်မြို့လျှင် တစ်ယောက်ဖြစ်နိုင်ပါက ကျောင်းသူ/ ကျောင်းသား နှစ်ဦးစီ ဖြစ်ရန် (၁၅)ရာခိုင်နှုန်းလောက် တိုးမြှင့်ပေးနိုင်မယ်ဆိုရင် (၁၈၀)ဦး တက်ရောက်နိုင်မှာ

ဖြစ်၍ ပိုမိုလျှင်မြန်ထိရောက်လာမှာ ဖြစ်ပါတယ်လို့ တိုင်းရင်းသားတွေဖြစ်တဲ့အားလျော်စွာ ရေးဖြေတော့ အောင်မယ်၊ နှုတ်ဖြေတော့ ကျတယ်လို့ မဖြစ်စေရန် နှုတ်ဖြေ Interview Viva မှာလည်း လျော့ပေါ့၍ အအောင်ပေးရန် ဖြစ်ပါတယ်။

တစ်ဆက်တည်းမှာပဲ အထွေထွေအုပ်ချုပ်ရေးဦးစီးသင်တန်း၊ ခေါင်းဆောင်မှု သင်တန်း၊ စစ်တက္ကသိုလ်၊ ရဲတပ်ဖွဲ့အရာရှိ၊ သွားဘက်ဆိုင်ရာဆရာဝန်၊ စက်မှုတက္ကသိုလ်၊ စီးပွားရေးတက္ကသိုလ်၊ တိမွေးကု၊ စိုက်ပျိုးရေး၊ သစ်တော၊ ရေကြောင်း၊ လေကြောင်း၊ အဏ္ဏဝါသိပ္ပံစတဲ့ Professional Institutes တွေမှာလည်း အထက်ကတင်ပြခဲ့သလို (၁၅)ရာခိုင်နှုန်း သို့မဟုတ် (၈၇)မြို့နယ်အတွက် Quota ခွဲတမ်း ထားပေးသင့်ပါတယ်။

၂၀၁၂ ခုနှစ်၊ ၁၁ လ၊ ၂၃ ရက်နေ့ ပဥ္စမပုံမှန်၊ အမျိုးသားလွှတ်တော် အစည်းအဝေး နောက်ဆုံးနေ့၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအုန်းတင် ရဲ့ အဆိုမှာ ကျွန်တော် ဆွေးနွေးခဲ့သလို မြို့ပြမှာနေတဲ့ တက္ကသိုလ်ဝင်တန်းဖြေသူ တစ်ဘာသာကျရင် Moderation လုပ်ပေးချိန်တွင် အစောက (၈၇)မြို့နယ်က ကလေးတွေကိုတော့ (၃)ဘာသာထိလောက်ထည့်သွင်း၍ Moderation လုပ်ပေးသင့်ပါတယ်။ သို့မှသာ ပုဒ်မ ၂၂ (ဂ) နိုင်ငံတော်သည် ဖွံ့ဖြိုးမှုနည်းပါးသည့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး စသည်တို့ပါဝင်သော လူမှုစီးပွားရေး၊ ဖွံ့ဖြိုးရေးအတွက် အကူအညီ ဆောင်ရွက်ရမည်ကို ဖော်ဆောင်ရာရောက်ပါမယ်။ ဂျာနယ်တစ်ခုမှာ အစောက ပြည်ထောင်စု ကျန်းမာရေး ဝန်ကြီးက ပြောသွားသလို တောင်ကြီးမှာ ဆေးတက္ကသိုလ်ဖွင့်တော့မယ်ဆိုတာ သိရတော့ ကျွန်တော်တို့ အားလုံးတစ်ခဲနက် ကြိုဆိုဂုဏ်ပြုရမှာဖြစ်ပါတယ်။

အဲဒီလိုပဲ ရှမ်းပြည်နယ်မှာ ပြီးတော့ ချင်း၊ ရခိုင်၊ ကချင်၊ ကရင်၊ ကယား၊ မွန်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးတွေမှာလည်း အလှည့်ကျ ရောက်လာ တော့မှာကို မျှော်လင့်ရင်း ဝမ်းသာနေမိပါတယ်။ လက်နက်ကိုင်ပဋိပက္ခ တိုက်ပွဲတွေလည်း မလိုလားအပ်တဲ့ ဆိုးကျိုးတွေနဲ့ ပညာရေး၊ ကျန်းမာရေးကို ထိခိုက်၊ ထိပါးနေပါတယ်။ ၂၀၁၁ ခုနှစ်၊ ဩဂုတ်လမှာ ခေါင်လန်ဖူးမြို့နယ်၊ ခန်ထိဒမ်းကျေးရွာ စာသင်ကျောင်းကို K.I.Aတပ်ရင်း(၇)မှ စာသင်ကျောင်းရော၊ ရွာပါ မီးရှို့လိုက်တာ သတင်းစာထဲ တွေ့ရမှာ

ဖြစ်ပါတယ်။ ခေါင်လန်ဖူးမြို့နယ်၊ ခလရ(၁၃၇)မှ လဂျာတပ်စခန်းက ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလမှာလည်း ခန်ထိဒမ်းကျေးရွာ ကျောင်းအုပ်ဆရာကြီး ဦးအမိန်ဂမ်ဒီးရမ် ကို ပစ်သတ်လိုက်ပါပြီ၊ သူ၏သား(၆)တန်းတစ်ယောက်၊ (၄)တန်း တစ်ယောက် ကျောင်းသား တို့မှာလည်း ဒဏ်ရာနဲ့ ထွက်ပြေးသွားပါတယ်။

၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလအတွင်းမှာလည်း ပူတာအိုမြို့နယ်၊ လုံရှာယာန်ကျေးရွာ ပြည်သူ့ရဲစခန်းမှူး ဒုရဲအုပ် ဦးတိုးမောင်တိုး ကလည်း တံတားဆောက်လုပ်ရန် ရောက်ရှိ လာသော S.A.E ဦးရင်ထန်ခင်ဗေး အား ငွေ(၁၈)သိန်း ခါးပြတိုက်မှုနှင့် အလောင်း ဖျောက်ဖျက်မှုဖြင့်လည်းကောင်း၊ ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ(၅)ရက်နေ့တွင် ပူတာအို (အခြေချ) ဗျူဟာမှူး၏ ညွှန်ကြားချက်အရ ရိက္ခာပို့ယာဥ်မောင်း ဦးငွါးဆာလီ (၂၆)နှစ် အားလည်း ခလရ(၁၃၈)မှ တာဝန်ယူနေသော ဖုန်ကျန်းစခန်းမှ ပစ်ခတ်မှုကြောင့် သေဆုံးမှု၊ ၁၃-၉-၂၀၁၁ ခုနှစ်၌ ဟိုပင်အခြေစိုက် ခလရ(၃၈၉)၏ ပစ်ခတ်မှုကြောင့် သေဆုံးသွားသော (၉)တန်းကျောင်းသူ မဂျာဆိုင်းအိန်၊ လက်နက်ကြီး ထိမှန်သော (၂)တန်းကျောင်းသူ မဂျာလုအောန်တို့၏ ဖြစ်ရပ်များ K.I.A မှ ကျောင်းသူ/ ကျောင်းသား လူကြီးပါမကျန် အများအပြား Recruit တပ်သားစုဆောင်းခြင်း၊ နဂိုကမှ လမ်းမကောင်းရသည့်ကြားထဲ လမ်း၊ တံတား၊ သံလမ်းတို့ကို ဗုံးဖောက်ခွဲ ဖျက်ဆီးခြင်း တို့သည် ပညာရေး၊ ကျန်းမာရေး အဘက်ဘက်ကို ပြိုလဲစေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်၏ လူသားအရင်းအမြစ်များ ကျဆင်းလျော့နည်းစေ ပါတယ်။ ကချင်ပြည်နယ်တွင် လူဦးရေ (၁၀၀၀၀၀)နီးပါး စစ်ရှောင်ပြေးရတော့ အနေဆင်းရဲ၊ အစားဆင်းရဲနဲ့ မကျန်းမာသူတွေက စိတ်ဓာတ်ကျပြီးမှ စစ်ရှောင်စခန်းမှာပဲ သေကျေကြပါတယ်။ ပိုပြီးရင်နာဘွယ်ရာကတော့၊ ကျွန်တော်တို့ရဲ့ ရင်သွေးငယ်လေး သားသမီးတွေ (၄၀၀၀၀) နီးပါးက ကျောင်းစာ(၂)နှစ်နီးပါး အလှမ်းဝေးနေကြရပြီး ဖြစ်ပါ တယ်။ ဒါကြောင့် သူတို့လေးတွေရဲ့ အနာဂတ်က စကားပုံက ပြောသလို (Their Future is very Blunt) အနာဂတ်က မသေမချာ မရေမရာဖြစ်နေပါတယ်။ ကျွန်တော့်ရဲ့ မဲဆန္ဒနယ် ဖြစ်တဲ့ ဆွမ်ပရာဘွမ်၊ ပူတာအို၊ မချမ်းဘော၊ နောင်မွန်၊ ပန်နန်းဒင်၊ ခေါင်လန်ဖူး(၆)မြို့နယ်ရှိ တစ်သိန်းကျော်ပြည်သူများနဲ့ (၄၀၀၀၀)နီးပါး ကလေးများလည်း ပညာရေးမှာလည်း၊

စားဝတ်နေရေးမှာလည်း အင်မတန်မှ ရင်လေးဖွယ်၊ စိုးရိမ်ချိန်ရေအမှတ်သို့ရောက်နေပါပြီ။ ဆန်ကြမ်း တစ်ပြည်ကိုတောင်မှ လေး၊ ငါးထောင်၊ ရှစ်ထောင်ထိ ရောက်ခဲ့ ပါတယ်။

မြစ်ကြီးနား - ပူတာအို လေယာဉ်စီးခ ပုံမှန်ငွေကျပ် (၃၉၀၀၀)ကျပ်ကလည်း အခုလက်ရှိမှောင်ခို (၂)သိန်းကျပ်ပေါက်နေတာကို ဒီတစ်ပတ်ထုတ် Voice Journal Page.11 မှာတွေ့ရှိနိုင်ပါတယ်။ မိဘစုံလင်စွာရှိတဲ့ အချိန်မှာတောင် ဘဝရပ်တည်ဖို့ အင်မတန် ခက်ခဲနေချိန်မှာ တိုက်ပွဲကြောင့် နှစ်ဦးနှစ်ဖက် ကျဆုံးသွားသော ရဲဘော်မိသားစု သား/သမီး များ အပြစ်မဲ့ပြည်သူများ၏ မိဘမဲ့ခိုကိုးရာမဲ့ကလေးများ၏ စားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေးကိစ္စအဝဝသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မဟာစိန်ခေါ်မှုကြီး ဖြစ်လာပြီဖြစ်၍ သားသမီးချင်း ကိုယ်ချင်းစာ၍ အခြေခံဥပဒေ ပုဒ်မ ၆ နိုင်ငံတော်သည်-

(က) ပြည်ထောင်စုမပြိုကွဲရေး၊ (ခ) တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ (ဂ) အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ (ဃ) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ် ထွန်းကားရေး၊ (င) နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရေးနှင့် (စ)နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေး တို့ကို အစဉ်တစိုက် ဦးတည်သည်ဟုဆိုတော့ အခြေခံမူကြီး(၆)ရပ်အမှန်တကယ် သက်ဝင် လှုပ်ရှားလာနိုင်ပါမှ ငြိမ်းချမ်းသော၊ သာယာဝပြောသည့်၊ တရားမျှတသည့် ဒီမိုကရေစီ နိုင်ငံတော်ကြီးဖြစ်မြောက်ရန် ပဋိပက္ခ အမြန်ရပ်တန့်ပေးပါရန် မေတ္တာရပ်ခံ ဆွေးနွေးရင်း၊ ထောက်ခံနိုဂုံးချုပ်အပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၂:၀၀။**

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဖေသောင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂:၀၀။**

**ဦးဖေသောင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)**။ ။လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အပေါင်း ကိုယ်စိတ်နှလုံး၊ ကျန်းမာ ချမ်းသာကြပါစေလို့ ပဏာမ ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်က

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဖေသောင်း ပဲဖြစ်ပါတယ်။ လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃) ဦးပေါလ်ထန်ထိုင်း ရဲ့ ဝေးလံခေါင်းပါး၍ လူမှုရေးခက်ခဲသောဒေသရှိ ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး ဖွံ့ဖြိုးမှုရှိသော ဒေသများထက်လျှော့ပေါ့၍ အထူးအစီအစဥ်ဖြင့် ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းသော အဆိုကို ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော့်အနေနဲ့ ပထမဦးစွာ ပညာရေးအပိုင်းကို ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။ ၂၆-၈-၂၀၁၁ ရက်နေ့ ဒုတိယ လွှတ်တော်ပုံမှန်အစည်းအဝေး ပဥ္စမနေ့မှာ လွှတ်တော်ကိုယ်စားလှယ်ကြီးများကနေပြီး တော့မှ မိမိဒေသရှိကျောင်းများကို အဆင့်တိုးမြှင့်ဖို့ တင်ပြတောင်းဆိုတဲ့အခါ ပညာရေး ဝန်ကြီးက အောက်ပါအချက်(၃)ချက်ကို ရှင်းလင်းထားတာကို မှတ်သားမိခဲ့ပါတယ်။

(၁) သတ်မှတ်ကျောင်းသားဦးရေ ပြည့်မီရန်၊ (၂) ကျောင်းဥပစိရုပ် ကောင်းမွန် ရန်၊ (၃) လမ်းပန်းဆက်သွယ်ရေး ခက်ခဲသောဒေသကို ဦးစားပေး သွားမည်ဆိုသည့် အချက် များဖြင့် မီးမောင်းထိုးပြသွားတာ ဖြစ်ပါတယ်။

၎င်းအချက်(၃)ချက်အပေါ်မှာ သုံးသပ်ရမယ်ဆိုရင် နယ်ဒေသနှင့် တောင်ပေါ် ဒေသမှာ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသောအရပ်များက ကျောင်းများအတွက်ကတော့ နံပါတ်(၁)အချက်ကတော့ သတ်မှတ်ကျောင်းသားဦးရေ ပြည့်မီရေးဆိုတဲ့အချက်မှာ တော်တော်လေး စဥ်းစားစရာ ဖြစ်လာပါတယ်။ ဥပမာ- အလယ်တန်းကျောင်းဟာ ကျောင်းသား (၈၀၀)နဲ့အထက် အထက်တန်းကျောင်းသည် ကျောင်းသား(၁၅၀၀)ရဲ့ အထက်ရှိရမည် ဆိုတဲ့ မူအရ နယ်ဒေသနှင့် တောင်ပေါ်ဒေသကျောင်းတွေကို အဆင့်တိုးမြှင့်ဖို့ လမ်းစ မရှိသလောက် တွေ့မြင်ရပါမယ်။ သို့သော်လည်း နံပါတ်(၂)နဲ့ နံပါတ်(၃)အချက်များ အတွက်ကတော့ ဖြစ်နိုင်ခြေတော့ရှိပါတယ်။

သို့သော်လည်း ယခုအခါ ကျောင်းသားဦးရေကို အခြေမခံတော့ဘဲနဲ့ ကျောင်းပညာအဆင့်အလိုက် သတ်မှတ်ကျောင်းသားဦးရေအလိုက် ကန့်သတ်ပေးထားတဲ့ အတွက် နယ်ကျောင်းတွေမှာ ဝမ်းသာစရာ တစ်ခု ရှိလာရခြင်း ဖြစ်ပါတယ်။ ယခုအခါမှာ

ပညာရေးနှစ် (၃၀) စီမံကိန်းများချလာပြီးတဲ့နောက်ပိုင်းမှာ အမကလွန်၊ အလက(တွဲ)/(ခွဲ)၊ အထက(တွဲ)/(ခွဲ)ကျောင်းများတွေ ပေါ်ပေါက်လာခဲ့တာကြောင့် နယ်တွေမှာရှိတဲ့ ကျေးလက် နေကလေးများဟာ အနည်းဆုံး အလယ်တန်းပညာအဆင့်များကို တော်တော်များများ သင်ကြားလာခဲ့ရတာကို တွေ့မြင်ရပါတယ်။

ယခုအခါ လွှတ်တော်ကာလ(၂)နှစ်အတွင်းမှာလည်းပဲ နယ်ကျောင်းသားများရဲ့ အခက်အခဲကြောင့် ပြည်ထောင်စု ပညာရေးဝန်ကြီးဌာနမှလည်း နိုင်ငံတော်အစိုးရမှ ကျောင်းအဆင့် တိုးမြှင့်ခြင်းနဲ့ ပတ်သက်ပြီးတော့မှ ပြန်လည်ချထားပေးတဲ့မူကို ပြန်ကြည့် မယ်ဆိုရင် (၁) အလယ်တန်းအဆင့်ကျောင်းသား (၂၄၀ နှင့် ၁၅၀) ကြားရှိတဲ့ မူလတန်းလွန် ကျောင်းများကို အလယ်တန်းကျောင်း(ခွဲ)အဆင့်၊ (၂) အလယ်တန်းကျောင်းသား(၂၄၀နှင့် ၁၅၀) ကြားရှိတဲ့ (တွဲဖက်အလကကျောင်း)များကို အလယ်တန်းကျောင်း(ခွဲ)အဆင့် (၃) အလယ်တန်း ကျောင်းသား(၂၄၀)ရှိသော အလယ်တန်းကျောင်း (တွဲ)/(ခွဲ)များကို အလယ်တန်းကျောင်း အဆင့်၊ (၄) အလယ်တန်းကျောင်းသား (၃၀၀) နှင့်အထက်ရှိတဲ့ အလယ်တန်းကျောင်း များကို အထက်တန်းကျောင်း(ခွဲ)အဆင့်၊ (၅) အထက်တန်းကျောင်းသား(၅၀)ရှိတဲ့ တွဲဖက် အထက်တန်းကျောင်းများကို အထက်တန်းကျောင်း(ခွဲ)အဆင့်၊ (၆) အထက်တန်း ကျောင်းသား (၁၇၀)နှင့်အထက်ရှိတဲ့ အထက်တန်းကျောင်း(ခွဲ)များကို အထက်တန်းကျောင်းများ အဆင့် တိုးမြှင့်သွားပေးဖို့ နိုင်ငံတော်အစိုးရအဖွဲ့မှ ပြည်ထောင်စုပညာရေးဝန်ကြီးဌာနသို့ ချမှတ် လမ်းညွှန်ချက်များအရ လေ့လာတွေ့ရှိခဲ့ရပါတယ်။

ဒီလိုချမှတ်ပေးထားတဲ့ မူအတိုင်း ပညာရေးဌာနအနေဖြင့် အမြန်စိစစ်ပြီးတော့မှ အမှန်တကယ် သတ်မှတ်ဘောင်အတွင်း ကျောင်းသားဦးရေပြည့်မီတဲ့ လယ်/ထက်ကျောင်း များကို အမြန်အကောင်အထည်ဖော် ဆောင်ရွက်ပေးပါက နယ်ဒေသနှင့် တောင်ပေါ်ဒေသ မှာရှိကြတဲ့ ကလေးငယ်များ၊ အထက်တန်းပညာအဆင့်အထိ ရွာတိုင်းနီးနီး ပညာဆည်းပူး သင်ကြားနိုင်ကြမှာ ဖြစ်ပါတယ်။ အဲဒီလို ဆောင်ရွက်တဲ့အခါမှာ အဓိကသတ်မှတ် ပညာ အဆင့်ကျောင်းသားဦးရေ ပြည့်မီပြီး၊ ကျောင်းဥပစိရပ်များ အထိုက်အလျောက် ဆောင်ရွက် ပေးထားနိုင်တဲ့ကျောင်းများကို ပထမဦးစွာ ဆောင်ရွက်ပေးသင့်ပါတယ်လို့ အကြံပြုလိုပါ တယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင် ဦးပေါလ်ထန်ထိုင်းအနေနဲ့ ဝေးလံခေါင်သီတဲ့အရပ်ရှိ ပညာရေး၊ ကျန်းမာရေးနှင့် ပတ်သက်ပြီး လျှော့ပေါ့စဉ်းစား ဆောင်ရွက်ပေးဖို့ လွှတ်တော်မှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသို့ တိုက်တွန်းထားပါတယ်။ ဒါကိုလည်း ပြည်ထောင်စုပညာရေးဝန်ကြီးဌာနမှ ဒေသဆက်သွယ်ရေး လမ်းပန်းခက်ခဲတဲ့ အခြေအနေများအပေါ် ကြည့်ပြီးတော့မှ ခြွင်းချက်အနေဖြင့် လျှော့ပေါ့စဉ်းစား ဆောင်ရွက်သင့်တယ်လို့ အကြံပြုလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နယ်ဒေသနဲ့ တောင်ပေါ်ဒေသတွေအတွက် ဝန်ထမ်းခန့်အပ် ပြောင်းရွှေ့ခြင်းကိစ္စ အဝင်/ အထွက် ကိုက်ညီခြင်းများ မရှိတာကို တင်ပြဆွေးနွေး လိုပါတယ်။ ပညာရေးဌာနအနေဖြင့် ဝန်ထမ်းအသစ်များကို အများဆုံးနယ်တွေကို ပို့တာ များပါတယ်။ ဝန်ထမ်းသစ်များကလည်း စေတနာ၊ ဝါသနာအလိုက် မိမိကျွမ်းကျင်တဲ့ ဘာသာရပ်များသင်ကြားရသလို၊ ဆရာပြည့်စုံခြင်းမရှိတဲ့ကျောင်းတွေမှာ အခြားဘာသာရပ် များကိုပါတွဲပြီးသင်ကြားရတာ ရှိပါတယ်။ မြို့ပေါ်ကျောင်းများမှာ ပြည့်စုံနေပေမယ့် နယ်ကျောင်းများမှာတော့ အထိုက်အလျောက် အခက်အခဲရှိတာကိုတွေ့ရပါတယ်။

အထူးအဖြင့် နယ်ကျောင်းတွေမှာ အင်္ဂလိပ်နှင့် သင်္ချာဘာသာရပ်အတွက် ကျွမ်းကျင်စွာ သင်ကြားပြသနိုင်တဲ့ ဆရာ/ဆရာမများ ရှားပါတယ်။ ကျွမ်းကျွမ်းကျင်ကျင် စာသင်ပေးနိုင်တဲ့ ဆရာများကိုတော့ မြို့ပေါ်ကျောင်းတွေကို ဆွဲတင်ပြောင်းရွှေ့တာကတော့ အများဆုံး တွေ့ရပါတယ်။အဆိုးဆုံးက နယ်ကျောင်းတွေမှာ ဆရာပြည့်စုံမှု မရှိတဲ့အပြင် ရှိပြီးသား ကျွမ်းကျင်ဆရာများနေရာ အစားထိုးမခန့်ဘဲ ပြောင်းရွှေ့လိုက်တဲ့စနစ်ဟာ ကျေးလက်နယ်ဒေသ ကျောင်းတွေအများဆုံး ကြုံတွေ့ခံစားရပါတယ်။ တော်တဲ့ဆရာများ မြို့ပေါ်ပြောင်းရွှေ့စေသော်လည်းပဲ တော်မတော်တာထက် အစားမပျောက် ဆရာအသစ်ရောက်မှ ပြောင်းရွှေ့ပေးတဲ့စနစ်မျိုး ဆောင်ရွက်ပေးနိုင်မှုရှိနိုင်မလားဆိုတာ ဥက္ကဋ္ဌကြီးမှ တစ်ဆင့် ပညာရေးဝန်ကြီးဌာနကို အလေးထား ဆောင်ရွက်ပေးစေလိုကြောင်း တင်ပြဆွေးနွေး လိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အစားထိုးမခန့်ဘဲ သင်္ချာ၊ အင်္ဂလိပ်စာကျွမ်းကျင်သော ဆရာများ ပြောင်းရွှေ့လိုက်တာ ကျွန်တော့် မဲဆန္ဒနယ်မြေအတွင်းမှာ ယခုအချိန်အထိ တွေ့မြင်နေရတဲ့

ကျောင်းကို သာဓကပြပြီး၊ နိုင်ငံအဝန်းမှာရှိတဲ့ နယ်ကျောင်းနှင့် တောင်ပေါ်ကျောင်းတွေမှာ အခက်အခဲများစွာအတွက် ကြုံတွေ့ရမှာကို သာဓကပြပြီး ဆွေးနွေးသွားပါမယ်။ ကျွန်တော့် မဲဆန္ဒနယ်မှာ အင်းတော်ကြီးဒေသ လုံးတုံကျေးရွာ အထက်တန်း ကျောင်း(ခွဲ)ကိုပဲ သာဓကပြသွားပါ့မယ်။

လုံးတုံးအထက(ခွဲ)ကျောင်းဟာ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်မှာ အထက်တန်းပြဆရာ(၇)ဦးနှင့် (၉)တန်း၊ (၁၀)တန်းကို ၂၀၁၂ ဇူလိုင်လကုန်အထိ သင်ကြားရာမှာ သင်္ချာ၊ အင်္ဂလိပ်စာ၊ ရူပ သင်ကြားတဲ့ ဆရာ(၃)ဦးအနက် အင်္ဂလိပ်စာ၊ သင်္ချာဘာသာရပ်ကို အသင်ကောင်းတဲ့ဆရာ(၂)ဦးကို မြို့ပေါ်သို့ ပြောင်းရွှေ့လိုက်ပြီး၊ ရူပဗေဒ သင်တဲ့ ဆရာကတော့ ထွက်သွားတယ်လို့ သိရပါတယ်။ ထွက်သွားတဲ့ဆရာအတွက် အစားထိုး မခန့်တာကိုမဆိုလိုပါဘူး။ ပြောင်းရွှေ့တဲ့ ဆရာ(၂)ဦးအတွက် အစားထိုး ခန့်အပ်သင့်တယ်လို့ ယူဆပါတယ်။ ယခုအချိန်အထိ ဇူလိုင်လကုန်ကတည်းက ပြောင်းရွှေ့သွားတဲ့ ဆရာအစားမရဘဲ (၉)တန်း (၁၀၅)ယောက်နှင့် (၁၀)တန်း (၈၁)ယောက်ကို ဆရာ(၄)ဦးဖြင့်သာ သင်ကြားနေရတာကို ကျွန်တော် ပဉ္စမလွှတ်တော် တက်ခါနီး ပြည်သူနဲ့သွားတွေ့တဲ့အခါမှာ ကျောင်းသားမိဘပြည်သူများက တင်ပြခဲ့လို့သိလိုက်ရပါတယ်။ အဲဒါကလည်း အစားထိုး(၂)ဦးသာခန့်ထားရင်တောင် ခုလိုတင်ပြတောင်းဆိုခဲ့ကြမှာ မဟုတ်ပါဘူး။

ဒီဝန်ထမ်းကွာဟမှုအတွက် ၅-၁၀-၂၀၁၂ ရက်နေ့ ရက်စွဲဖြင့် ကျောင်းသားမိဘများဆန္ဒကို လိုအပ်သောအချက်အလက်များ တောင်းခံပြီး ပြည်နယ်ပညာရေးဝန်ကြီးလက်သို့ အရောက်တင်ပြပေးပို့ခဲ့ပါတယ်။ ပြည်နယ်ပညာရေးဝန်ကြီးကလည်းပဲ ဆရာအချိုးနည်းလွန်း၍ အထက်မြန်မာပြည်အမှတ်(၂) အခြေခံပညာဦးစီးဌာနကို အမြန်ဆုံးဆရာများ အစားထိုးခန့်အပ်ပေးဖို့ တင်ပြတောင်းဆိုခဲ့ပါတယ်။ တင်ပြခဲ့တဲ့မိတ္တူကိုလည်း မိမိထံပို့ထားပေးခဲ့ပါတယ်။ တစ်ခါ ၁၀-၁၂ ဆဋ္ဌမ လွှတ်တော်ကို တက်ခါနီးမှာ နယ်ဆင်းပြီးတော့မှ ပြည်သူများနှင့် ပြန်သွားတွေ့တဲ့အခါ၊ မိဘပြည်သူများနှင့် ပြန်တွေ့တဲ့အခါ ဆရာ(၄)ဦးနဲ့ပဲ သင်ကြားနေရတာကို ကျောင်းသားမိဘပြည်သူများက ပြန်လည်ပြီးတော့မှ တင်ပြလာပါတယ်။ ဒီကိစ္စနှင့်ပတ်သက်ပြီး မိဘပြည်သူများ လုံးဝစိတ်မချမ်းသာဘဲ မကျေမနပ်ဖြစ်နေတာကို တွေ့ရပါတယ်။ နယ်ကျောင်းများကို တမင်နှိမ်တာပဲလို့ သူတို့က

ယူဆနေကြပါတယ်။ မိမိအနေကလည်းပဲ ပြည်သူများဆန္ဒကို ပြည်နယ်ပညာရေးမှူး အဆင့်ထိ ချက်ချင်းတင်ပြထားပြီးကြောင်းကိုလည်း ရှင်းပေးခဲ့ပါတယ်။

လျော့နည်းသွားတဲ့ဆရာ (၂)ဦးအပေါ် ကျောင်းသားမိဘအပေါ် ဘာကြောင့် စိတ်မကောင်းသလဲဆိုရင် ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီကျောင်းဟာ လုံးတုံအထက(ခွဲ)ဟာ ၂၀၁၁- ၂၀၁၂ (၁၀)တန်းကို (၆၇)ယောက် ဖြေဆိုခဲ့ပါတယ်။ (၃၄)ယောက်အောင်ပါတယ်။ အဲဒီ အောင်တဲ့ (၃၄)ယောက်မှာ (၃)ဘာသာဂုဏ်ထူးက (၄)ယောက်၊ (၂)ဘာသာဂုဏ်ထူး က(၃)ယောက်၊ (၁)ဘာသာဂုဏ်ထူးက (၁၁)ဦး၊ ဂုဏ်ထူးရှင်(၁၈)ဦးနဲ့ အောင်ခဲ့တဲ့ကျောင်း လည်း ဖြစ်ပါတယ်။ ကချင်ပြည်နယ်တစ်ခုလုံးမှာ (၁၀)တန်းအောင်ချက် (၅၀.၇၅)ရာခိုင်နှုန်း ဖြင့် တတိယအဆင့်နဲ့ အောင်မြင်တဲ့ကျောင်း ဖြစ်ပါတယ်။ ဒါကြောင့် ကျောင်းသားမိဘရော ဆရာများရော ဝမ်းသာပီတိဖြစ်ပြီး နောက်နှစ်အတွက် အောင်ချက်ကောင်းအောင်အားထား ဆောင်ရွက်နေကြသော သင်္ချာ၊ အင်္ဂလိပ်စာဆရာ(၂)ဦး ပြောင်းရွှေ့သွားတဲ့အပေါ် အစားထိုး မခန့်လို့ များစွာစိတ်မကောင်းဖြစ်ကြရတာကို တင်ပြခဲ့ပါတယ်။

ယခုလက်ရှိကျောင်းအုပ်ကြီးကလည်းပဲ ရှိတဲ့ဆရာအင်အားဖြင့် ယမန်နှစ်က စံချိန်ကို မသာသော်လည်း ကျမသွားအောင်ဆိုပြီးတော့မှ ကြိုးစားနေရှာပါတယ်။ အခါအားလျော်စွာ လယ်ပြ(၉)ဦးထဲမှ နေပြီးတော့မှ B.Ed(E-Major) နဲ့ လုပ်သက်(၃-၄)နှစ် ရှိတဲ့ J.A.T ဆရာမဒေါ်မော်မော်ကို S.A.T ပြောင်းရွှေ့သွားတဲ့ အင်္ဂလိပ်ဆရာအစား သင်ခိုင်းပါတယ်။ ဆရာမလေးက အံဝင်ခွင်ကျ သင်နိုင်တယ်လို့ သိရပါတယ်။ ဒါကိုလည်းပဲ မြို့ပေါ်သို့ ပြောင်းရွှေ့သွားမှာပဲလို့ ကျောင်းသားမိဘများက စိုးရိမ်နေကြပါတယ်။ အကယ်၍ နယ်တွေ မှာ E-Major ဆရာမတစ်ယောက်ရဖို့ဆိုတာ ခဲယဉ်းတဲ့အတွက် ဒေါ်မော်မော် J.A.T ကို S.A.T တာဝန် အဆင့်တိုးမြှင့်ပေးပြီး ဒီကျောင်းမှာ သတ်မှတ်နှုန်းထားနဲ့နေစေခြင်း အားဖြင့် ကျောင်းသားမိဘများ ဆန္ဒရှိနေတာကို မိမိကို တင်ပြကြပါတယ်။ ဒါကြောင့်မို့လို့ မိမိအနေနဲ့ကလည်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပညာရေးဝန်ကြီးဌာနအား ဆောင်ရွက်ပေးနိုင်ရန် တိုက်တွန်းပေးစေ လိုပါတယ်။ လွှတ်တော်ကိုယ်စားလှယ် တစ်ယောက် အနေနဲ့ကတော့ တင်ပြရုံပဲ ရှိပါတယ်။

လုံးတို့ အထက ကျောင်းဥပမိရုပ်ကို တင်ပြရမည်ဆိုရင်လည်းပဲ သူ့မှာ အထိုက်အလျောက် ကျောင်းကြီးကလည်း ၁၄ ဧက SS(2)5 ကျောင်းဆောင်တစ်ဆောင်၊ SS(2)4 ကျောင်းဆောင် တစ်ဆောင်၊ SS(2)2 ကျောင်းဆောင် တစ်ဆောင်၊ SS(1)3 ကျောင်းဆောင် တစ်ဆောင်နဲ့ အလျား (၁၂၀)၊ အနံ (၄၀)၊ အမြင့်(၁၄)ပေရှိတဲ့ ဟောခန်းကြီး တစ်ဆောင်၊ နောက်ပြီးတော့မှ လုံးတို့အထကကို ဗဟိုပြုပြီးတော့မှ အလကကျောင်းခွဲက (၄)ကျောင်း၊ အလကကျောင်း(၁)ကျောင်း၊ အင်းရဲ့အနောက်ခြမ်းမှာ အခြေပြုပြီးတော့မှ အဲဒီကျောင်းက နန်မွန်း အထက နဲ့ဆို (၁၂)မိုင်ကျော် ကွာဝေးပါတယ်။ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှာလည်းပဲ အထက်တန်းကျောင်းသား ယခုလက်ရှိ (၁၈၆)ယောက်ရှိပါတယ်။

အထက်ပါအချက်(၈)ချက်ကို ကြည့်ခြင်းအားဖြင့် အထက်တန်းကျောင်းအဆင့် ပြည့်ပြည့်ဝဝ သင်နိုင်ရန်အတွက် ၂၀၁၃-၁၄ ပညာသင်နှစ်မှာလည်းပဲ အထက်တန်းကျောင်း အဆင့်တိုးမြှင့်နိုင်ရန်အတွက်လည်းပဲ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူ့ဆန္ဒအရ တင်ပြခြင်း ဖြစ်ပါတယ်။ ဒီနည်းအတူ အင်းအရှေ့ဘက်ကမ်းကို ကြည့်ပြန်တော့လည်းပဲ ဟဲပု အလယ်တန်း ကျောင်းဟာ အလယ်တန်းကျောင်း(ခွဲ)(၃)ကျောင်းနှင့် မူလတန်းကျောင်း (၂)ကျောင်း၊ လက်ရှိတစ်အုပ်စုထဲဖြစ်တဲ့ ဟဲပုနဲ့ နတ်မွန်ပါ ဟာ အလယ်တန်းကျောင်းသား (၄၀၀)ကျော် ရှိသည့်အတွက် ဟဲပုအလယ်တန်းကျောင်းကိုလည်းပဲ အထက်တန်းကျောင်းခွဲ အဆင့် တိုးမြှင့်ပေးလျှင် အင်းအရှေ့ခြမ်းကျောင်းသားတွေဟာ အထက်တန်းပညာကို သင်ကြားနိုင် ကြမှာ ဖြစ်ပါတယ်။ အင်းမြောက်ခြမ်းကို ကြည့်ပြန်တော့ ချောင်းဝ အ.ထ.က(ခွဲ) ကလည်းပဲ အင်းတော်ကြီးနဲ့ (၁၀)မိုင်ကျော် ကွာပြီး အထကရှိတဲ့ နန့်မွန်းကျောင်းနဲ့ဆိုရင် မိုင်(၃၀) ကျော် ကွာပါတယ်။

သီးခြားဖြစ်နေတဲ့ ဒေသတစ်ခုလို (၃)အုပ်စုဖြစ်နေတဲ့အတွက်ကြောင့် လူဦးရေက လည်း (၁၀၀၀၀)ကျော်ရှိပါတယ်။ အဲဒီ အထက(ခွဲ)မှာကလည်းပဲ အလက(ခွဲ)(၁) ကျောင်းနဲ့ မူလွန်ကျောင်း(၁)ကျောင်း၊ အမက(၆)ကျောင်း မှီတင်းထားတဲ့ ဒေသတစ်ခု ဖြစ်တဲ့အတွက် ကြောင့်မို့လို့ အဲဒီလို ကျောင်းများကိုလည်းပဲ ဒါ လျော့ပေါ့ပြီးတော့မှ စဉ်းစားပြီးတော့မှ အထက်ကျောင်းအဆင့် တိုးမြှင့်ပေးဖို့ရာ တင်ပြခြင်း ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၂၊ အပိုဒ်(ဂ)မှာ နိုင်ငံတော်အနေနဲ့ကလည်း ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး အားနည်းတဲ့ ကျေးလက်ဒေသများကို

လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်အတွက် ဆောင်ရွက်ပေးရမယ်လို့ ဒီလိုပဲ ညွှန်ပြထားပါတယ်။

ဒါကြောင့် ချင်းပြည်နယ်၊ ဦးပေါလ်ထန်ထိုင်း ၏ တင်ပြချက်အရ ဝေးလံခေါင်သီသောနယ်နှင့် တောင်ပေါ်ဒေသများမှာ အခက်အခဲများစွာရှိ၍ လျှော့ပေါ့စဉ်းစား ဆောင်ရွက်ပေးပါလို့တင်ပြခြင်းဟာ အောက်ခြေမှာ လုံတုံလိုကျောင်းမျိုးကို နယ်အသီးသီးမှာ အခက်အခဲများစွာ ရှိမယ်လို့ယူဆ၍ ပညာရေးဌာနကို အလေးထားဖို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပညာရေးဝန်ကြီးဌာနကို တိုက်တွန်းပေးရခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျန်းမာရေးနဲ့ပတ်သက်ပြီး နယ်တွေမှာ ဆေးရုံ၊ ဆေးခန်းတွေရှိပြီး ဝန်ထမ်းနဲ့ဆေးမရှိတာကို နိုင်ငံအဝှမ်းမှာ မြင်တွေ့နေရသလို ဖြစ်ပါတယ်။ အနီးကပ်သာဓကပြရမယ်ဆိုရင် လုံးတုံ (၁၆)ခုတင်ဆံ့ ဆေးရုံကြီးဟာ တပ်မတော်လက်ထက် နဝတအစိုးရမှာ သိန်း(၄၀၀)ကျော် တန်ဘိုးရှိတဲ့ ဆေးရုံကြီးအဖြစ် ဆောက်ထားပေးပါတယ်။ ယခုအခါမှာ ဆရာဝန် မရှိတာ တစ်နှစ်လောက်ရှိပါပြီ။ လုံးတုံဆရာဝန် ဒေါက်တာစည်သူလင်းကလည်းပဲ သမားဘွဲ့သွားတက်ရတဲ့အတွက် ဆရာဝန် မခန့်ပေးသေးတာကိုလည်း ရှိပါတယ်။ မြို့နယ်ဆေးရုံကလည်းပဲ ရုံဖန်ရုံခါ အလှည့်ကျဆရာဝန်များတော့စေလွှတ်တာရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နယ်ဒေသမှာရှိတဲ့ ခရိုင်အဆင့် ဆေးရုံကြီးများကို အထူးကုဆရာဝန်များနဲ့ ဌာနတိုးချဲ့ ဖွင့်လှစ်ပေးနိုင်ဖို့အတွက် ခရိုင်အဆင့်ဆေးရုံကို အခြေခံ၍သော်လည်းကောင်း၊ ခရိုင်ရှိ လူဦးရေအနည်းအများအပေါ် အခြေခံအားဖြင့်သော်လည်းကောင်း၊ ဆေးကုသမှု စောင့်ရှောက်နိုင်ရန်အတွက် အထူးကုဌာနများ ပြည့်ပြည့်စုံစုံ ဖြစ်နိုင်ရန်အတွက်ဆောင်ရွက်ပေးစေလိုပါတယ်။ ဥပမာ-ကချင်ပြည်နယ် မိုးညှင်းခရိုင်ကို ကြည့်မယ်ဆိုရင် လူဦးရေ(၅၀၀၀၀၀)လောက်ရှိတဲ့ မိုးညှင်းခရိုင်ဆေးရုံဟာ ခုတင်(၁၀၀)ဆံ့ဆေးရုံပဲရှိပါတယ်။ တင်ပြချင်တာက ခရိုင်အဆင့် ဆေးရုံကြီးများ လူဦးရေများပြားတဲ့အပေါ် အဓိကအခြေခံထားပြီး မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ သားဖွား၊ မီးယပ်၊ ကလေးအထူးကုလိုအပ်သည့် အထူးကုဆရာဝန်များ၊ အထူးကုဌာနများ ပြည့်စုံစွာ ထားပေးနိုင်မယ်ဆိုရင်နယ်ဒေသမှာရှိတဲ့ပြည်သူများ များစွာအထောက်အကူဖြစ်မှာ ဖြစ်ပါတယ်။ ခရိုင်ဆေးရုံကြီးများကို လူဦးရေအနည်းအများကို အခြေခံပြီး ကျန်းမာရေးစောင့်ရှောက်မှု ပြည့်ဝစေဖို့

အဆိုရှင်ရဲ့ လျှော့ပေါ့ပြီး စဉ်းစားဆောင်ရွက်ပေးရန် တိုက်တွန်းတဲ့အဆိုဟာ နယ်ဒေသ ပြည်သူများအတွက် များစွာလိုအပ်ခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၃-၂၀၁၄ ကျန်းမာရေးဌာနဆိုင်ရာ ဘတ်ဂျက်များကို လေ့လာလိုက်တဲ့အခါ အဆောက်အဦပိုင်းနဲ့ပတ်သက်ပြီးတော့ စီမံကိန်းများမှာ ချမှတ်တာကို များစွာ တွေ့မြင်ခဲ့ရပါတယ်။ အချို့ဒေသတွေမှာ ဆေးရုံ၊ ဆေးခန်း၊ အဆောက်အဦ များရှိပြီး ဝန်ထမ်းအားနည်းခြင်း၊ ဝန်ထမ်းမရှိခြင်းတို့ကြောင့် ထိန်းသိမ်းမှုမရှိတာလည်း တိုင်းပြည် ဘဏ္ဍာဆုံးရှုံးနစ်နာနိုင်ပါတယ်။ ဆေးရုံ၊ ဆေးခန်းများမှာ ဝန်ထမ်းအသစ်များ သင်တန်းပေး မွေးထုတ်ပေးရန် များစွာလိုအပ်ပါတယ်။ ယခုအချိန်မှာ ကျေးလက်နေပြည်သူများ ဆေးဝါး ကုသမှုစောင့်ရှောက်နိုင်ရန်အတွက် အဆင့်ဆင့်သောဝန်ထမ်းများနဲ့ ဆေးဝါးများ အထူး ဖြည့်ဆည်းပေးနိုင်ဖို့ရန် တင်ပြဆွေးနွေးလိုပါတယ်။ ဒါမှအောက်ခြေ ဆင်းရဲသားပြည်သူများ အတွက် ဆေးဝါးကုသမှု အကျိုးသက်ရောက်မှုရှိမှာ ဖြစ်ပါတယ်။

နောက်ဆုံးတင်ပြရမယ်ဆိုရင် သမ္မတဦးသိန်းစိန် ကိုယ်၌က ပြည်ထောင်စုဝန်ကြီး များကို အလေးထားတိုက်တွန်းနေတာ ကျေးလက်နေပြည်သူမိဘများ၊ တောင်သူလယ်သမား မိဘများကိုဘဝမြှင့်တင်ရေး၊ ဆင်းရဲမှု လျှော့ချရေးစသည့်ပြုပြင်ပြောင်းလဲမှုအတွက် အလေးထား ဆောင်ရွက်ပေးဖို့ ပြောနေတဲ့အပေါ် ပြည်သူအားလုံးဟာ ကြားသိပြီး ဖြစ်ပါ တယ်။ ဒါကြောင့်မို့လည်း ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၃) ဦးပေါလ်ထန်ထိုင်း ရဲ့ ဝေးလံခေါင်းပါးပြီး လူမှုရေးနည်းပါးသောဒေသများကို လျှော့ပေါ့စဉ်းစားပေးပါဆိုတဲ့ အဆိုကို ဆွေးနွေးထောက်ခံရင်း နိဂုံးချုပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၂း၁၅။**

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်လတ် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၁၅။**

**ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၆)**။ ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ရင်း ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသား

လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်လတ် ဖြစ်ပါတယ်။ ဦးပေါလ်ထန်ထိုင်း ရဲ့ အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဝေးလံခေါင်းပါးတဲ့ လူမှုရေး ခက်ခဲသောဒေသတွေဆိုတာ ပထဝီ အနေအထား အခက်အခဲ အခြေခံအဆောက်အအုံတွေထဲမှာ အခြေခံအကျဆုံးဖြစ်တဲ့ လမ်း တံတားတွေ ချို့တဲ့တဲ့ဒေသတွေ ဖြစ်ပါတယ်။ ဖွံ့ဖြိုးရေးမှာ နောက်ကျကျန်ခဲ့တဲ့ဒေသတွေ ဖြစ်ပါတယ်။ ဒီဒေသတွေကို ဒီအတိုင်းချန်ထားခဲ့လို့ မရနိုင်ပါဘူး။ တခြားဒေသတွေနဲ့ တန်းတူရည်တူချပေး လို့ရှိရင် သူတို့ရဲ့ ကွာခြားကျန်ရစ်မှုဟာ ရပ်တန့်နေမှာ မဟုတ်ပါဘူး။ ပိုပြီး ပိုပြီးတော့ ကွာခြားကျန်ရစ်လာမှာ ဖြစ်ပါတယ်။ အဲဒီဒေသတွေကို အထူးစီမံကိန်းမျိုးတွေချ ပေးပြီး နိုင်ငံတော်နဲ့ အနီးအနားမှာရှိတဲ့ အခြားဖွံ့ဖြိုးပြီးတဲ့ ဒေသတွေက ဆွဲတင်ပေးမှသာ နောင်အခါမှာ ဖွံ့ဖြိုးရေးမှာ ပြည်ထောင်စုကို အမီလိုက်လာမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံဟာ ပညာရေးနဲ့ကျန်းမာရေးကဏ္ဍတွေမှာ နောက်ကျန်ရစ်ခဲ့တဲ့အတွက် ပြီးခဲ့တဲ့နှစ်က ဘတ်ဂျက်ရေးဆွဲတဲ့အခါ အထူးအရေးပေးပြီးတိုးမြှင့်ပေးခဲ့ရသလို ဝေးလံခေါင်းပါး ဖွံ့ဖြိုးမှု နည်းတဲ့ဒေသတွေမှာ ပညာရေးနဲ့ ကျန်းမာရေးကို အထူးစီမံချက်များနဲ့ ဘတ်ဂျက်ချပေး ဖို့လည်းလိုအပ်မှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဖွံ့ဖြိုးမှုနည်းလို့ ဒေသလူဦးရေ လျော့ဆင်းလာတယ်။ လူဦးရေ လျော့ဆင်းလာလို့ ဖွံ့ဖြိုးမှုနည်းတာဆိုတဲ့ အပြန်အလှန်ဖြစ်စဉ်တွေကိုလည်း စဉ်းစားကြည့်ဖို့လိုပါ မယ်။ လူဦးရေဘယ်လောက်ရှိမှ ကျောင်းသားအရေအတွက် ဘယ်လောက်ရှိမှ လမ်းပန်း ဆက်သွယ်ရေးအခြေအနေ ဘယ်လောက်ရှိမှ အ.လ.က(ခွဲ)တွေ တိုးပေးမယ်၊ တိုက်နယ်ဆေးရုံ အဆင့်တွေ တိုးပေးမယ်ဆိုတဲ့ လူဦးရေထူထဲပြီး ဒေသတွေအတွက် ပညာရေးနဲ့ ကျန်းမာရေးမှာ ချထားတဲ့ မူဝါဒတွေဟာ လူဦးရေးနည်းပါးပြီး သွားလာရေးခက်ခဲတဲ့ ချင်းပြည်နယ်လို ဒေသတွေ နဲ့ မကိုက်ညီဘဲ ဖွံ့ဖြိုးရေးကို ထိခိုက်စေပါတယ်။ သူတို့ဆီမှာ အ.လ.က(ခွဲ)ကျောင်းတွေရဖို့နဲ့ ကျန်းမာရေးဆေးပေးခန်းတွေရဖို့ အခွင့်အရေးတွေ ဆုံးရှုံးသွားမှာ ဖြစ်ပါတယ်။

ကျောင်းသားဦးရေနည်းလို့ ကျောင်းတိုးမပေးတာဆိုရင် ဘယ်တော့မှ အဆင့်မြင့်ကျောင်း ရနိုင်တော့မှာ မဟုတ်ပါဘူး။ အဲဒီဒေသမှာ လူတွေလည်း မနေနိုင်ပါဘူး လူဦးရေနည်းလို့ ဆေးပေးခန်းတွေချမပေး ဆေးခန်း မရှိတဲ့နေရာမှာ လူဦးရေနည်းလာရင် ဘယ်တော့မှ ဆေးပေးခန်းတွေ ရနိုင်တော့မှာ မဟုတ်ပါဘူး။ ဒါကြောင့် ထူးခြားဒေသတွေ၊ ထူးခြားတဲ့

အစီအစဉ်တွေ ချပေးဖို့ လိုအပ်ပါတယ်။ ဒါကြောင့် လူဦးရေပေါ်မှာချထားတဲ့ စည်းမျဉ်းတွေကို လျော့ပေးပြီး ဖွံ့ဖြိုးမှုအနည်း၊ အများပေါ်မှာ မူတည်ပြီး ရေးဆွဲထားတဲ့စည်းမျဉ်းတွေဖြစ်ဖို့ လိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဝေးလံခေါင်းပါးပြီး ဖွံ့ဖြိုးမှုနည်းသောဒေသတွေမှာ ပညာရေး၊ ကျန်းမာရေး တိုးတက်လာဖို့အတွက်၊ ပညာရေးကောလိပ်၊ သူနာပြုကောလိပ်နဲ့ ဆေးတက္ကသိုလ် ဝင်ခွင့်အမှတ်တွေကို လျော့ပေါ့စဉ်းစားဖို့လည်း လိုအပ်ပါတယ်။ချင်း၊ ရခိုင်နဲ့ စစ်ကိုင်းတိုင်း ဒေသကြီးနဲ့ နာဂဒေသတွေမှာ သက်ဆိုင်ရာ ကျောင်းသားအရေအတွက်တွေကို ခွဲတမ်းချပြီးတော့ ဝင်ခွင့်တိုးပေးဖို့လည်း လိုအပ်ပါတယ်။ အလုပ်အကိုင် ခန့်ထားရာမှာ ဒေသကိုရင်းနှီးတဲ့ ဒေသခင်တဲ့ ဒေသခံတွေကို ဦးစားပေးဖို့ ကန့်သတ်စည်းမျဉ်းတွေ လျော့ချဖို့လည်း လိုအပ်မှာ ဖြစ်ပါတယ်။ နောက် အဲဒီဒေသတွေကိုသွားမဲ့ ဝန်ထမ်းတွေကို အထူးမက်လုံးပေးဖို့၊ ဥပမာ (၃)နှစ် အမှုထမ်းပြီးရင် သွားရေးလာရေးအဆင်ပြေတဲ့ မြို့ပြဒေသကို ပြောင်းရွှေ့ပေးဖို့စတာ တွေလည်း လိုအပ်မှာ ဖြစ်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒေသကြီးတစ်ခုရဲ့ အခြေအနေကို အဲဒီဒေသက လူတွေသာ အသိဆုံး ဖြစ်ပါတယ်။ ဒါကြောင့် ဒေသဖွံ့ဖြိုးဖို့အတွက် ဒေသန္တရအစိုးရတွေကို လုပ်ပိုင်ခွင့် များများပေးအပ်ဖို့လည်း လိုအပ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး အစိုးရက ပြည်ထောင်စု အစိုးရဆီက ငွေချေးပြီး ကျောင်းဆရာတွေ ခန့်ထားဖို့ ကြိုးစားနေတာ ဂျာနယ်တွေမှာ ဖတ်ရပါတယ်။ ဒါကို ကြိုဆိုရမှာ ဖြစ်ပါတယ်။ ကျောင်းဆရာတွေသာမက၊ ဆရာဝန်တွေ၊ ကျန်းမာရေးဆရာမတွေကိုလည်း ဘယ်နေရာမှာ၊ ဘယ်သူ့ကို ခန့်အပ်မယ်၊ ဘယ်သူနဲ့မှ သင့်တော်မယ်၊ ဘယ်သူနဲ့မှ မြဲနေမယ် ဆိုတာတွေကို စိစစ်ပြီး ခန့်အပ်ဖို့ ဒေသန္တရအစိုးရတွေ ပိုပြီးတော့ လုပ်ဆောင်သင့်ပါတယ်။

ဒါကြောင့် ဖွံ့ဖြိုးမှုနည်းတဲ့ ပြည်နယ်/တိုင်းဒေသကြီးအစိုးရတွေကို လုပ်ပိုင်ခွင့် များများပေးဖို့ လိုအပ်ပါတယ်။ လုပ်ပိုင်ခွင့်ပေးပြီး ငွေချမပေးပြန်ရင်လည်း မလုပ်နိုင်တာတွေ ရှိတဲ့အတွက် မဖွံ့ဖြိုးသေးတဲ့ ဝေးလံဒေသတွေအတွက် ဘတ်ဂျက်များများချပေးဖို့လည်း လိုပါတယ်။ ဒါမှသာ ကျန်းမာရေးဝန်ထမ်း၊ ပညာရေးဝန်ထမ်းတွေကို လိုအပ်သလို ခန့်အပ်နိုင်ပြီးကာမှ ဝေးလံခေါင်းပါးတဲ့ ဒေသတွေဟာ ပြည်ထောင်စုကိုအမီလိုက်လာနိုင်မှာ ဖြစ်ပါတယ်။ ကျေးဇူး တင်ပါတယ်။

**အချိန်၊ ၁၂း၂၀။**

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးအောင်ချိုဦး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၂၀။**

**ဦးအောင်ချိုဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)။** ။လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ချိုဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဆရာကြီး ဦးပေါလ်ထန်ထိုင်း ရဲ့ အဆိုကို ထောက်ခံအကြံပြု ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁) ပုဒ်မ ၂၁၊ အပိုဒ်ခွဲ(ဂ)မှာ နိုင်ငံတော်သည် (ဂ) တိုးတက်ဖွံ့ဖြိုးမှု နည်းပါးနေသည့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး စသည်တို့ပါဝင်သော လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကူညီဆောင်ရွက်မည်လို့ ဖော်ပြထားပါတယ်။ အဆိုရှင်က ဝေးလံခေါင်းပါး၍ လူမှုရေးခက်ခဲတဲ့ဒေသရှိ ပြည်သူများရဲ့ ပညာရေးနှင့် ကျန်းမာရေးကို အဓိကထားပြီး တင်သွင်းသွားတာကို ကျွန်တော်အနေနဲ့ လေ့လာတွေ့ရှိရ ပါတယ်။

မြန်မာနိုင်ငံအတွင်းမှာ ဒေသဖွံ့ဖြိုးရေးတွေကို တန်းတူညီမျှ ဖြစ်စေရေးကို အစိုးရအဆက်ဆက်က ဆောင်ရွက်ခဲ့တာကိုလည်း တွေ့ရှိရမှာ ဖြစ်ပါတယ်။ ယခု အစိုးရသစ်လက်ထက်မှာလည်း ပြုပြင်ပြောင်းလဲရေးလုပ်ငန်းတွေဟာ ကဏ္ဍစုံမှာ ဖြစ်ပေါ်နေတာကိုလည်း တွေ့ရမှာ ဖြစ်ပါတယ်။ ဒီလိုပြုပြင်ပြောင်းလဲရေးလုပ်ငန်းတွေကို မူဝါဒပဲပြောင်းလဲနေတာ မဟုတ်ဘဲနဲ့ အဲဒီမူဝါဒတွေကို လက်တွေ့အကောင်အထည်ဖော်တဲ့ ပုဂ္ဂိုလ်တွေဟာ အောက်အခြေအဆင့်အထိ ဖော်ဆောင်ပေးနိုင်ဖို့ လိုအပ်နေပါသေးတယ်လို့ ကျွန်တော်ဒီနေ့ အဓိကထားပြီး တင်ပြလိုခြင်း ဖြစ်ပါတယ်။ နိုင်ငံတော် ခေါင်းဆောင်ကြီးများနဲ့ လွှတ်တော်အသီးသီးက စုပေါင်းပြီးတော့ နိုင်ငံအတွက် ကောင်းမွန်တဲ့မူဝါဒတွေကို ချမှတ်ပေးသလို အောက်ခြေမှာ အဆိုပါလုပ်ငန်းတွေကို အကောင်အထည်ဖော်ကြရတဲ့ အဆင့်ဆင့်သော တာဝန်ရှိသူများကလည်း သိရှိနားလည်ထားဖို့ လိုအပ်နေပါသေးကြောင်း တင်ပြလိုပါတယ်။

ဘာကြောင့်လဲဆိုတော့ ဥပမာအားဖြင့် ပညာရေးကဏ္ဍမှာ နိုင်ငံတော်အနေဖြင့် ဦးစားပေး ဆောင်ရွက်နေပါတယ်။ နှစ်စဉ်အသုံးစရိတ်များဟာလည်း တိုးမြှင့်ပေးနေသလို တည်ဆောက်ရေးလုပ်ငန်းတွေကလည်း တိုးချဲ့ပေးနေတာကို နေရာအနှံ့မှာ တွေ့ရပါတယ်။ ဒါပေမဲ့ ယခုအဆိုရှင်တင်ပြသွားတဲ့ အချက်တွေထဲမှာ ပါဝင်တဲ့ ကျောင်းဆရာများကိစ္စမှာ ဝေးလံခေါင်းပါးတဲ့ဒေသများတွင်မကဘဲနဲ့ ကျွန်တော်တို့လို ဆက်သွယ်ရေးအတော်အသင့် ကောင်းမွန်တဲ့ ဒေသများမှာပင်လျှင် မြို့ပေါ်မှာ ကျောင်းဆရာ/ဆရာမများနဲ့ ပြည့်နှက် နေပြီးတော့ ဝေးလံခေါင်းပါးတဲ့ မြစ်ကမ်းပါးနေရွာကလေးတွေ၊ ရိုးမတောင်ခြေမှာရှိတဲ့ ရွာကလေးတွေမှာ စာသင်ကျောင်း တစ်ကျောင်းတည်းမှာ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းအုပ်ဆရာကြီး တစ်ဦးတည်းကပဲ တာဝန်ယူသင်ကြားနေရတဲ့ ကျောင်းလေးတွေကို ကျွန်တော် ကိုယ်စားလှယ် ခရီးစဉ်တွေမှာ တွေ့မြင်နေရဆဲ ဖြစ်ပါတယ်။ ဆိုလိုတာကတော့ ဌာနဝန်ထမ်းများရဲ့ တာဝန်ယူလိုမှု စိတ်ဓာတ်ပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါ နိုင်ငံတော်က ပညာရေးအသုံးစရိတ်များကို တိုးမြှင့်ပေးထားသလို ပညာရေးဝန်ထမ်းအဆင့်ဆင့်ရဲ့ ဖွဲ့စည်းပုံနဲ့ ရာထူးအဆင့်ဆင့်တိုးမြှင့်ပေးထားတာကို တွေ့ရှိနေရပါတယ်။ သို့ပါသော်လည်း ဝေးလံခေါင်းပါးတဲ့ဒေသများတွင်မဟုတ်ဘဲနဲ့ ကျွန်တော်တို့လို အတော်အသင့် ဖွံ့ဖြိုးတဲ့ဒေသတွေမှာတောင် သက်ဆိုင်ရာတာဝန်ရှိသူ အဆင့်ဆင့်မရောက်သေးတဲ့ ကျောင်းလေးတွေ၊ ရောက်ပြန်သော်လည်း ဒေသအခက်အခဲကို ရဲဝံ့စွာ မတင်ပြရဲဘဲ အထက်အဆင့်ဆင့်က ဆောင်ရွက်ချက်တွေကို လိုက်နာဆောင်ရွက်နေရတဲ့ အခြေအနေလေးတွေကိုလည်း တွေ့မြင်နေရဆဲ ဖြစ်နေပါတယ်။

ဥပမာအားဖြင့် ကျွန်တော်ရဲ့ မဲဆန္ဒနယ်မြေဖြစ်တဲ့ လမ်းပန်းဆက်သွယ်ရေးနဲ့ အနီးစပ်ဆုံးဖြစ်တဲ့ အုတ်ဖိုမြို့နယ်၊ အေးမြသာယာမြို့သစ်က အ.ထ.က ကျောင်းနဲ့ ပတ်သက်ပြီး ဥပမာ ပေးလိုပါတယ်။ အဲဒီကျောင်းဟာ အဲဒီကျောင်းကို ရောက်ရှိလေ့လာတဲ့အခါမှာ ကျောင်းဆောင်အသစ်ကြီးဟာ ၁၉၉၉ ခုနှစ်နောက်ပိုင်းမှာ နိုင်ငံတော်ထောက်ပံ့ငွေဖြင့် တည်ဆောက်ခဲ့သော်လည်းပဲ အကြောင်းကြောင်းကြောင့် နှစ်ထပ်ကျောင်းဆောင်ဟာ အပေါ်ထပ်မှာ ကျောင်းသားကြီးများ ထားလို့မရပါဘူး ဖြစ်နေပါတယ်။ ကျောင်းသားကြီးများ အစား မူလတန်းကလေးများကို အဆိုပါအထပ်မှာ သင်ကြားနေရတာကို တွေ့ရှိရပါတယ်။ ကျွန်တော်ရောက်ရှိသွားတဲ့အခါမှာလည်း ကျောင်းဆောင်ကို ပြုပြင် တည်ဆောက်ပေးဖို့

လိုအပ်ကြောင်း ဒေသခံများကလည်း ဆွေးနွေးခဲ့ပါတယ်။ ကျွန်တော် ကိုယ်တိုင်လည်း လက်တွေ့မျက်မြင် တွေ့ခဲ့ရတဲ့အခြေအနေတွေကြောင့် ကျွန်တော် အမျိုးသားလွှတ်တော်မှာ ပဋ္ဌမအကြိမ်အစည်းအဝေးမှာ ကြယ်ပွင့်မပြမေးမြန်းခဲ့သော်လည်း အဖြေကတော့ လောလော ဆယ်ဆယ် အစီအစဉ် မရှိသေးတဲ့ အခြေအနေလေးတွေကို ပြန်လည်ဖြေကြားထားတာ တွေ့ရ ပါတယ်။

ဒါကြောင့် ယခုလိုဖွံ့ဖြိုးတဲ့ဒေသတွေမှာတောင် ပြုပြင်ပေးရမယ့်အစီအစဉ်တွေကိုတောင် တာဝန်ရှိသူတွေက မရောက်တာဘဲလားလို့ ကျွန်တော် တွေးမိပါတယ်။ ဆိုလိုတာကတော့ ကျွန်တော်တို့လွှတ်တော်အဆင့်ဆင့်က အဆိုတွေတင်သွင်း၊ အစိုးရအဆင့်ဆင့်က အကောင်အထည် ဖော်နေသော်လည်းပဲ အောက်ခြေအဆင့်ထိ ပျံ့နှံ့သက်ရောက်မှု အားနည်းနေတယ်လို့ ကျွန်တော် တင်ပြလိုပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။ တင်ပြလိုတာက အကောင်အထည်ဖော်ကြတဲ့ ပြည်သူတွေရဲ့ အနီးစပ်ဆုံး တာဝန်ယူကြရတဲ့ တာဝန်ရှိသူများ ဥပမာ မူလတန်းကျောင်းဆရာ၊ ဆရာမများဟာ ယနေ့ခေတ်စနစ်တွေ၊ မူဝါဒတွေပြောင်းလဲနေတာကို ပျံ့နှံ့သိရှိဖို့ လိုအပ်နေပါသေးတယ်လို့ တင်ပြလိုပါတယ်။ လုပ်ငန်းခွင်အစည်းအဝေးတွေ၊ အလုပ်ရုံအစည်းအဝေးတွေ၊ သင်တန်းတွေမှာ ထိရောက်စွာ ဆက်လက်ဆွေးနွေးပေးနိုင်ဖို့လည်း တိုက်တွန်းလိုပါတယ်။ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်နဲ့ တာဝန်ကျေပွန်မှုအတွက် တင်ပြလိုတာပါ ခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ယခု အဆိုရှင်က တင်ပြခဲ့တဲ့ကိစ္စဟာ ဝေးလံခေါင်းပါးတဲ့၊ ဖွံ့ဖြိုးမှုနည်းပါးနေသေးတဲ့ ဒေသတွေအတွက် သတ်မှတ်ချက်များကို လျှော့ပေါ့စဉ်းစားတဲ့အခါမှာ ကျွန်တော် ဖြည့်စွက်တင်ပြလိုတာက အထက်နှင့်အောက်ခြေ တစ်ပြေးညီ လုပ်ငန်းတွေကို ဆောင်ရွက်ပေးဖို့ လိုအပ်ပါကြောင်း တင်ပြ လိုပါတယ်။

ဆက်လက်ပြီး အဆိုရှင်တင်ပြသွားတဲ့အတိုင်း ကျန်းမာရေးအတွက်လည်း ကျန်းမာရေး ဝန်ကြီးဌာနက သတ်မှတ်ချက်တွေမှာ လမ်းပန်းဆက်သွယ်ရေး အခက်အခဲ အမျိုးမျိုးရှိတဲ့နေရာ တွေကိုလည်း အထူးသတ်မှတ်ချက်များအနေနဲ့ လျှော့ပေါ့စွာစဉ်းစားပြီး ဆောင်ရွက်ပေးဖို့ လိုအပ်နေပါသေးတယ်။ ဒီအခက်အခဲများကို နိုင်ငံတော်အစိုးရက ဖြေရှင်းပေးမည့် အစီအစဉ် တွေကိုလည်း တွေ့ရှိနေရပြီ ဖြစ်ပါတယ်။ ဝန်ထမ်းများအတွက် လစာများတိုးပေးခြင်း၊ ဆရာဝန် ဖြစ်ရေးအတွက်၊ ဆေးကျောင်းသားများအတွက် လက်ခံရာတွင်လည်း (၃)ရာခိုင်နှုန်းကို လူမှုရေး

ခက်ခဲတဲ့ဒေသက ကျောင်းသားများအတွက် လျာထားပေးတယ်လို့ အဆိုရှင်က တင်ပြထားပါတယ်။ ဒါကို ပြည်သူတွေကလည်း ဝိုင်းဝန်းပူးပေါင်းကူညီကြဖို့ ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ အလွန်လည်း ကောင်းမွန်လှပါတယ်။ ပညာရေး၊ ကျန်းမာရေးကိစ္စတွေကို နိုင်ငံတော်အစိုးရက လျော့ပေါ့သော်လည်းပဲ တာဝန်ကို ထမ်းဆောင်ကြမယ့်၊ တာဝန်ယူကြမယ့် ဝန်ထမ်းများအပိုင်းက အထက်မှာ ကျွန်တော် တင်ပြခဲ့တဲ့ နိုင်ငံတော်ရဲ့ မူဝါဒတွေ၊ စနစ်တွေအကြောင်းကို ကျေညက်စွာ သိရှိထားပါလျှင် လုပ်ငန်းများ ပိုပြီးတော့ မြန်ဆန်ထိရောက် လာမယ်ဆိုပါကြောင်း တင်ပြလိုပါတယ်။

ယခုအဆိုရှင် တင်ပြသွားတဲ့ တင်ပြချက်များဟာ အောင်မြင်မှာ ဖြစ်ပါကြောင်း ထပ်လောင်းတင်ပြလိုပါတယ်။ ဒါကြောင့် ယခုအဆိုရှင် တင်ပြသွားတဲ့ ဝေးလံခေါင်းပါး၍ လူမှုရေးခက်ခဲသောဒေသရှိ ပြည်သူများရဲ့ ပညာရေးနှင့် ကျန်းမာရေးအား ဖွံ့ဖြိုးမှုရှိသော ဒေသများထက် လျှော့ပေါ့၍ အထူးအစီအစဉ်ဖြင့် ဆောင်ရွက်ပေးနိုင်မှုအဆိုကို ကျွန်တော့် အနေနဲ့ ဆောင်ရွက်ကြရမယ့် တာဝန်ရှိသူအဆင့်ဆင့်ကလည်းပဲ ပြောင်းလဲနေတဲ့ ခေတ်စနစ်များ အတိုင်း လိုက်ပါဆောင်ရွက်ပေးကြပါလို့ တိုက်တွန်းနှိုးဆော်ရင်း ထောက်ခံဆွေးနွေး အကြံပြု ရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၂း၂၅။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဂမ်ဆိုင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၂၅။**

**ဦးဂမ်ဆိုင်း၊ ကချင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၂)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့ ဦးစွာ ဂါရဝပြု နှုတ်ခွန်းဆက်သလိုက်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဂမ်ဆိုင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးပေါလ်ထန်ထိုင်း ရဲ့ အဆိုဖြစ်သော ဝေးလံခေါင်းပါး၍ လူမှုရေးခက်ခဲသောဒေသရှိ ပြည်သူများရဲ့ ပညာရေးနှင့် ကျန်းမာရေးအား ဖွံ့ဖြိုးမှုရှိသောဒေသများထက် လျှော့ပေါ့၍ အထူးအစီအစဉ်ဖြင့် ဆောင်ရွက် ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ကျွန်တော့်အနေနဲ့ ထောက်ခံ

ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ယခုလို ထောက်ခံဆွေးနွေးရခြင်းမှာလည်းပဲ မိမိကိုယ်၌ကိုယ် ကပဲလည်း ဝေးလံပြီးတော့မှ သင်ယူမှုမရရှိသေးသော ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့နယ်မှ ပြည်သူများ ကိုယ်စား ဆွေးနွေးတင်ပြရခြင်းပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ကိုယ်တိုင်လည်းပဲ လက်တွေ့နယ်ပယ်မှာ တွေ့ကြုံ ခံစားရတဲ့အပြင် ပြည်သူများရဲ့ အသံဖြစ်ပါလိမ့်မယ်လို့ ကျွန်တော် နားလည်ယုံကြည် ထားပါတယ်။ ကျွန်တော့်အနေနဲ့ စောစောက ကျွန်တော်ရဲ့ စောစောပိုင်းမှာ ကိုယ်စားလှယ် (၅)ဦးလည်းပဲ ဆွေးနွေးသွားတဲ့နေရာမှာ တစ်ထပ်တည်းဖြစ်တဲ့အတွက်ကြောင့်မို့လို့ လိုရင်း တိုရှင်းပဲ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ယခုအခါမှာ ပြည်ထောင်စုအနေဖြင့် ဝေးလံခေါင်းပါး သော ကျေးလက်ဒေသများအတွက် လျှော့ပေါ့ဖြေရှင်းပေးသောအားဖြင့် ယင်းဒေသရှိ ဝန်ထမ်း များ လစာ(၂)ဆ ခံစားစေပြီးတော့မှ ၂၀၁၁ ခုနှစ် ဆေးတက္ကသိုလ်ကျောင်းသား (၁၂၀၀)ကို လက်ခံပြီးတော့မှ (၃)ရာခိုင်နှုန်းကို ဝေးလံသောဒေသမှ တက္ကသိုလ်ဝင်တန်းအောင် အမှတ် အများဆုံးရ ဒေသခံကျောင်းသားများအတွက် လျာထားပေးတာကို သိရှိရတဲ့အပြင် ရေဆင်း စိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်တွေမှာလည်းပဲ ၂၀၁၂-၂၀၁၃ ပညာ သင်နှစ်မှာ ဝေးလံပြီးတော့ နယ်စပ်ဒေသမှ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် ကျောင်းသား တစ်ဦးနှင့် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ကျောင်းသူနှစ်ဦးကိုလည်းပဲ သတ်မှတ်နှုန်းထားကို လျှော့ချပြီးတော့မှ တက်ရောက်ပညာသင်ကြားခွင့် ရရှိနေတာကို လေ့လာတွေ့ရှိနေရကြောင်း သက်ဆိုင်ရာပြည်ထောင်စုအစိုးရလည်းပဲ များစွာကျေးဇူးဥပကာရ တင်ရှိကြောင်း ပြောလိုပါ တယ်။

လူမှုရေးခက်ခဲသောဒေသများတွင် စာသင်ကျောင်းများ၊ ကျန်းမာရေးဌာန၊ တိုက်နယ် ဆေးရုံများ၊ အသစ်ဖွင့်လှစ်ခြင်းနဲ့ အဆင့်တိုးမြှင့်ခြင်းကို ဆောင်ရွက်တဲ့နေရာမှာ လူဦးရေ နည်းပါး၍ သတ်မှတ်ဦးရေ မပြည့်မီခြင်း၊ သတ်မှတ်ထားသည့် ဌာနဆိုင်ရာပုံစံများ ပြည့်မီခြင်း မရှိခြင်းကြောင့် ရသင့်ရထိုက်သော အခွင့်အရေးမရရှိနိုင်ပါသဖြင့် ၎င်းဒေသရဲ့ အခြေအနေ၊ အနေအထားအရ လိုက်လျောညီထွေဖြစ်အောင် လျှော့ပေါ့စဉ်းစားပေးမှသာလျှင် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့လည်းပဲ ယနေ့အဆိုရှင်ရဲ့ အဆိုကို ကျွန်တော် ဆက်လက်ပြီးတော့ ထောက်ခံရခြင်းလည်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဝေးလံခေါင်းပါးပြီးတော့မှ လူမှုရေးခက်ခဲသော ဒေသရှိ ပြည်သူများရဲ့ ပညာရေး၊ ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်လာအောင် အထူးအစီအစဉ် ဆောင်ရွက်ပေးရေးဆိုတဲ့နေရာတွင် ဖြေရှင်းရမည့်နေရာတွေ အဖြေရှာတဲ့အခါမှာ ၎င်းဒေသရှိ ဒေသခံကျောင်းဆရာ၊ ဆရာမများ၊ သားဖွားဆရာ၊ ဆရာမများနဲ့ သူနာပြုများ၊ ဆရာဝန်များကို မွေးထုတ်ရန် ၎င်းဒေသတွင် ပညာရေးကောလိပ်သင်တန်းကျောင်းများ တိုးချဲ့ဖွင့်လှစ်ပေးရန် လိုအပ်နေပြီ ဖြစ်ကြောင်းလည်းပဲ လေ့လာတွေ့ရှိရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ဤကဲ့သို့ ဝေးလံခေါင်းပါးပြီးတော့မှ လူမှုရေးခက်ခဲသော ပြည်နယ်နဲ့တိုင်းဒေသ (၈၇)မြို့နယ်ကို ဝန်ထမ်းလစာနှစ်ဆ ခံစားစေ ပြီးတော့ ဝန်ထမ်းများအတွက် သင့်တင့်လျှောက်ပတ်ကြောင်းကိုလည်းပဲ ကြိုဆိုပါတယ်။ သို့သော်လည်းပဲ တချို့မြို့နယ်များမှာ အမှန်ခက်ခဲသော ဒေသတချို့ ကျန်ရှိနေသေးကြောင်း လေ့လာတွေ့ရှိရမှာ ဖြစ်ပါတယ်။ အလျဉ်းသင့်လို့ တင်ပြရမယ်ဆိုရင် ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်ရဲ့ အနေအထားကို ကြည့်မယ်ဆိုလျှင် ယခင်မြို့နယ်ခွဲ ဝိုင်းမော်မြို့နယ်၊ ဝါးရှောင်၊ ကန်တော်ယန်၊ မန်ဒေါင်နဲ့ ဆဒုံမြို့နယ်ခွဲ ဆိုပြီးတော့မှ (၅)ခု ရှိပါတယ်။ မြို့နယ်ခွဲ အခုဆိုလျှင် ကန်ပိုက်တီမြို့နယ်ကလည်းပဲ တိုးချဲ့လာပြီ ဖြစ်ပါတယ်။ ဝန်ထမ်းလစာ နှစ်ဆ ခံစားသင့်သော မြို့နယ် မဟုတ်သော်လည်းပဲ ကျွန်တော်တို့ မန်ဒေါင်နဲ့ ကန်တော်ယန်၊ ဆဒုံ၊ ကန်ပိုက်တီများဟာ ဝါးရှောင်နဲ့ ဝိုင်းမော်မြို့နယ်ထက် ပိုပြီးတော့ အလှမ်းဝေးပြီးတော့မှ မိုင်ပေါင်း(၄၀)ကျော်ဖြင့် လမ်းပန်းဆက်သွယ်ရေး အခက်အခဲရှိတဲ့ မြို့နယ်ပဲ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ အခုလို ဝိုင်းမော်မြို့နယ်မှာ နှစ်ဆ ခံစားသော မြို့နယ်မဟုတ်သော် လည်းပဲ အခုလို မြို့နယ်ခွဲတွေမှာ အမှန်တကယ် ဝေးလံတဲ့ မြို့နယ်ခွဲတွေကိုတော့ ကျွန်တော်တို့ နှစ်ဆ ခံစားသင့်တယ်ဆိုတဲ့အကြောင်း ကျွန်တော်တို့ မဖွံ့ဖြိုးသေးတဲ့ဒေသကို ဦးစားပေး လျှော့ပေါ့ပေးတဲ့အနေအထားဖြင့် ကျွန်တော်တို့ ခံစားပေးသင့်ပါတယ်ဆိုတဲ့ အကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော်တို့ တင်ပြအပ်ပါတယ်။ဥက္ကဋ္ဌကြီးခင်ဗျား။

နိဂုံးချုပ်အနေဖြင့် တင်ပြဆွေးနွေးလိုတာက ကျွန်တော်တို့ ပြီးခဲ့တဲ့ ပဉ္စမအကြိမ် ပုံမှန်အစည်းအဝေးမှာ ကြယ်ပွင့်ပြမေးခွန်းတစ်ခု မေးခဲ့ပါတယ်။ ဒါ ဘာလဲဆိုရင် ကျွန်တော်တို့ မြို့နယ်ရဲ့ အနေအထား နောင်ဟီး အလယ်တန်းကျောင်းခွဲကို အလယ်တန်းကျောင်းအဆင့် တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ မေးတဲ့ မေးခွန်းပဲ ဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့

ပညာရေးဝန်ကြီးဌာနရဲ့ ၈-၁၁-၂၀၁၂ နေ့စွဲပါ စာအမှတ် ၃၈ (၆၅၃၃) ဖြင့် ကျွန်တော့်ဆီမှာ ပြန်လည်ပြီးတော့မှ စာဖြင့် ပြန်လည်ဖြေကြားလာတာကို လက်ခံရရှိပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ ဝိုင်းမော်မြို့နယ် အနေအထားမှာ ကျောင်းကို ဒီ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှာ အထက်တန်းကျောင်းခွဲ (၁)ကျောင်းနဲ့ အလယ်တန်းကျောင်း(၂)ကျောင်း၊ အလယ်တန်းကျောင်းခွဲ (၅)ကျောင်းနဲ့ မူလွန်ကျောင်း (၂)ကျောင်း၊ မူလတန်းကျောင်း(၃)ကျောင်းနဲ့ အားလုံး (၁၀)ကျောင်းကို လာမယ့်ပညာသင်နှစ်မှာ ချပေးဖို့ စီစဉ်ထားရှိကြောင်း ကြားသိရတဲ့အတွက်ကြောင့် များစွာပဲ ဝမ်းသာဂုဏ်ယူမိပါတယ်။

သို့သော်လည်းပဲ နောင်ဟီး အလယ်တန်းကျောင်းခွဲရဲ့ အနေအထားကို ပြန်ကြည့်မယ်ဆိုရင် ကျောင်းရဲ့ အနေအထားကို သူတို့ကျောင်း အလယ်တန်းကျောင်းခွဲကို သင်ကြားခဲ့တာက (၆)နှစ်လောက် ရှိပါတယ်။ သို့သော် ကျွန်တော်တို့ ဒီတစ်ခါ ကျွန်တော် ပြန်တဲ့အခါမှာ၊ လွှတ်တော် နားတဲ့အခါမှာ၊ လေ့လာကြည့်တဲ့အခါမှာ ဒီကျောင်းရဲ့အနေအထားက ကျောင်းဆရာ၊ ဆရာမများ လုံလောက်ခြင်း၊ ကျောင်းအနေအထား၊ အကျယ်အဝန်း၊ ကျောင်းပရိဘောဂ၊ ရေတွင်းရေကန်များ၊ အဆောက်အဦများဟာ သူရဲ့ လုပ်ထုံးလုပ်နည်းနဲ့ အညီ နောက်တစ်ခါ ပင်မကျောင်းအုပ်ဆရာကြီးရဲ့ ထောက်ခံချက်နဲ့ ဆေးရုံအုပ်ချုပ်ရေးမှူးရဲ့ ထောက်ခံချက်များ၊ မြို့နယ်ပညာရေးမှူးရဲ့ ကွင်းဆင်းစစ်ဆေးချက်များနဲ့ သတ်မှတ်ပုံစံများနဲ့ ပြည့်ပြည့်စုံစုံ တင်ပြထားပြီးတော့ မြို့နယ်ပညာရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးများရဲ့ ထောက်ခံချက်ဖြင့် ပြည်နယ်ကတစ်ဆင့် ကျွန်တော်တို့ ဝန်ကြီးဌာနကို တင်ထားပြီး ဖြစ်တဲ့ဟာကို လေ့လာတွေ့ရှိရပါတယ်။ သို့သော်လည်းပဲ ပညာရေးဝန်ကြီးဌာနက ပြန်လည်ပြီးတော့ ဆန်းစစ်တဲ့အခါမှာ ဒီအလယ်တန်းကျောင်းခွဲဟာ ဆိုလို့ရှိရင် ကျောင်းသားဦးရေဟာ (၂၀၂)ဦးပဲ ရှိတဲ့အတွက်ကြောင့်မို့လို့ အလယ်တန်းကျောင်းနဲ့ မကိုက်ညီတဲ့အတွက်ကြောင့်မို့ အလယ်တန်းကျောင်းအဖြစ် တိုးချဲ့ပေးရန် အစီအစဉ် မရှိကြောင်း ပြန်ကြားခဲ့ပါတယ်။

အဲဒါကို လေ့လာကြည့်တဲ့အခါမှာ ကျွန်တော်တို့ နယ်စွန်နယ်ဖျားဘက်မှာရှိတဲ့၊ ခက်ခဲလှတဲ့၊ မလုံခြုံတဲ့၊ မငြိမ်းချမ်းတဲ့ ဒေသမှာ မိဘပြည်သူများ အနေအထားဟာ တစ်ခြားကျောင်းမှာ သွားတက်မယ် ဆိုရင်လည်းပဲ တော်တော်လေး အခက်အခဲ ရှိပါတယ် ဆိုတော့ ကျောင်းသားဦးရေ တစ်ခုကိုပဲ သတ်မှတ်ခြင်းအားဖြင့် ကျွန်တော်တို့ အလယ်တန်းကျောင်း

Section မရတဲ့အတွက်ကြောင့်မို့လို့ ကျောင်းသူ၊ ကျောင်းသားနဲ့ ဒီဒေသမှာ နေထိုင်ကြတဲ့ ပြည်သူများဟာ အမှန်တကယ် နစ်နာဆုံးရှုံးမှု ရှိနေပါတယ်ဆိုတာ လေ့လာတွေ့ရှိရပါတယ်။

ဒါကြောင့်မို့လို့ ဥက္ကဋ္ဌကြီးကတစ်ဆင့် လာမယ့်ပညာသင်နှစ်မှာ အခုလို နယ်စွန် နယ်ဖျားက အဆိုရှင် တင်ပြတဲ့အတိုင်းပါပဲ၊ လျှော့ပေါ့ပြီးမှပဲ ခွင့်ပြုပေးမှသာလျှင် ရသင့် ရထိုက်တဲ့ ခံစားခွင့် ရရှိမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အဆိုရှင် တင်ပြသွားတဲ့အတိုင်း ချင်းပြည်နယ်မှ ကိုယ်စားလှယ် ဦးပေါလ်ထန်ထိုင်း တင်ပြတဲ့အတိုင်း ဝေးလံခေါင်းပါးပြီးတော့ လူမှုရေး ခက်ခဲသောဒေသရှိ ပြည်သူများရဲ့ ပညာရေးနဲ့ ကျန်းမာရေး ဖွံ့ဖြိုးမှုရှိသော ဒေသများအဖြစ် လျှော့ပေါ့ပြီးတော့မှ အထူးအစီအစဉ်ဖြင့် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်းအဆိုကို ကျွန်တော့်အနေနဲ့ လေးလေးနက်နက် ထောက်ခံ ကြောင်း ပြောကြားရင်း နိဂုံးချုပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၂း၃၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဟာရှိန်းဘွေ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၃၅။**

**ဦးဟာရှိန်းဘွေ၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ရှေးဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဟာရှိန်းဘွေ ဖြစ်ပါတယ်။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးပေါလ်ထန်ထိုင်း ရဲ့ ဝေးလံသီခေါင်၍ လူမှုရေးခက်ခဲသောဒေသရှိ ပြည်သူများရဲ့ ပညာရေးနဲ့ ကျန်းမာရေးအား ဖွံ့ဖြိုးမှုရှိပြီး ဒေသများထက် လျော့ပေါ့၍ အထူးအစီအစဉ်ဖြင့် ဆောင်ရွက် ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးမှာ ဖြစ်ပါ တယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရေးကဏ္ဍနဲ့ပတ်သက်ပြီး ဦးစွာ ဆွေးနွေးလိုပါတယ်။ မြန်မာနိုင်ငံရဲ့ ဝေးလံသီခေါင်တဲ့ ပြည်နယ်များ နယ်စပ်ဒေသများသည် ပြည်မလို မဟုတ်ဘဲ

လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်း လူနေကျဲပါးခြင်း၊ လူဦးရေအိမ်ခြေနည်းပါးစွာ ပြန့်ကျဲနေထိုင်လျက်ရှိကြပါတယ်။ ဒါကြောင့် ပညာရေးကောလိပ်ရွေးချယ်ရာမှာ ဒေသခံဘွဲ့ရများကို ဦးစားပေးရွေးချယ်သင့်ပါကြောင်း သို့မှသာ ယင်းဒေသရှိကျောင်းများတွင် အချိန်ပြည့် ပညာသင်ကြားပေးနိုင်မှာ ဖြစ်ပါတယ်။ ပညာရေးလက်ရှိမူအရ ဆရာနဲ့ကျောင်းသား အချိုးနဲ့တွက်ပြီး ခန့်ထားပေးနေတာတွေ တွေ့ရပါတယ်။ လက်ရှိဝေးလံသီခေါင်ပြီး အိမ်ခြေနည်း၍ ကျောင်းသားနည်းသော်လည်း မူလတန်းတွင် အတန်းစုံ(၅)တန်း ရှိပါတယ်။ ဒါကြောင့် ဆရာ (၂)ဦး ပုံသေမထားဘဲ ကျောင်းသားများ၏ လိုအပ်တဲ့ ကျောင်းများမှာ (၃)ဦးအထိ လျှော့ပေါ့စဉ်းစားပေးသင့်ကြောင်း ဆွေးနွေးတင်ပြလိုပါတယ်။

အချို့ကျောင်းများမှာ ယနေ့တိုင် ကျောင်းအုပ် တစ်ဦးဖြင့်သာ သင်ကြားနေတဲ့ ကျောင်းတွေ တွေ့နေရပါသေးတယ်။ မူလတန်းတွဲဖက်ကျောင်းများ၊ မူလတန်း(ခွဲ)ကျောင်းများမှာ လောလောဆယ် ပညာရေး ကောလိပ်ဆင်းများ မရနိုင်ရင်တောင်မှ ဒေသခံဘွဲ့ရလူငယ်များကို ဆွဲခန့်အဖြစ် မဖြစ်မနေ ခန့်ထားပေးသင့်ကြောင်း ဆွေးနွေးလိုပါတယ်။ အစိုးရခန့် ဆရာ မရှိ၍ ဒေသခံပြည်သူများမှ နှစ်စဉ်ဆရာငှားရမ်းနေရတဲ့ ဝန်ထုပ်ဝန်ပိုးကို ဖြေရှင်းပေးရာလည်း ရောက်မှာ ဖြစ်ပါတယ်။ ဆင်းရဲတွင်းနက်နေတဲ့ ကျေးလက်မှ မိဘများဟာ စားဝတ်နေရေးအတွက် တစ်ဖက်က ရုန်းကန်ကြိုးပမ်းနေရတဲ့အပြင် သားသမီးများရဲ့ ပညာရေးအတွက် နှစ်ပေါင်းများစွာ ဆရာ ငှားရမ်းနေရတဲ့ ဝန်ထုပ်ဝန်ပိုးဖြင့်သာ ခေါင်းမထောင်နိုင်အောင် နှစ်စဉ်သံသရာလည်နေကြပါတယ်။ ဒါကြောင့်လည်း ကျောင်းတွေက ယနေ့တိုင် အချို့နေရာမှာ ဝါးကျောင်းတွေ ယနေ့တိုင် ထင်ရှားစွာ ရှိနေပါသေးတယ်။

မူလတန်းကျောင်းရှိတဲ့ ရွာနဲ့ (၃)မိုင်၊ (၄)မိုင် ဝေးတဲ့ ရွာက မူတွဲဖက်၊ မူခွဲ၊ ဘကကျောင်း မဖွင့်လို့ မဖြစ်ပါဘူး။ သူငယ်တန်း၊ ပထမတန်း၊ ဒုတိယတန်း၊ တတိယတန်း ကျောင်းသားအရွယ်တွေ ကျောင်းသွားတက်ဖို့ မဖြစ်နိုင်ပါဘူး။ ချောင်းများ ခြားနေပါက ပို၍ပင် မလွယ်ကူပါဘူး။ ဒါကြောင့် မူတွဲ၊ မူခွဲတွေမှာ နိုင်ငံတော်မှ မဖြစ်မနေ ဆရာတစ်ဦး ကျောင်းဖွင့်ခွင့်ရတာနဲ့ ခန့်ထားပေးသင့်ကြောင်း ဆွေးနွေးတင်ပြလိုပါတယ်။ အ.လ.က ကျောင်းတွင် သွားတက်တဲ့ ကလေးတွေဟာ အ.လ.က ကျောင်းမှာ အနီးအနားကျေးရွာ (၁၀)မိုင်၊ (၁၅)မိုင်၊ (၁၂)မိုင်လောက်ရှိတဲ့ ရွာတွေက အလယ်တန်းကျောင်း သွားတက်တဲ့ ကလေးတွေ

(၅)တန်း၊ (၆)တန်း၊ (၇)တန်း၊ (၈)တန်းကျောင်းသားတွေဟာ သူတို့ အ.လ.ကကျောင်းမှာ ကျောင်းသွားတက်တဲ့နေရာမှာ ဘော်ဒါဆောင်တွေ မရှိတဲ့အတွက်ကြောင့်မို့လို့ သူတို့ဟာ တဲထိုးပြီးတော့မှ ကြက်ခြံသာသာ တဲလေးတွေထိုးပြီးတော့မှ အလယ်တန်းပညာကို ကျေးလက်မှာ သင်ယူနေကြတာကို ကျွန်တော်တို့ ကွင်းဆင်းတဲ့အခါမှာ တွေ့မြင်ရပါတယ်။ ဒါကြောင့် နိုင်ငံတော်ကနေပြီးတော့မှ အ.လ.ကကျောင်းတွေကိုမဖြစ်မနေ ဘော်ဒါဆောင်တွေ ဆောက်ပေးသင့်ကြောင်းလည်း အကြံပြုဆွေးနွေးလိုပါတယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အ.လ.က(ခွဲ)အဆင့် တိုးမြှင့်ခြင်းနဲ့ ပတ်သက်လို့ တင်ပြလိုပါတယ်။ ပညာရေးမှုမှာ အလယ်တန်းကျောင်းသား ဘယ်လောက်ရှိရမယ်ဆိုတဲ့ မူနဲ့ ပေးနေတာတွေ တွေ့ရပါတယ်။ လွှတ်တော်ထဲမှာလည်း ပညာရေးနဲ့ပတ်သက်လို့ အ.လ.က(ခွဲ)ကျောင်းများရရှိနိုင်ရန် မေးခွန်းတွေမေးကြပါတယ်။ ဝန်ကြီးကလည်း လာဖြေတဲ့အခါ ဘယ်မူလွန်ကျောင်းကတော့ အလယ်တန်းကျောင်းသားသတ်မှတ်ချက်၊ ပညာရေးမူအရ ပြည့်မီတဲ့အတွက် ဘယ်ဘဏ္ဍာရေးနှစ်မှာတော့ တိုးမြှင့်ပေးမယ်ဖြစ်ကြောင်းနဲ့ အလယ်တန်းကျောင်းသား သတ်မှတ်ချက်မူနဲ့ မပြည့်မီတဲ့အတွက် အစီအစဉ် မရှိသေးပါကြောင်း စသဖြင့် လာရောက်ရှင်းလင်းနေတာ အမြဲလိုကြားသိနေရပါတယ်။ ကျွန်တော့်အနေနဲ့လည်း ကျွန်တော့်မြို့နယ်မှာ မြို့နဲ့ မိုင်(၈၀)ကျော်၊ မိုင်(၇၀)ကျော် ဝေးတဲ့ မူလွန်ကျောင်းတွေကို အ-လ-က(ခွဲ) မရှိမဖြစ် လိုအပ်တဲ့ကျေးရွာတွေ ရှိနေပါတယ်။ လွှတ်တော်ထဲမှာ ကြယ်ပွင့်ပြမေးခွန်းနဲ့ မေးရင်လည်း ဝန်ကြီး ပြန်လာဖြေရင် ကျောင်းသားဦးရေ ဘယ်လောက်ပဲရှိတဲ့အတွက် အစီအစဉ် မရှိသေးပါကြောင်းလို့ပဲ ပြန်လည်ဖြေကြားပေးမှာကို ကြိုတင်သိရှိနေပါတယ်။

ဒါပေမဲ့ မြို့နဲ့ အလှမ်းဝေးပြီး မူလတန်းလွန်ပြီး၍ အလယ်တန်းပညာသင်ကြားနိုင်တဲ့ အနာဂတ်လူငယ်တွေအတွက် မတင်ပြလို့ မဖြစ်တဲ့အတွက် အခက်အခဲများစွာကို အကြောင်းပြုပြီး ကြယ်ပွင့်မပြမေးခွန်းအဖြစ် မေးမြန်းရတဲ့အခြေအနေရှိပါတယ်။ ပညာရေးမူအရ ကျောင်းသားဦးရေမပြည့်ရင်တောင် လျှော့ပေါ့စဉ်းစားပေးမှသာလျှင် ကျွန်တော်တို့ ဝေးလံသီခေါင်တဲ့ ဒေသတွင်းရှိ အနာဂတ် မျိုးဆက်သစ်လူငယ်တွေရဲ့ ပညာရေးအတွက် အထူးအဆင်ပြေလာမှာ ဖြစ်ပါ၍ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍတွေမှာ တစ်နိုင်ငံလုံး မူကို မကြည့်ဘဲ ချွင်းချက်နဲ့ ဦးစားပေးအစီအစဉ်ဖြင့် လျှော့ပေါ့စဉ်းစားပေးသင့်ပါကြောင်း အကြံပြုဆွေးနွေး တင်ပြလိုပါတယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျန်းမာရေးကဏ္ဍနဲ့ ပတ်သက်ပြီး အကြံပြုဆွေးနွေးတင်ပြလိုပါတယ်။ သူနာပြုသားဖွားဆရာမများနဲ့ ပတ်သက်လို့ ကျန်းမာရေးဝန်ကြီးဌာနမှရွေးချယ်၍ သင်တန်းတက်ရောက်ခွင့်ရသော သူနာပြုသားဖွားဆရာမများကိုလည်း အချိန်ကြန့်ကြာမှုမရှိဘဲ လစ်လပ်တဲ့နေရာများမှာ အမြန်ဆုံးအလုပ်ခန့်ထားပေးရန် လိုအပ်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနမှ ခေါ်ယူတဲ့သင်တန်းများတွင် အခြေခံပညာအထက်တန်း (၁၀)တန်းကို အခြားပြည်နယ်/တိုင်းများက အောင်လာလျှင် လျှောက်ထားခွင့်မရှိတဲ့မူကို ပြန်လည် ပြင်ဆင်သင့်ပါကြောင်း ဝေးလံသီခေါင်တဲ့ဒေသတွင် မိဘနှစ်ပါးနှင့် အတူပုံစံ(၁၀)တွင် ရှိနေပါက ဒေသခံမှန်ပြီး အမှန်တကယ် မိမိဒေသတွင် တာဝန်ထမ်းဆောင်လိုသူမှန်ကန်လျှင် ဝေးလံသီခေါင်တဲ့ မိမိဒေသရှိ မြို့နယ်များမှာ လျှောက်ထားခွင့်ပြုရန် အထူးလိုအပ်မှာ ဖြစ်ပါတယ်။ ဒါကြောင့် အထက်ပါဆေးပညာဦးစီးဌာနရဲ့ မူ၊ စည်းမျဉ်းများကိုလိုအပ်သလို ပြန်လည် ပြုပြင်ပေးသင့်ပါကြောင်း အကြံပြု ဆွေးနွေးလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဝေးလံသီခေါင်တဲ့ တိုင်းရင်းသားများ နေထိုင်ရာဒေသများသွားလာရေးခက်ခဲလှတဲ့ ဒေသများရှိ ဆေးရုံများ၊ တိုက်နယ်ဆေးရုံများတွင် ယနေ့တိုင်လက်ထောက်ဆရာဝန်များ မရှိပါ။ ဥပမာ ကျွန်တော်တို့ မင်းတပ်မြို့နယ်မှာ တိုက်နယ်ဆေးရုံတစ်ရုံ ရှိပါတယ်။ ဝမ္မသူး တိုက်နယ်ဆေးရုံဖြစ်ပါတယ်။ ယခုဆိုလျှင် (၂၅)နှစ်တိုင်တိုင် ဆရာဝန်မရှိတော့ပါ။ ခန့်ထားလျှင်လည်း မလာခင် နုတ်ထွက်စာ တင်ကြပါတယ်။ ဆေးရုံကြီးလည်းပျက်စီးယိုယွင်း နေပြီဖြစ်ပါတယ်။ ပြန်လည်ပြုပြင်ပေးသင့်တဲ့အဆင့် ရောက်နေပါပြီ။ အဲဒီလိုပဲအခြားဝေးလံသီခေါင်တဲ့ ဒေသတွေမှာလည်း တိုက်နယ်ဆေးရုံမှာ ဆရာဝန် မရှိတာ။ ကျေးလက်ကျန်းမာရေးဌာနမှာ ကျန်းမာရေးမှူး မရှိတာတွေ မြန်မာနိုင်ငံအနှံ့အပြားမှာ လွှတ်တော်ကိုယ်စားလှယ်ကြီးများ တင်ပြနေတာ ကြားသိနေရပါတယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မနက်က ကျွန်တော့်မေးခွန်းမှာ တင်ပြသလို ဒေသခံတွေ လုပ်နိုင်တဲ့ ဆရာဝန်တွေ ရှိနေပါတယ်။ ဒါကြောင့်မဖြစ်မနေ ခန့်ထားပါလို့ လွှတ်တော်မှာ အကြိမ်ကြိမ်တင်ပြ ဆွေးနွေးနေရတာဖြစ်ပါတယ်။ ဆရာဝန်လုပ်မယ့် ဆေးပညာတတ်မှ ဖြစ်မှာဖြစ်ပါတယ်။ ဒါကြောင့် ဆရာဝန်လုပ်မယ့်ကျေးလက်ဒေသနေ ပြည်သူတွေကို စောင့်ရှောက်ပေးမယ့် ဆရာဝန်ကို ရာထူးဝန်အဖွဲ့ကနေမြန်မာစာ၊ အထွေထွေဗဟုသုတ မေးမြန်းပြီးတော့မှ ကျွန်တော်တို့ အရည်အချင်းကို

ခွဲခြားတာကရော ခေတ်စနစ်နဲ့ ကိုက်ညီပါရဲ့လား။ ဒါလေးလည်း ကျွန်တော် မေးမြန်းချင်ပါတယ်။ အခု ကျွန်တော် မနက်ကမေးခွန်းမှာ တင်ပြတဲ့အတိုင်းပဲ ကျွန်တော်ဆွေးနွေးတဲ့အခါမှာ ပညာရေးဝန်ကြီးကနေပြီးတော့မှ ပြန်လာဖြေတာ အားလုံးကြားသိပြီးဖြစ်ပါတယ်။ သို့သော်လည်းပဲ ကျွန်တော်မေးရတဲ့မေးခွန်း မေးရကျိုးနပ်တယ်လို့ပဲ ကျွန်တော် ယူဆပါတယ်။ ဘာကြောင့်လဲဆိုရင် ကျွန်တော်တို့ရဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကနေပြီးတော့ ဒီမေးခွန်းနှစ်ခုကို ဘာပဲဖြစ်ဖြစ် နိုင်ငံတော်ပြန်တမ်းမှာ ထည့်ပေးပါဆိုတဲ့ အကြံပြုလမ်းညွှန်မှု ရှိတဲ့အတွက်ကြောင့်မို့ ကျွန်တော့်မေးခွန်းဟာ လုံးဝမျှော်လင့်ချက် ရှိပါသေးတယ်ဆိုတာကို ကျွန်တော့်အနေနဲ့ ယူဆပြီးတော့မှ ကျွန်တော်တို့ ဝေးလံသီခေါင်တဲ့ဒေသက တိုင်းရင်းသားပြည်သူတွေရဲ့ကိုယ်စား အခုလို ဥက္ကဋ္ဌကြီးက လမ်းညွှန်အကြံပေးတဲ့အတွက် များစွာပဲ ကျေးဇူးတင်ရှိပါကြောင်းလည်း ပြောကြားလိုပါတယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဆေးပညာဦးစီးဌာနမှ ချမှတ်တဲ့ မူ၊ စည်းမျဉ်း အရ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှာ ဝေးလံသီခေါင်တဲ့ဒေသမှ ဆေးပညာကို မကွေးဆေးတက္ကသိုလ်မှာ (၃၄)ဦးစတင် လက်ခံကြောင်း ကြားသိရတဲ့အတွက်ကြောင့် အင်မတန် ဂုဏ်ယူဝမ်းမြောက်မိပါတယ်။ ဒါပေမဲ့ လျှောက်ထားခွင့်စည်းမျဉ်းတွေ အမှန်တကယ် အောက်ခြေတွင် လက်တွေ့ကြုံနေရတဲ့ အခက်အခဲ၊ ဒေသခံ ဉာဏ်ရည်ကောင်းတဲ့ လူငယ်များနဲ့ မိဘများအတွက် အဟန့်အတားဖြစ်နေတဲ့ အချက်တစ်ချက်ကို မဲဆန္ဒရှင်ပြည်သူများရဲ့ တင်ပြချက်အရ ဆဋ္ဌမပုံမှန်အစည်းအဝေးတွင် အဆိုအဖြစ် တင်ပြထားတာလည်း ရှိပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ တင်ပြရရင် ဝေးလံသီခေါင်၍ သွားလာရေးခက်ခဲတဲ့ဒေသများရဲ့ ပညာရေးတွင် ဆရာလုံလောက်စွာ ဦးစားပေး ဒေသခံများ ခန့်ထားပေးရေးနဲ့ မူလွဲ၊ မူတွဲ ဝါးကျောင်းများ ဥပဓိရုပ်ကောင်းအောင် ဦးစားပေး ဆောက်လုပ်ပေးရေးနဲ့ ကျန်းမာရေးတွင်လည်း ဒေသခံသူနာပြု၊ သားဖွား၊ လက်ထောက်ဆရာဝန်များကိုလည်း မူ၊ စည်းမျဉ်းများကို လျှော့ပေါ့စဉ်းစားပြီး ဦးစားပေး ခန့်ထားပေးနိုင်ရေး မြို့နယ်ဆေးရုံ၊ တိုက်နယ်ဆေးရုံ၊ ကျန်းမာရေးဌာန၊ ကျန်းမာရေးဌာနခွဲများ၏ အဆောက်အအုံများ ဦးစားပေး ပြုပြင်ပေးနိုင်ပါမှ ဝေးလံသီခေါင်ပြီး လူမှုရေးခက်ခဲသော ဒေသခံပြည်သူများ ဒီမိုကရေစီ အသီးအပွင့်များကို ခံစားနိုင်ကြမှာဖြစ်ကြောင်း တင်ပြရင်း ချင်းပြည်နယ် မဲဆန္ဒနယ်

အမှတ်(၃)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးပေါလ်ထန်ထိုင်း ရဲ့ ဝေးလံသီခေါင်၍ လူမှုရေးခက်ခဲတဲ့ဒေသရှိ ပြည်သူများရဲ့ ပညာရေးနဲ့ ကျန်းမာရေး ဖွံ့ဖြိုးမှုရှိပြီးဒေသများထက် လျှော့ပေါ့၍ အထူးအစီအစဉ်ဖြင့် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။ အားလုံးကို လေးစားပါတယ်။

**အချိန်၊ ၁၂း၄၅။**

**ဥက္ကဋ္ဌကြီး။** ။ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာအေးမောင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၄၅။**

**ဒေါက်တာအေးမောင် ရခိုင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၁)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ ကြွရောက်လာကြတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာကြပါစေလို့ မေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်က ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)က ဒေါက်တာအေးမောင်ပါ။

ကျွန်တော်တို့ ဒီချင်းပြည်နယ်က ဦးပေါလ်ထန်ထိုင်း ရဲ့ ဝေးလံခေါင်းပါး၍ လူမှုရေး ခက်ခဲသောဒေသများရှိ ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေးအား ဖွံ့ဖြိုးမှုရှိသော ဒေသများထက် လျှော့ပေါ့၍ အထူးအစီအစဉ်ဖြင့် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်းအဆိုဟာ ကျွန်တော်တို့ စကားလုံး တစ်လုံးချင်းပြန်ကြည့်ရင် ဝေးလံတယ်၊ ခေါင်းပါးတယ်၊ လူမှုရေး ခက်ခဲတယ် ဆိုပြီးတော့ ကျွန်တော်တို့ ဖွံ့ဖြိုးမှုကို ဘယ်လောက်အထိ လုပ်ပေးဖို့ လိုတယ်ဆိုတာကို စကားလုံး တစ်လုံးချင်းမှာကို ကျွန်တော်တို့ တွေ့မြင်နေရပါတယ်။ ဖွံ့ဖြိုးပြီးတဲ့ဒေသ၊ ဖွံ့ဖြိုးမှုမရှိတဲ့ဒေသ နှစ်ခုရဲ့ ကွာခြားမှုကို ကျွန်တော်တို့ တွေ့ကြရမှာဖြစ်ပါတယ်။

အဲဒါကြောင့် ကျွန်တော်တို့ ဒီ အဆိုရှင်ရဲ့ အဆိုဟာ ကျွန်တော်တို့ရဲ့ ပြီးခဲ့တဲ့ကာလ ပြည်ထောင်စုကြီးရဲ့ ဖြတ်သန်းလာခဲ့တဲ့ အခြေအနေအကုန်လုံးနဲ့ လက်ရှိကျွန်တော်တို့ သွားမယ့် လမ်းကြောင်း ကျွန်တော်တို့အပေါ်မှာ သတိပေးလိုက်တာ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ဟာ သိကြပြီးတဲ့အတိုင်းပါ။ ကျွန်တော်တို့ရဲ့ အမျိုးသားဖွံ့ဖြိုးတိုးတက်မှုနဲ့

ပတ်သက်လို့ Conprehensive Development Plan ကို ကျွန်တော်တို့ကို ချပြပေးခဲ့ပါတယ်။ နှစ်ပေါင်း(၂၀)လောက် သွားမယ်လို့ သိပါတယ်။ အဲဒီမှာ လူမှုစီးပွားနဲ့ပတ်သက်တဲ့ မူဝါဒလည်း ပါ ပါတယ်။ တစ် အချက်ကတော့ဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီးတွေ အချိုးမျှတပြီးကာမှ ဖွံ့ဖြိုးမှုရှိအောင်ဆိုတဲ့ ရည်မှန်းချက် ရှိပါတယ်။ ဒုတိယတစ်ချက် ဆင်းရဲချမ်းသာ ကွာဟမှု ရှိပါတယ်။ ရှိတယ်လို့ အဲဒါကို ကွာဟမှုကို လျော့အောင် လုပ်မယ်ဆိုတဲ့ သဘော တွေ့ပါတယ်။ တစ်နည်းအားဖြင့် ဆင်းရဲမှုနဲ့ ချမ်းသာမှု၊ ကျေးလက်နဲ့ မြို့ပြကွာဟမှုကို ကျဉ်းအောင် လုပ်မယ်ဆိုတဲ့ သဘောပါ။

နောက်တစ်ခုက လူနေမှု အဆင့်အတန်း နိမ့်နေတာတွေကို မြင့်အောင် လုပ်မယ်ဆိုတဲ့ ဦးတည်ချက် မူဝါဒ ချထားပါတယ်။ အဲဒီနောက်မှာမှပဲ ကျွန်တော်ရဲ့ နှစ်ပေါင်းများစွာ ကြုံတွေ့ခဲ့ရတဲ့ စာရင်း၊ ဇယားတွေရဲ့ မှန်ကန်မှု မရှိတာကို သက်သေပြပြီးကာမှ စာရင်းဇယား တိကျမှန်ကန်ရေးဆိုတဲ့ ဦးတည်ချက်နဲ့ ကျွန်တော်တို့ရဲ့ မည်သည့်စီမံကိန်းကိုမဆို ရေးဆိုတဲ့ အခါမှာ မှန်ကန်တဲ့ စာရင်းဇယားတွေ တိကျခိုင်မာမှု၊ ဒီတိကျခိုင်မာတဲ့ စာရင်းဇယားတွေကို အခြေပြုထားတဲ့ စီမံကိန်း၊ စီမံကိန်းပေါ်မှာ ပြန်လည်သုံးသပ်ထားမှုဟာ စီမံကိန်းရလဒ် အကောင်အထည်ဖော်မှုကို အကုန်လုံးဟာ ကျွန်တော်တို့ရဲ့ Year by Year သွားတဲ့ စီမံကိန်းတိုင်းကို လူထုရဲ့ ဝေဖန်တွေ့ရှိချက်တွေ၊ ကျွန်တော်တို့ လွှတ်တော်အမတ်တွေ၊ ကျွန်တော်တို့ရဲ့ နိုင်ငံရေးပါတီတွေ၊ အစိုးရအဖွဲ့ဝင်တွေ အကုန်လုံးရဲ့ တွေ့ရှိချက်တွေနဲ့ အပြန်အလှန် သုံးသပ်ပြီးမှ ကျွန်တော်တို့ ဝေဖန်ကြတဲ့အပိုင်း ဖြစ်လို့ အင်မတန် အရေးကြီး ပါတယ်။

အဲဒီတော့ ကျွန်တော်တို့ဟာ အပြန်အလှန် သုံးသပ်ဖို့ လိုပါတယ်။ ကျွန်တော်တို့ရဲ့ ကျေးလက်ဒေသတွေ ဘာကြောင့် ဖွံ့ဖြိုးမှုနိမ့်ကျနေတာလဲ။ တကယ်ရေခံ၊ မြေခံ မရှိဘဲနဲ့ ဖွံ့ဖြိုးမှု နိမ့်ကျနေတာလား၊ ရေခံ၊ မြေခံရှိလျက်နဲ့ ဖွံ့ဖြိုးမှုနိမ့်ကျနေတာလားဆိုတာ သုံးသပ်ဖို့ လိုပါတယ်။ တကယ်တမ်း ကျေးလက်လူထုရဲ့ စီးပွားရေး အခြေအနေ၊ လူမှုဘဝစီးပွားရေး အခြေအနေ ဘယ်လိုအခြေအနေ ရှိသလဲ။ ဒီလူမှုဘဝ စီးပွားရေးအခြေအနေဟာ နိမ့်ကျလို့ ကျန်းမာရေး ကာကွယ်စောင့်ရှောက်မှုကဏ္ဍ ကျဉ်းမြောင်းနေတာလား၊ ကျေးလက်နဲ့ မြို့ပြ၊ အဲဒီလိုပဲ ပညာရေးကဏ္ဍနဲ့ပတ်သက်လို့ ကျေးလက်နဲ့ မြို့ပြပညာရေး စောင့်ရှောက်မှုကဏ္ဍ ကွာဟနေ တာလား ဆိုတာကို ကျွန်တော်တို့ အပြန်အလှန် သုံးသပ်ဖို့ လိုပါတယ်။

အဲဒီတော့ ကျေးလက်လူထု၊ တစ်နည်းအားဖြင့် တစ်နိုင်ငံလုံးရဲ့ ၈၀ ရာခိုင်နှုန်းကျော် ၉၀ လောက်ရှိတဲ့ ကျေးလက်လူထုရဲ့ စီးပွားရေးအခြေအနေ ပြန်လည်ကောင်းမွန်ဖို့ ကျွန်တော်တို့မှာ အစီအမံတွေ လုပ်ပေးဖို့ လိုပါတယ်။ အဲဒီတော့ ကျေးလက်ဒေသတစ်ခုဟာ ကျွန်တော်တို့ရဲ့ နယ်စွန်နယ်ဖျား တိုင်းဒေသကြီးပြည်နယ်အနှံ့မှာရှိတဲ့ ဒေသတစ်ခုဟာ ကျွန်တော်တို့ရဲ့ ရေခံ၊ မြေခံ၊ အခြေခံ Resources တွေ ရှိပါလျက်နဲ့ မငြိမ်းချမ်းလို့ မဖွံ့ဖြိုးလို့၊ ကျွန်တော်တို့ရဲ့ လိုအပ်တဲ့ Infrastructure ပိုင်းဖြစ်တဲ့ လျှပ်စစ်ကဏ္ဍတို့၊ တခြားလမ်းပန်း ဆက်သွယ်ရေးကဏ္ဍတို့ မတည်ဆောက်ပေးခဲ့ကြလို့ ခုနက စီးပွားလူမှုဘဝတွေ နိမ့်ကျပြီးကာမှ ပညာရေး၊ ကျန်းမာရေးကဏ္ဍမှာ ကွာဟမှုကို ဖွံ့ဖြိုးမှုရှိတယ် ဆိုတဲ့ ပြည်မနဲ့၊ တစ်နည်းအားဖြင့် ဖွံ့ဖြိုးပါတယ်လို့ သတ်မှတ်ထားတဲ့ နေရာ၊ ဒေသတွေနဲ့ ကွာဟမှုမှာ အင်မတန်မှ များပြားနေ သလားဆိုတာကို ကျွန်တော်တို့ လုံးချာပတ်ချာ သုံးသပ်ကြဖို့ လိုပါတယ်။ အဲဒါကြောင့် ကျွန်တော် ခုနက ဦးပေါလ်ထန်ထိုင်း အဆိုပြုတဲ့ကဏ္ဍလေးမှာ ကျွန်တော်တို့ရဲ့ အနုလုံပဋိလုံ ဖြစ်အောင် ကျွန်တော်တို့ရဲ့ ကျေးလက်ဒေသ အထူးသဖြင့် နယ်စွန်နယ်ဖျား ဝေးလံခေါင်ပါးပြီးကာမှ လူမှုရေးခက်ခဲတဲ့ဒေသတွေမှာ ကျွန်တော်တို့ရဲ့နိုင်ငံတော်ဟာ ဘယ်လို Project တွေ၊ ဘယ်လို ပြည့်စုံပြီးကာမှ ပြုပြင်ပြောင်းလဲရေး စီမံကိန်းတွေကို လုပ်ရင် ကျွန်တော်တို့ရဲ့ အနာဂတ်ဘဝ ဖွံ့ဖြိုးမလည်း ဆိုတာလေးကို ကျွန်တော် အချက်ကလေး သုံး၊ လေး၊ ငါးချက်လောက် ထောက်ပြပြီးကာမှ တင်ပြချင်ပါတယ်။

ဘာကြောင့်လဲဆိုလို့ရှိရင် ကျွန်တော်တို့ရဲ့ ကျေးလက်ဒေသကို ပြန်ကြည့်ရင် ကျေးလက်ဒေသမှာ စိုက်ပျိုးရေးရှိတယ်၊ မွေးမြူရေးရှိတယ်။ ဒီကျေးလက်ဒေသရဲ့ စိုက်ပျိုးရေး၊ မွေးမြူရေး ၊ ဒီဟာတွေကို အခြေပြုပြီးကာမှ ကျေးလက်ဒေသတွင် စက်မှုလက်မှုလုပ်ငန်းတွေ၊ ဒီရိတ်သိမ်းချိန်လွန် မွေးမြူရေးချိန်လွန်ကာလမှာ ဒီလယ်သမားထုကို အလုပ်ပေးမယ့် လုပ်ငန်းခွင်တွေ ဒီဒေသမှာ တကယ်တမ်း မြို့ပြတည်ဆောက်မှုလိုပဲ ကျေးလက်ဒေသရဲ့ လမ်းပန်း၊ လျှပ်စစ်ဓာတ်အား စသည်ဖြင့် ကျွန်တော်တို့ရဲ့ မီးဖိုချောင်သုံးအထိ ဖွံ့ဖြိုးမှု စံ တစ်ခုကို ရအောင် ဖွံ့ဖြိုးနိုင်တဲ့ စီမံကိန်းတွေ မလုပ်ပေးသင့်ဘူးလားဆိုတဲ့ အယူအဆ လိုပါတယ်။

အဲဒီတော့ ကျွန်တော်တို့ရဲ့ ကျေးလက်ဒေသဖွံ့ဖြိုးနေမှ ကျေးလက်မှာ ရှိတဲ့ လူမှုဘဝ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်နေမှ ကျွန်တော်တို့ရဲ့ ကျေးလက်ဒေသမှာ ရှိတဲ့ လူတွေဟာ ခုနက

ဦးခင်မောင်လတ် တင်ပြခဲ့သလို ကျေးလက်မှာပျော်ပြီး၊ ကျေးလက်ဒေသရဲ့ စီးပွားရေး ခိုင်မာမှ ကျေးလက်ဒေသမှာရှိတဲ့ ကျန်းမာရေး၊ ပညာရေးကို ကျွန်တော်တို့က အပြန်အလှန် မြှင့်တင်နိုင်မှ ကျေးလက်မှာပျော်တဲ့ ကျေးလက်ကို အခြေပြုတဲ့ စိုက်ပျိုးရေးကို အခြေပြုတဲ့နိုင်ငံကြီးတစ်ခုဟာ ကျွန်တော်တို့ရဲ့ မြို့ပြကို ပြောင်းရွှေ့မှု မများဘဲနဲ့ ကျေးလက်မြို့ပြဖွံ့ဖြိုးမှု တူညီမျှတပြီးကာမှ ဖွံ့ဖြိုးလာမှာ ဖြစ်နိုင်တယ်လို့ ကျွန်တော် ယူဆပါတယ်။

အဲဒါကြောင့်မို့လို့ ကျေးလက်ဒေသပြုပြင် ပြောင်းလဲမှုအတွက် ပထမ ဘာလိုမလဲ။ ကျွန်တော်တို့ ယူဆတာကတော့ဖြင့် ကျွန်တော်တို့ဟာ ကျေးလက်လယ်ယာကို ပြုပြင်ပြောင်းလဲဖို့ လိုပါတယ်။ ကျေးလက်လယ်ယာနဲ့ပတ်သက်လို့ စနစ်ကို ပြုပြင်ပြောင်းလဲဖို့ လိုပါတယ်။ Cropping Pattern ကို ပြောင်းဖို့ လိုပါတယ်။ အဲဒီတော့ ဒီပထမ သမားရိုးကျ စပါးစိုက်ပျိုးတဲ့အခြေခံကနေပြီးမှ စက်မှုကုန်ကြမ်းသီးနှံ၊ နောက်တစ်ခြား ကောက်ပဲသီးနှံ၊ နောက် မွေးမြူရေးနဲ့ ပတ်သက်တဲ့ သီးနှံ၊ အဲဒါမျိုးတွေကို ကျွန်တော်တို့က Patterns ကိုပြောင်းဖို့ လိုပါတယ်။ ဒီ Patterns ပြောင်းဖို့အတွက် ဘာလိုသလဲ။ ကျေးလက်လူထု စိုက်ပျိုးရေးကို အခြေခံတဲ့ ကျေးလက်လူထုရဲ့ ခုနက ရင်းနှီးမြှုပ်နှံမှုကို မြှင့်တင်ပေးဖို့ နိုင်ငံတော်မှာ လိုပါတယ်။ အဲဒီအတွက် ကျွန်တော်တို့ရဲ့ အထူးချေးငွေ အတိုးနှုန်းနိမ့်နိမ့်နဲ့ ကာလရှည် စိုက်ပျိုးရေးစရိတ် ချေးငွေတွေကို မတည်ပေးဖို့လိုပါတယ်။

အဲဒီလိုပဲ ခုနက စိုက်ပျိုးရေး Patterns ကို ပြောင်းလဲပြီးကာမှ ထွက်လာတဲ့ လုပ်ငန်းတွေအပေါ်မှာ ထွက်လာတဲ့ သီးနှံပေါ်မှာ နိုင်ငံတော်က ဒီကောက်ပဲသီးနှံဈေးတွေ မကျဖို့အတွက် Back up ပေးနိုင်မယ့်၊ Back up လုပ်ပေးမယ့် System ကျွန်တော်တို့မှာ လိုပါတယ်။ အဲဒီလိုပဲ ကျွန်တော်တို့ရဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးတွေနဲ့ နှီးနွယ်နေတဲ့ ခုနကလို ဌာနဆိုင်ရာတွေက ကျေးလက်အရောက် ဒီကျေးလက်မှာ စိုက်ပျိုးရေးနဲ့ပတ်သက်လို့ အချိန်တွေ ဘယ်လိုရှိတယ်။ သင့်လျော်တဲ့ ကိုယ်ကြိုက်တဲ့ သီးနှံကို ရွေးချယ်စိုက်ပျိုးပိုင်ခွင့် စနစ်တစ်ခုကို သွတ်သွင်းပြီးကာမှ ကျေးလက်အရောက် ကျွန်တော်တို့ နည်းပညာတွေ၊ ဘယ်လိုစိုက်ပျိုးမယ်။ ဘယ်လို ရိတ်သိမ်းချိန်လွန် လုပ်မယ်၊ ဘယ်လိုမြေ ပြုပြင်မယ်ဆိုတဲ့ မြေဩဇာ ဘယ်လိုပေးမယ်၊ ထွက်တဲ့သီးနှံကို ဘယ်လို သိုလှောင်မယ်၊ ဘယ်လို ဈေးကွက် အရောက် ပို့မယ်ဆိုတဲ့ အစီအစဉ်မျိုးတွေ လိုပါတယ်။ အဲဒီလိုပဲ Back up ၊ ခုနက စိုက်ပျိုးရေးဈေးနှုန်းနဲ့ပတ်သက်လို့

Back up လုပ်ပေးတဲ့ System မှာ Market ကို ကျွန်တော်တို့ ဖန်တီးပေးဖို့ လိုပါတယ်။ ပြည်တွင်း၊ ပြည်ပ Market တွေ လုပ်ပေးဖို့ လိုပါတယ်။ အဲဒီလိုမျိုးနဲ့ ကျွန်တော်တို့ရဲ့ စိုက်ပျိုးရေးကဏ္ဍကို မြှင့်တင်ပေးဖို့ လိုပါတယ်။

အဲဒီလိုပဲ မွေးမြူရေးကဏ္ဍမှာ ပြန်ကြည့်ရင်လည်း ကျွန်တော်တို့ဟာ အင်မတန် နိမ့်ကျနေပါတယ်။ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေးနဲ့ တွဲဖက်နိုင်တဲ့ ခုနက Integrateded Farmming System လေးတွေကို Introduce လုပ်တဲ့အခါမှာ အင်မတန်ကို ဝမ်းသာအားရ ဖြစ်မိပါတယ်။ အဲဒီတော့ ကျွန်တော်တို့ရဲ့ ကျေးလက်မွေးမြူရေးကဏ္ဍဟာ စိုက်ပျိုးရေးကဏ္ဍနဲ့ တွဲဖက်ပြီးကာမှ တစ်နိုင်တစ်ပိုင် ကနေ စီးပွားဖြစ် မွေးမြူရေး ရှိလာအောင် နွားခြံနဲ့ ကြက်ခြံနဲ့ ခုကနလို မွေးမြူရေးဖြစ်တဲ့ နွားခြံလေးတွေ၊ တခြား တစ်နိုင်တစ်ပိုင် မွေးမြူရေးခြံလေးတွေကို ကျွန်တော်တို့ ရေချိန်မြှင့်နိုင်အောင် ကျွန်တော်တို့ရဲ့ ခုနက တင်ပြခဲ့တဲ့ ဈေးငွေ လုပ်ငန်းဟာ ရေတိုမဟုတ်ဘဲနဲ့ ရေရှည်မှာ အတိုးနှုန်းနည်းနည်းနဲ့ ကျွန်တော်တို့က ချေးပေးဖို့လိုပါတယ်။

အဲဒီလိုပဲ မိမိတို့ရဲ့ မွေးမြူထားတဲ့ မွေးမြူရေးလုပ်ငန်းနဲ့ ပတ်သက်တဲ့ ထွက်လာမယ့် တိရစ္ဆာန်များနဲ့ ပတ်သက်လို့လည်း လွတ်လွတ်လပ်လပ်ဈေးကွက် ဖန်တီးပေးဖို့ လိုပါတယ်။ အခုဆိုရင် ခိုင်းကျွဲ၊ နွားနဲ့ပတ်သက်လို့ သိကြပြီးတဲ့အတိုင်းပဲ။ ကန့်သတ်ထားတဲ့ အသက်အရွယ် ရှိပါတယ်။ အဲဒီတော့ ကျွဲ၊ နွားနဲ့ပတ်သက်လို့ လွတ်လွတ်လပ်လပ် မွေးမြူနိုင်အောင်၊ ကျွန်တော်တို့ရဲ့ မြန်မာ့ကျွဲ၊ နွားတွေကို နိုင်ငံခြား၊ ပြည်တွင်းပြည်ပမှာ အသက်အရွယ်မရွေး လွတ်လွတ်လပ်လပ် ရောင်းဝယ်ဖောက်ကားနိုင်အောင် မွေးမြူရေးကဏ္ဍကို မြှင့်တင်ပေးဖို့ ၁၉၆၀ ခုနှစ်ကျော်လောက်က ကန့်သတ်ထားတဲ့ အသက်ကန့်သတ်ထားတဲ့ ကျွဲ၊ နွားသတ်ဖြတ်ခွင့် တွေကို ပြန်လည်သုံးသပ်ဖို့ လိုပါတယ်။

အဲဒီလိုပဲ ချေးငွေ၊ Market ဖန်တီးပေးပြီးတဲ့အခါမှာ ခုနကလို ဒီဒေသမှာဖြစ်တဲ့ တိရစ္ဆာန်ရောဂါတွေကို ကုသနိုင်တဲ့ ဓာတ်ခွဲခန်းတွေ၊ ကုသတဲ့ နည်းလမ်းတွေနဲ့ လာရောက် ပညာပေးတဲ့စနစ်ကို ကျေးလက်လူထုကို Introduce လုပ်နိုင်မှ ဒီမွေးမြူရေးလုပ်ငန်းဟာလည်း ရေရှည်တည်တံ့ပြီးကာမှ ဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်။ အဲဒါနဲ့တစ်ဆက်တည်းမှာပဲ ခုနက ရိတ်သိမ်းချိန်လွန်ကာလ၊ မွေးမြူရေးအလွန်ကာလမျိုးတွေမှာ၊ အားလပ်တဲ့ကာလမျိုးတွေမှာ လယ်သမားတွေကို ဒီကျေးလက်မှာထွက်တဲ့ လယ်ယာသီးနှံ၊ တခြားဥယျာဉ်ခြံမြေထွက်သီးနှံ၊

တခြားဒေသထွက် သီးနှံတွေနဲ့ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းတွေကို လုပ်ကိုင်နိုင်ပြီးကာမှ ဒေသခံတွေ ဖွံ့ဖြိုးတိုးတက်နိုင်အောင် အိမ်တွင်းစက်မှုလက်မှုနဲ့ပတ်သက်တဲ့ ချေးငွေတွေကို တစ်ခါ ဖန်တီးပေးဖို့လိုပါတယ်။ ဒေသမှာ ထွက်တဲ့ ဇီးယို၊ တခြားပဲယို စသည်ဖြင့်၊ နှမ်းယို စသည်ဖြင့်၊ နာနတ်ယို စသည်ဖြင့် ဒီလုပ်ငန်းတွေကို ဖွံ့ဖြိုးတိုးတက်အောင် လုပ်ရမယ်။ တခြားလယ်ယာလုပ်ငန်းချိန်အပလေးမှာ ခုနက ကျွန်တော်တို့ ဒေသမှာ ဆိုလို့ရှိရင် တခြား ချည်ထည်ယက်လုပ်ငန်းတွေ ရှိပါတယ်။ ဒါတွေကို လုပ်နိုင်အောင် ကျွန်တော်တို့ မတည်ရင်းနှီးနိုင်အောင် ကျေးလက်လူထုကို ရင်းနှီးမြှုပ်နှံမှုကို စပြီးကာမှ ကျွန်တော်တို့ရဲ့ နိုင်ငံတော်ကပဲ ဖြစ်ဖြစ်၊ အခြားအထူးပြုကုမ္ပဏီကြီးတွေကပဲ ဖြစ်ဖြစ်၊ ချေးငှားပေးဖို့၊ မြေတောင်မြှောက်ပေးဖို့ လိုပါတယ်လို့ ကျွန်တော် တင်ပြချင်ပါတယ်။

အဲဒါနဲ့တစ်ဆက်တည်းပါ၊ ကျွန်တော်တို့ရဲ့ ဒီကျေးလက်ဒေသမှာ လုပ်ငန်းတွေ ဖွံ့ဖြိုးလာတဲ့အခါမှာ ခုနကလို ကျေးလက်နဲ့ မြို့ပြ ကွာဟမှု၊ တစ်နည်းအားဖြင့် ဖွံ့ဖြိုးမှုကွာဟမှု နည်းလာအောင် ကျေးလက်နဲ့အတူ မြို့ပြ ဖွံ့ဖြိုးလာအောင်၊ မြို့ပြနှင့်အတူ ကျေးလက် လိုက်ပါ ဖွံ့ဖြိုးလာနိုင်အောင် ကျွန်တော်တို့ရဲ့ ကျန်းမာရေး၊ ပညာရေး ကဏ္ဍတွေမှာ ကျွန်တော်တို့ ခုနက ကိုယ်စားလှယ်တော်ကြီးတွေ အကုန်လုံး ဆွေးနွေးခဲ့တဲ့အတိုင်းပါ။ ကျွန်တော်တို့ဟာ ဒေသမရွေး ကျွန်တော်တို့ရဲ့ မြန်မာနိုင်ငံထဲမှာရှိတဲ့ ဒေသတွေဖြစ်လို့ ဖွံ့ဖြိုးမှု အချိုးတူ မျှတအောင် ကျွန်တော်တို့ရဲ့ ကျန်းမာရေး၊ ပညာရေးနဲ့ပတ်သက်တဲ့ Policy တွေကို ပြန်လည်ပြုပြင်ဖို့ အချိန်ကျပြီလို့ ကျွန်တော် တင်ပြချင်ပါတယ်။

အဲဒါကြောင့် ဒီကဏ္ဍတွေအကုန်းလုံးဟာ ဆက်စပ်နေပါတယ်။ ကျေးလက်မှာပျော်တဲ့ ကျေးလက်စီးပွားရေးကို ဖွံ့ဖြိုးအောင် ဆောင်ရွက်နိုင်တဲ့ ကျေးလက်လူထုကို ကျေးလက်မှာ နေခိုင်းမှ၊ မြို့ပြကို ပြောင်းရွှေ့ပြီးကာမှ မြို့ပြမှာ အလုပ်လက်မဲ့ တသီတပိုးကြီးနဲ့ မြို့ပြမှာ လူဦးရေ ခေါင်ခိုက်နေတာမျိုးဟာ အင်မတန် ဆင်းရဲတဲ့နိုင်ငံတွေမှာမှ တွေ့ရတဲ့ အခြေအနေတွေပါ။ အဲဒါကြောင့် ကျွန်တော်တို့ရဲ့ နိုင်ငံရေးနဲ့ ပတ်သက်တဲ့ စီးပွားရေး Policy တွေကို ချတဲ့အခါမှာ ကျေးလက်ဒေသမှာ ဖွံ့ဖြိုးမှုတိုးတက်မှုရှိအောင်၊ ကျေးလက်လူထု ကျေးလက်မှာပျော်အောင်၊ ကျေးလက်ဒေသမှာရှိတဲ့ ကျန်းမာရေး၊ ပညာရေးအခြေအနေ မြေတောင်မြှောက်ပေးနိုင်တဲ့

အစီအမံတွေကို အခုအချိန်ကစပြီး ကျွန်တော်တို့ လုပ်နိုင်မယ်ဆိုရင် ကျွန်တော်တို့ဟာ အချိန်နောက်မကျနိုင်သေးဘူးလို့ သုံးသပ်နိုင်ပါတယ်။

အဲဒါကြောင့် ဦးပေါ်လျှံလွင် ရဲ့ ခုနက ဝေးလံခေါင်ပါးပြီးကာမှ လူမှုရေးခက်ခဲတဲ့ဒေသတွေ ဆိုတာကို ကျွန်တော်တို့ မြို့ပြကျေးလက်ထက် အင်မတန်ကိုမှ ဝေးလံခေါင်ပါးပါတယ်။ ကျွန်တော်တို့ဟာ အမေ့ခံထားခဲ့ကြတဲ့ဒေသတွေပါ။ အဲဒီတော့ မနက်ပိုင်းကလည်း ဒေါက်တာဦးဖေသက်ခင် ဆွေးနွေးတဲ့အပိုင်းတွေ ရှိပါတယ်။ ကျွန်တော်တို့ အင်မတန်ကို စိတ်မကောင်းဖြစ်ရပါတယ်။ တကယ်တမ်း P.S.C ဆိုတာ အစိုးရတစ်ရပ်နဲ့ ပတ်သက်လို့ပဲဖြစ်ဖြစ်၊ Policy Draft လုပ်ထားတဲ့ Peoples ၊ ခုနကလို ဝန်ထမ်းနဲ့ ပတ်သက်တဲ့ Selection Board ပါ၊ ခုနက ပညာရပ်ဆိုင်ရာကျွမ်းကျင်မှု လက်မှတ်တစ်ခုကို မြန်မာနိုင်ငံဆေးပညာကောင်စီက အပ်နှင်းထားပြီးသားဆိုလို့ရှိရင် တကယ်တမ်းသွားနိုင်မယ့်လူကို အဲဒီဒေသမှာရှိတဲ့ ခုနက ကျွန်တော်တို့ရဲ့နိုင်ငံသူ၊ နိုင်ငံသားတို့ရဲ့ ကျန်းမာရေးအတွက် တာဝန်ပေးသင့်ပါတယ်။ မသွားချင်တဲ့သူတွေကို နောက်တစ်ဆ၊ ဒေသခံတွေက ပြန်လည်ကောက်ခံပြီးပေးမှသွားမယ်ဆိုတဲ့ အတင်းအကျပ်သွားရတဲ့၊ ခိုင်းရတဲ့ ပုံစံမျိုးဟာ ကျွန်တော်တို့ရဲ့ လက်ရှိသွားရတဲ့ စနစ်နဲ့ မလျော်ညီတော့ပါဘူး။

အဲဒါကြောင့် ကျေးလက်ဒေသနဲ့ပတ်သက်လို့၊ ဝေးလံခေါင်ပါးတဲ့ဒေသနဲ့ ပတ်သက်လို့ ကျန်းမာရေး၊ ပညာရေးနဲ့ ပတ်သက်တဲ့ Policy တွေကို ချတဲ့အခါမှာ တကယ်တမ်း ကျေးလက်ဒေသမှာ ပညာရေး၊ ကျန်းမာရေးကဏ္ဍကို မြှင့်တင်ပေးနိုင်အောင် ကျွန်တော်တို့မှာ အစီအမံတွေချဖို့လိုပါတယ်။ ကျန်းမာရေးတစ်ခုနဲ့ပတ်သက်လို့ ကျွန်တော်တို့ တိုက်နယ်ဆေးရုံတွေဆိုလို့ရှိရင်လည်း အင်အားမြှင့်ဖို့ လိုပါတယ်။ မြို့နယ်တစ်ခုမှာ ခုတင်(၅၀)ခန့် ဆေးရုံတွေ၊ မြို့နယ်ခွဲတစ်ခုမှာ (၂၅)ခုတင်ဆံ့တဲ့ ဆေးရုံကြီးတွေ၊ တိုက်နယ်မှာ တကယ်ဆရာဝန် ပြည့်ပြည့်စုံစုံရှိတဲ့ တိုက်နယ်ဆေးရုံကြီးတွေ ကျေးလက်မှာ ခုနက ကျန်းမာရေးမှူးအခြေပြုတဲ့ ဆေးပေးခန်းတွေ၊ ကျေးရွာအခြေပြုတဲ့ သားဖွားဆရာမ အပါအဝင် သူနာပြုဆရာမ၊ ကျန်းမာရေးလုပ်သားတွေပါတဲ့ ဆေးခန်းတွေကို နိုင်ငံအနှံ့သာ တည်ဆောက်နေမယ်ဆိုရင် ကျွန်တော်တို့ ကြိုးစားပြီးကာမှ ကျန်းမာရေးနဲ့ ပညာရေးကဏ္ဍ (၂)ခု ကို ကျွန်တော်တို့ရဲ့ GDP ထဲက ကျွန်တော်တို့ဆွဲတင်နေကြတဲ့ ရာခိုင်နှုန်းတွေဟာ အဓိပ္ပာယ် ရှိသွားမှာပါ။ ကျွန်တော်တို့က ပြည်သူတွေရဲ့ကိုယ်စား ပြည်သူ့လွှတ်တော်တို့၊ အမျိုးသားလွှတ်တော်တို့၊ ပြည်ထောင်စုလွှတ်တော်တို့မှာ

ဆွေးနွေးတာ အကုန်လုံးဟာ ပြည်ထောင်စုတစ်ခုလုံးရဲ့ ကိုယ်စား နိုင်ငံ တစ်နံတစ်လျားမှာ ရှိတဲ့ လူထုကိုယ်စား ကျွန်တော်တို့တင်ပြတာမို့လို့ အလေးအနက်ထားဖို့လိုတယ်။ ပြည်ထောင်စု ဝန်ကြီးတွေ အပါအဝင် အကုန်လုံးကို မေတ္တာရပ်ခံပါတယ်။

ကျွန်တော်တို့ တင်ပြနေတာဟာ နိုင်ငံရဲ့ ပကတိအခြေအနေနဲ့ အတတ်နိုင်ဆုံး နီးစပ်တဲ့ဒေသက လာတဲ့ ဒေသခံတွေ ဖြစ်တာမို့လို့ ဒေသရဲ့ လစ်ဟင်းမှုတွေ၊ ပြည်ထောင်စုကြီးနဲ့ ပြည်မ ကွာဟမှုတွေကို ကျွန်တော်တို့ ပိုပြီး နားလည်ပါတယ်။ အဲဒါကြောင့် ကျေးလက်ဒေသမှာ အခြေခံပြီးတော့ လာကြတဲ့ တိုင်းရင်းသားဒေသတွေကို အခြေခံပြီးလာကြတဲ့ လွှတ်တော် ကိုယ်စားလှယ်တွေရဲ့ အသံလေးတွေ၊ ဆန္ဒလေးတွေဟာ တကယ့်ကို ဝေးလံခေါင်ပါးပြီး ဆင်းရဲတဲ့ဒေသတွေက လူထုရဲ့အသံ ဖြစ်တယ်ဆိုတာ ကျွန်တော်တို့ ပြောရပါတယ်။

အဲဒီလိုပဲ လူထုကလည်း ကျွန်တော်တို့ ပြောတဲ့ အသံတို့၊ ဆန္ဒတို့ဟာ လူထုရဲ့ဆန္ဒတွေနဲ့ တစ်ထပ်တည်းကျမယ်လို့ ယူဆပါတယ်။ အဲဒီလို လူထုရဲ့ဆန္ဒတွေ တစ်ထပ်တည်းကျတဲ့ ကျွန်တော်တို့ရဲ့ မျှော်မှန်းချက်တွေ အကောင်အထည်ဖော်ဖို့အတွက် ကျွန်တော်တို့ ပြည်ထောင်စုဝန်ကြီးဌာန အဆင့်ဆင့်မှာ တာဝန်ကြီးကြီးမားမားရှိတယ်။ လိုအပ်တဲ့ Policy တွေကို ပြောင်းလဲဖို့ အချိန်တန်ပြီလို့ ကျွန်တော်တို့ သုံးသပ်တင်ပြချင်ပါတယ်။ ကြွရောက်လာကြတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ ဦးပေါလ်ထန်ထိုင်း ဆွေးနွေးတဲ့အဆိုဟာ ကျွန်တော်တို့ ဗမာပြည်ရဲ့ မြန်မာနိုင်ငံရဲ့ လက်ရှိပကတိအခြေအနေနဲ့ ကိုက်ညီပြီးကာမှ ကျွန်တော်တို့ ကြိုးစားပမ်းစားလျှောက်ရမယ့် ဒီမိုကရေစီလမ်းကြောင်းအတွက် အဓိက အဟန့်အတား ဖြစ်နေတဲ့ ဗဟိုချုပ်ကိုင်မှု များပြီးကာမှ ခုနကလို ပြည်နယ်တိုင်းဒေသကြီး စတဲ့ ဒေသ၊ ခုနက လုပ်ပိုင်ခွင့်အာဏာ နည်းပါးမှုရဲ့ အဓိကအကျိုးဆက် ဖြစ်ပါတယ်။

အဲဒါကြောင့်မို့လို့ ဗဟိုချုပ်ကိုင်မှုကို လျှော့ပြီးကာမှ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရ တွေရဲ့လုပ်ပိုင်ခွင့်၊ ခုနက ဆရာဝန်ကအစ ကျန်းမာရေးဝန်ထမ်းအဆုံး ခန့်အပ်ခွင့်တွေကို ဒေသမှာလိုအပ်တဲ့နေရာမှာ ကျောင်း၊ ဆေးခန်းဆောက်ပိုင်ခွင့်တွေကို ဗဟိုအစိုးရက ဖြေလျှော့ ပြီးကာမှ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရတွေကိုပေးဖို့လည်းပဲ တင်ပြရင်း နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၃း၀၀။**

**ဥက္ကဋ္ဌ။** ။ယခုအဆိုနဲ့ ပတ်သက်ပြီး ဆွေးနွေးရန် ကျန်တဲ့ပုဂ္ဂိုလ်များကို မနက်ဖြန်မှာ ဆက်ပြီး ဆွေးနွေးဖို့ ရွှေ့ဆိုင်းပါတယ်။

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် စတုတ္ထနေ့အစည်းအဝေး ရပ်နားကြောင်းနှင့် ပဉ္စမနေ့အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၃း၀၀ ။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး စတုတ္ထနေ့ အစီအစဉ်ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး ပဉ္စမနေ့ကို ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ(၂၂)ရက်၊ အင်္ဂါနေ့၊ နံနက်(၁၀း၀၀)အချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။အားလုံးပြန်လည် ထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး စတုတ္ထနေ့ အစည်းအဝေးကို ၁၃း၀၀ နာရီအချိန်တွင် ရပ်နားပါသည်။]

ဒေသခံလုပ်နိုင်သူတွေ ရှားရှားပါးပါးရှိနေပါလျက်နဲ့ ရွေးချယ်မခန့်ထားပေးနိုင်တာဟာ ဒေသခံပြည်သူတွေရဲ့ ကျန်းမာရေးစောင့်ရှောက်မှု အပိုင်းကို များစွာထိခိုက်စေတယ်လို့ သုံးသပ်ပါတယ်။ ဒါကြောင့် ဝေးလံသီခေါင်ပြီး ခက်ခဲလှတဲ့ဒေသမှာ လုပ်နိုင်သူ၊ လုပ်ချင်သူ ရှိနေပါလျက်ဒေသအခက်အခဲပေါ် လက်တွေ့ဘဝနဲ့ကိုက်ညီအောင် တာဝန်ရှိလူကြီးမင်းများမှ လျှော့ပေါ့စဥ်းစားပေးသင့်ပါကြောင်း အကြံပြုရင်း လာမယ့်ဘတ်ဂျက်မှာ ဒီလိုအခက်အခဲတွေကို ဘယ်လိုဖြေရှင်းပြီး ခန့်ထားပေးနိုင်ပါမလဲဆိုတဲ့ မေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၅၀။**

**ဥက္ကဋ္ဌ**။ ။မေးခွန်းများနဲ့ ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၅၀။**

**ဒေါက်တာဖေသက်ခင် (ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ ကောင်းကျိုးမင်္ဂလာအဖြာဖြာနဲ့ ပြည့်စုံပါစေလို့ ဆုတောင်းမေတ္တာ ပို့ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီးအမှတ်(၆)မဲဆန္ဒနယ် အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာတင်ရွှေ ရဲ့ တိုင်းဒေသကြီးများနဲ့ ပြည်နယ်များမှာ နှစ်စဥ် ခွေးရူးရောဂါဖြစ်ပွားမှုနှုန်းနဲ့ ခွေးရူးကိုက်ခံရပါကကာကွယ်တဲ့ထိုးဆေးများ၊ မြန်မာနိုင်ငံဆေးဝါးစက်ရုံမှ ထုတ်လုပ်သောဆေးများ လုံလောက်မှု ရှိ/မရှိ ဆိုတဲ့မေးခွန်းနဲ့ ပတ်သက်ပြီးတော့ ပြည်ထောင်စုကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ ပြန်လည်ဖြေကြားပေးမှာ ဖြစ်ပါတယ်။ မေးခွန်းမေးမြန်းပေးတဲ့ ဆရာကြီးကိုလည်း ကျွန်တော်ကျေးဇူးအများကြီးတင်ပါတယ်။ မေးခွန်းက တိုတိုနဲ့ ဖြေရင် တိုတိုနဲ့ပြီးသွားမှာ ဖြစ်ပါတယ်။ ဒါပေမဲ့ အရေးကြီးတဲ့နောက်ခံ အကြောင်းရင်းကလေးတွေကို ကျွန်တော် တစ်ချက်လေး ပြောချင်ပါတယ်။

အဖြေကိုဖြေရမယ်ဆိုရင်တော့ ၂၀၁၀ ခုနှစ်အတွင်းမှာ ခွေးရူးဖြစ်ပွားတာ(၂၀၅) ယောက်ရှိပြီးတော့ (၂၀၅)ယောက်စလုံး  သေပါတယ်။ ၂၀၁၁ ခုနှစ်အတွင်းမှာ ခွေးရူးဖြစ်ပွားတဲ့သူ (၂၄၀)